http://www.dhammadownload.com

## ဆန္ဒနှင့် ပန်ကြား

နေလုံးကြီးကထွက်လာပြီ၊ ခေါင်းလောင်းသံ စီစီ။
လက်အုပ်တင်ချီ ရှိသေထား၊ ဘုန်းတော်ကျောင်းသို့ သွားစို့လား။
ဘုန်းတော်ကျောင်းက ဘုန်းဘုန်းဆရာ၊ ဘုရားစာပေ သင်ပေးရှာ။
ကျောင်းသားများစွာ ကျောင်းသူများ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြား။
ချောင်ဇရပ်က ဆရာကြီးမေ၊ ဆရာလေးတွေလည်း မကျန်ပေ။
အမျိုးသမီးတွေ လာလာသမျှ၊ ယဉ်ကျေးဖွယ်ရာ သင်ပေးကြ။
ဆရာ – ဆရာမ အများတို့ရေ၊ ဘာဂဝါဘုရားက မိန့်မှာခွေ။
ယဉ်ကျေးဖွယ်တွေ လိမ္မာရေး၊ တပည့်တွေကို သင်ကြလေး။
ရွာတိုင်းရပ်တိုင်းမြို့တိုင်းမှာ၊ ရပ်ကွက်တိုင်းလည်း မကျန်ပါ။
ယဉ်ကျေးလိမ္မာသာယာရေး၊ ကြီးသူတွေက သင်ကာပေး။
သမီး – သားတို့ လိမ္မာချင်၊ မိဘများက ဆုံးမသင်။
ဘိုးဘွားကပင် မြေးချစ်က၊ ပုံကလေးတွေ ပြောကာပြ။
ကြောင်းကျိုးကြည့်ကြ မိဘဆရာ၊ အပြောပျင်းလို့ မဖြစ်ပါ။
သီလငါးဖြာ လုံခြုံသေး၊ ပြည်လုံးမြန်မာ ချမ်းသာအေး။
ကမ္ဘာလုံးလည်း ငြိမ်းချမ်းမလေး။

ရွှေသုဝဏ်

၁၃၄၁ ခုနှစ်၊ တန်ဆောင်မုန်းလ

မန္တလေးမြို့

ရေတံခွန်တောင်

သစ္စဝေဒဂူ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာ

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း



# ယဉ်ကျေးလိမ္မာ ပထမဆင့်

http://www.dhammadownload.com

မန္တလေးမြို့

ရေတံခွန်တောင်

**သစ္စဝေဒဂူ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာ**

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း



# ယဉ်ကျေးလိမ္မာ ပထမဆင့်

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

သာသနာရေးဦးစီးဌာန

သာသနာရေးဝန်ကြီးဌာန

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက် စာအမှတ် ၁၁၉/၁ (ပုံနှိပ်)၊ သသန - ဝ၇ ဖြင့် ၂ဝဝ၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့

ဒေါ်မြင့်မြင့်ကြူ၊ ၃၂ (B)၊ မိုးကောင်းကင် ပုံနှိပ်တိုက်၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ခွင့်ပြုသည်။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | က |
| ၂။ | နိဒါန်း | ၁ |
| ၃။ | အနန္တတာဝန် တို့အဓိဋ္ဌာန် | ၃ |
| | **အပိုင်း (၁)** | |
| | **ဗုဒ္ဓကြောင်းရာကဏ္ဍ** | |
| ၄။ | နမော ဗုဒ္ဓသာအကျိုး | ၄ |
| ၅။ | မင်္ဂလာကုဏ္ဍလီဝတ္ထု | ၇ |
| ၆။ | ဗုဒ္ဓကို ဘာ့ကြောင့် ဆည်းကပ်ကိုးကွယ်ကြသလဲ | ၁၁ |
| ၇။ | ဗုဒ္ဓဝင် ဘုရားရှိခိုးလင်္ကာ | ၁၃ |
| ၈။ | ဗုဒ္ဓဝင်အကျဉ်းချုပ် ဆောင်ပုဒ် | ၁၄ |
| ၉။ | ဗုဒ္ဓဝင်အကျဉ်း (စကားပြေ) | ၁၅ |
| ၁၀။ | ဗုဒ္ဓဝင် အမေးအဖြေ (၁) | ၁၈ |
| | (က) ဒါနပါရမီ ဖြည့်တော်မူပုံ | ၂၀ |
| | (ခ) သီလပါရမီ ဖြည့်တော်မူပုံ | ၂၀ |
| | (ဂ) နေက္ခမ္မပါရမီ ဖြည့်တော်မူပုံ | ၂၁ |
| | (ဃ) ပညာပါရမီ ဖြည့်တော်မူပုံ | ၂၁ |
| | (င) ဝီရိယပါရမီ ဖြည့်တော်မူပုံ | ၂၂ |
| | (စ) ခန္တီပါရမီ ဖြည့်တော်မူပုံ | ၂၂ |
| | (ဆ) သစ္စာပါရမီ ဖြည့်တော်မူပုံ | ၂၃ |
| | (ဇ) အဓိဋ္ဌာန်ပါရမီ ဖြည့်တော်မူပုံ | ၂၃ |
| | (ဈ) မေတ္တာပါရမီ ဖြည့်တော်မူပုံ | ၂၄ |
| | (ည) ဥပေက္ခာပါရမီ ဖြည့်တော်မူပုံ | ၂၄ |
| ၁၁။ | ဘုရားဂုဏ်တော် ကိုးပါး မှတ်ဖွယ် | ၂၅ |
| ၁၂။ | ဘုရားဂုဏ်တော်ကိုးပါး ကဗျာ | ၂၅ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | တရားဂုဏ်တော် (၆) ပါး မှတ်ဖွယ် | ၂၅ |
| ၁၄။ | တရားဂုဏ်တော် (၆) ပါး ကဗျာ | ၂၆ |
| ၁၅။ | သံဃာ့ဂုဏ်တော် ကိုးပါး မှတ်ဖွယ် | ၂၆ |
| ၁၆။ | သံဃာ့ဂုဏ်တော် (၉) ပါး ကဗျာ | ၂၆ |
| ၁၇။ | ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ ကဗျာ | ၂၇ |


## အပိုင်း (၂)
## စာရိတ္တကောင်းမွန်ရေးကဏ္ဍ


| | | |
|---|---|---|
| ၁၈။ | တည်ခြင်းငါးပါးနှင့်အညီ ရှိခိုးရန်ကဗျာ | ၂၈ |
| ၁၉။ | ဘုရားရှိခိုး | ၂၈ |
| ၂၀။ | ဩကာသ ကန်တော့ချိုး | ၂၈ |
| ၂၁။ | ဩကာသ အဓိပ္ပာယ် | ၂၉ |
| ၂၂။ | (တစ်နည်း) ဩကာသအဓိပ္ပာယ် | ၂၉ |
| ၂၃။ | ကံသုံးပါးအဓိပ္ပာယ် | ၃၀ |
| ၂၄။ | ရတနာအဓိပ္ပာယ် | ၃၀ |
| ၂၅။ | ကန်တော့ပုံ (၇) မျိုး | ၃၁ |
| ၂၆။ | ကန်တော့ရသောကြောင့် ကင်းလွတ်သော အပြစ်များ | ၃၁ |
| | (က) အပါယ်လေးပါး | ၃၁ |
| | (ခ) ကပ်သုံးပါး | ၃၁ |
| | (ဂ) ရပ်ပြစ်ရှစ်ပါး | ၃၂ |
| | (ဃ) ရန်သူမျိုးငါးပါး | ၃၂ |
| | (င) ဝိပတ္တိတရားလေးပါး | ၃၂ |
| | (စ) ဗျသနတရားငါးပါး | ၃၃ |
| ၂၇။ | မဂ်ဖိုလ်နိဗ္ဗာန် | ၃၃ |
| ၂၈။ | သရဏဂုံ တည်ပါစေ ကဗျာ | ၃၃ |
| ၂၉။ | ဗုဒ္ဓ, ဓမ္မ, သံဃာ ခေါ်ပုံ | ၃၄ |
| ၃၀။ | ဗုဒ္ဓဘာသာ, ဗုဒ္ဓဘာသာဝင် ခေါ်ပုံ | ၃၄ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | ၎င်းခေါ်ပုံ ဆောင်ပုဒ် | ၃၅ |
| ၃၂။ | ဥပါသကာ (ဥပါသိကာ) ဆိုတာ ဘာလဲ | ၃၅ |
| ၃၃။ | ၎င်းခေါ်ပုံ ဆောင်ပုဒ် | ၃၅ |
| ၃၄။ | ဥပါသကာ၏ သီလဆိုသည်မှာ | ၃၅ |
| ၃၅။ | ဥပါသကာတို့ မပြုလုပ်အပ်သော အရောင်းအဝယ် **ငါးမျိုး** | ၃၅ |
| ၃၆။ | ၎င်းဆောင်ပုဒ် | ၃၆ |
| ၃၇။ | သရဏဂုံ ခေါ်ပုံ | ၃၆ |
| ၃၈။ | သရဏဂုံ ခေါ်ဆိုပုံ ကဗျာ | ၃၆ |
| ၃၉။ | သရဏဂုံတည်သူ ခေါ်ပုံ | ၃၆ |
| ၄၀။ | သရဏဂုံ ဆောက်တည်ရကျိုး ကဗျာ | ၃၆ |
| ၄၁။ | သရဏဂုံ ပျက်ခြင်းအကျိုး ကဗျာ | ၃၇ |
| ၄၂။ | ငါးပါးသီလတောင်းခံပုံ ပါဠိ | ၃၇ |
| ၄၃။ | သရဏဂုံ ဆောက်တည်ပုံ ပါဠိ | ၃၇ |
| ၄၄။ | ငါးပါးသီလ ဆောက်တည်ပုံ ပါဠိ | ၃၈ |
| ၄၅။ | ၎င်းပါဠိ မြန်မာပြန်များ | ၃၈ |
| ၄၆။ | ရှစ်ပါးသီလ တောင်းခံပုံ ပါဠိ | ၃၉ |
| ၄၇။ | ရှစ်ပါးသီလ တောင်းခံပုံ မြန်မာပြန် | ၃၉ |
| ၄၈။ | ရှစ်ပါးသီလ ဆောက်တည်ပုံ ပါဠိ | ၃၉ |
| ၄၉။ | ရှစ်ပါးသီလ ဆောက်တည်ပုံ မြန်မာပြန် | ၄၀ |
| ၅၀။ | ငါးပါးသီလ ကဗျာဆောင်ပုဒ် | ၄၂ |
| ၅၁။ | ငါးပါးသီလဆိုင်ရာ ဝတ္ထုများ | ၄၄ |
| | (က) ဝက်သတ်သမား စုန္ဒအကြောင်း (ပါဏာတိပါတ) | ၄၄ |
| | (ခ) ခုပ္ပိပါသ ပြိတ္တာအကြောင်း (အဒိန္နာဒါန) | ၄၆ |
| | (ဂ) ဒု–သ–န–သော (ကာမေသု မိစ္ဆာစာရ) | ၄၈ |
| | (ဃ) မုသာဝါဒ အပြစ်ပြဝတ္ထု (မုသာဝါဒ) | ၅၀ |
| | (င) အရက်သောက်ခြင်း၏ အပြစ် (သုရာမေရယ) | ၅၂ |
| | (စ) ဖားနတ်သားဝတ္ထု | ၅၃ |
| | (ဆ) မဟာဓမ္မိက ဥပါသကာဝတ္ထု | ၅၅ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၂။ | ငါးပါးသီလ အဓိဋ္ဌာန် | ၅၆ |
| ၅၃။ | ကမ္ဘာက သိပါစေကဗျာ | ၅၆ |
| ၅၄။ | ကံ အကျိုးပေးကွဲပုံ | ၅၇ |
| ၅၅။ | သရဏဂုံ တည်ရှိမှုနဲ့ ကဗျာ | ၅၇ |
| ၅၆။ | ဆွမ်း, ရေချမ်း, ပန်း, ဆီမီး ဆက်ကပ်ရန်နှင့် အကျိုးရ ကဗျာများ | ၅၈ |
| ၅၇။ | တံမြက်လှည်းခြင်းအကျိုး ကဗျာ | ၅၉ |
| ၅၈။ | မေတ္တာပို့က ရှင်လန်းရ | ၆၁ |
| ၅၉။ | အမျှဝေ | ၆၁ |
| ၆၀။ | ဗုဒ္ဓရှင်တော် မြတ်ဘုရားနဲ့ ကဗျာ | ၆၂ |
| ၆၁။ | အနန္တငါးဖြာ ပူဇော်ကန်တော့ရန် | ၆၂ |
| ၆၂။ | ယဉ်ကျေးလိမ္မာ ဆုံးမစာသံပေါက်ကဗျာများ | ၆၂ |
| ၆၃။ | မာဃလုလင်ဝတ္တု | ၆၉ |
| ၆၄။ | ဆောင်ကြဉ်ရှောင်ကြဉ်, ယဉ်ကျေးလှကဗျာများ | ၇၁ |
| ၆၅။ | နေ့စဉ်ကျင့်ရန် တို့အဓိဋ္ဌာန် | ၇၄ |
| ၆၆။ | ဗြဟ္မစိုရ်တရားနှင့်အညီ ဆက်ဆံရေး | ၇၅ |
| ၆၇။ | ဗုဒ္ဓရှင်တော် ဟောညွှန်ကြားတဲ့ ကဗျာ | ၇၆ |


## အပိုင်း (၃)
## ကြီးပွားချမ်းသာရေးကဏ္ဍ


| | | |
|---|---|---|
| ၆၈။ | မင်္ဂလာနိဒါန်း | ၇၇ |
| ၆၉။ | မင်္ဂလာ ပြဿနာ | ၇၇ |
| ၇၀။ | မင်္ဂလာအဓိပ္ပာယ် | ၇၈ |
| ၇၁။ | မင်္ဂလာနှင့် မြန်မာ | ၇၈ |
| ၇၂။ | မင်္ဂလာနှုတ်ခွန်းဆက် | ၇၈ |
| ၇၃။ | အစကောင်းမှ အနှောင်းသေချာမည် ကဗျာ | ၇၈ |
| ၇၄။ | မင်္ဂလာသဘော ဆောင်ပုဒ် | ၇၉ |
| ၇၅။ | မင်္ဂလာခေါ်ပုံ ဆောင်ပုဒ် | ၇၉ |
| ၇၆။ | မင်္ဂလာကဗျာနိဒါန်း | ၇၉ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၇။ | ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ | ၃ ပါး | ၈၁ |
| ၇၈။ | နေထိုင်ရေးမင်္ဂလာ | ၃ ပါး | ၈၀ |
| ၇၉။ | ပညာရေး မင်္ဂလာ | ၃ ပါး | ၈၁ |
| ၈၀။ | ပြုစုလုပ်ကျွေးရေး မင်္ဂလာ | ၄ ပါး | ၈၁ |
| ၈၁။ | ကူညီဆောင်ရွက်ရေးမင်္ဂလာ | ၄ ပါး | ၈၂ |
| ၈၂။ | ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ | ၃ ပါး | ၈၂ |
| ၈၃။ | ရိုသေခြင်း စသော မင်္ဂလာ | ၅ ပါး | ၈၃ |
| ၈၄။ | သည်းခံခြင်း စသော မင်္ဂလာ | ၄ ပါး | ၈၃ |
| ၈၅။ | မြိုးခြံခြင်း စသော မင်္ဂလာ | ၄ ပါး | ၈၄ |
| ၈၆။ | မတုန်လှုပ်ခြင်း စသော မင်္ဂလာ | ၄ ပါး | ၈၄ |
| | ပေါင်း | ၃၈ ပါး | |
| ၈၇။ | မင်္ဂလာအကျိုးပြ ကဗျာ | | ၈၅ |
| ၈၈။ | မင်္ဂလာနိဂုံးကဗျာ | | ၈၅ |
| ၈၉။ | သူဌေးကလေးနှင့် အခြားကဗျာများ | | ၈၆ |
| ၉၀။ | ကြီးပွားကြောင်း ၆ ပါး | | ၈၉ |


## အပိုင်း (၄)
## အောင်မြင်ရေးကဏ္ဍ


| | | |
|---|---|---|
| ၉၁။ | မာရ်နတ်အောင်ပွဲ ကဗျာ | ၉၁ |
| ၉၂။ | အာဠဝက အောင်ပွဲ ကဗျာနှင့် စကားပြေ | ၉၃ |
| ၉၃။ | နာဠာဂီရိဆင် အောင်ပွဲ ကဗျာနှင့် စကားပြေ | ၉၈ |
| ၉၄။ | အင်္ဂုလိမာလ အောင်ပွဲ ကဗျာနှင့် စကားပြေ | ၁၀၁ |
| ၉၅။ | စိဉ္စမာန အောင်ပွဲ ကဗျာနှင့် စကားပြေ | ၁၀၅ |
| ၉၆။ | သစ္စကပရိဗိုဇ် အောင်ပွဲ ကဗျာနှင့် စကားပြေ | ၁၀၇ |
| ၉၇။ | နန္ဒောပနန္ဒနဂါးမင်း အောင်ပွဲ ကဗျာနှင့် စကားပြေ | ၁၁၀ |
| ၉၈။ | ဗကဗြဟ္မာ အောင်ပွဲ ကဗျာနှင့် စကားပြေ | ၁၁၃ |
| ၉၉။ | အောင်ပွဲရအချိန်များ | ၁၁၄ |
| ၁၀၀။ | အောင်ပါစေကဗျာ | ၁၁၅ |

http://www.dhammadownload.com

# ငါတို့ဘုရား

ကဆုန်လပြည့် နေ့သောကြာ
ဘုရားဖွားတဲ့ နေ့မြတ်ပါ၊
သက္ကရာဇ်မှာ ခြောက်ဆယ့်ရှစ်
သုဒ္ဓေါ် မင်းဖ – စစ်။
မာယာဒေဝီ မွေးမယ်တော်
ကပိလဝတ် နေပြည်တော်၊
သာကီမျိုးနွယ် ထင်ရှားလှ
နွယ်တော် ဂေါတမ။
သိဒ္ဓတ္ထတဲ့ မည်နာမံ
ဆယ့်ခြောက်နှစ်မှာ ထီးနန်းစံ၊
နှစ်ဆယ့်ကိုးမှန် တောထွက်သွား
ခြောက်နှစ်ကျင့်တရား။
သုံးဆယ့်ငါးနှစ် ပြည့်လေတဲ့
တရာ့သုံးခုကြုံ၊
လပြည့်ကဆုန် ဗုဒ္ဓဟူး
ဘုရားဖြစ်တဲ့ နေ့အထူး၊
တရားဦးမြတ် ဓမ္မစက္ကေ
ဝါဆိုလပြည့် ဟောစနေ၊
သက်ရှစ်ဆယ်လေ တိုင်အောင်ထိ
သတ္တဝါကျိုး သည်ပိုး၏။
သောင်းတိုက်မှူးကြီး တို့မြတ်စွာ
ဘုံသုံးပါးလုံး ထင်ရှားပါ။
လူနတ်ပြဟ္မာ လွန်ကျော်ကြား
ငါတို့ဘုရား တို့ဘုရား
ငါတို့ဘုရား တို့ဘုရား။

http://www.dhammadownload.com



# အမှာစာ

❋ အလင်းရောင်ပင် ရှိသော်လည်း မျက်စိကန်းသောသူကား အရှိကို မမြင်။

❋ အရိုးပင် ရှင့်သော်လည်း ခြေနှစ်ချောင်းကျိုးသောသူကား ရောက်လိုရာသို့ မသွားနိုင်။

❋ ခန္ဓာကိုယ်ပင်ရှိသော်လည်း အသည်းနှလုံးသားမဲ့သူကား အမှန်ကိုမခံစားတတ်။

ဤအရှင်သည် အမျိုးဘာသာ သာသနာအတွက် ယနေ့လက်ရှိနှင့်တကွ အဆက်ဆက်သော မျိုးဆက်သစ် လူငယ်မောင်မယ်ကလေးတို့အား အရှိကို မြင်နိုင်သည့် မျက်စိပိုင်ရှင်များ ဖြစ်လာကြစေရန်၊ ရောက်လိုရာသို့ သွားနိုင်သည့် ခြေနှစ်ချောင်း ပိုင်ရှင်များ ဖြစ်လာကြစေရန်၊ အမှန်ကို ခံစားတတ်သည့် အသည်းနှလုံးသားပိုင်ရှင်များ ဖြစ်လာကြစေရန် ကောင်းမြတ်သော အကြံ အစီအမံဖြင့် ရှေးရှေးသော ကျေးဇူးရှင် ဆရာတော် အကျော်အမော် ပုဂ္ဂိုလ်မြတ်တို့၏ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာပေများမှ သင့်လျော်ကောင်းနိုးရာ အဖြာဖြာကို ကောက်နုတ်စုစည်း၍ မိမိရိပ်သာ၌ ဖွင့်လှစ်သင်ကြားသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းအတွက် "ယဉ်ကျေးလိမ္မာ ပဌမဆင့်" ပြဋ္ဌာန်းစာအုပ်ဖြစ်အောင် စီစဉ်လိုက်ရပါသည်။ အားလုံးသော သက်ဆိုင်ရာ ကျေးဇူးရှင်များက ဝမ်းမြောက်ဝမ်းသာ ရှိကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း ...

အရှင်ခေမာစာရ

သစ္စဝေဒဂူ မိုးကုတ်ဝိပဿနာရိပ်သာ

ရေတံခွန်တောင်၊ မန္တလေးမြို့။

၁၃၆၅ ခု၊ ပြာသိုလဆန်း (၁၂) ရက်၊
(၃ - ၁ - ၂၀၀၄) စနေနေ့.

http://www.dhammadownload.com

http://www.dhammadownload.com

၁

# သင်ခန်းစာ သင်ကြားနည်း

ဤစာအုပ်ပါ သင်ခန်းစာများသည် အားလုံး အရကျက်ရန်ချည်း မဟုတ်ပါ။ ဘုရားရှိခိုး၊ သီလဆောက်တည်ပုံ၊ ငါးပါးသီလ အကျိုးအပြစ်ပြကဗျာ၊ မင်္ဂလာကဗျာများ၊ ကျင့်ဝတ်ကဗျာများကဲ့သို့ အာဂုံရမထားလျှင် မဖြစ်သည့် သင်ခန်းစာများကိုသာ အရကျက်ခိုင်းရပါမည်။ ဗုဒ္ဓဝင် အမေးအဖြေ သံပေါက်ကဗျာမျိုးများကိုတော့ နှုတ်တက်ရုံ မေးလိုက် ဖြေလိုက် ဖတ်ခိုင်း၍ အဓိပ္ပာယ်တန်သင့်ရုံပြောပြပါ။ အချို့ကဗျာလေးများကို သံနေသံထားနှင့် ထပ်ကာထပ်ကာ ရွတ်ဆိုခိုင်းခြင်းဖြင့် ကလေးများ အထူးမကျက်မှတ်ရဘဲ အာဂုံရသွားကြပါလိမ့်မည်။ တီးလုံးနှင့် တွဲဖက်သီဆိုထားသော ဓမ္မတေးကဗျာများကို ရှေ့ကဖွင့်၍ နောက်က သံပြိုင်လိုက်ဆိုခိုင်းခြင်းဖြင့်လည်း ဤသင်ခန်းစာများကို ကလေးများ အလွယ်တကူ အာဂုံရရှိသွားကြတာကို တွေ့ရပါသည်။ စာမေးပွဲမေးခွန်းထုတ်ခါနီးလျှင် ဤသင်ခန်းစာများထဲမှ သုံးပုဒ်သုံးပုဒ်စီ ထပ်မံ ကျက်ခိုင်း၍ ထိုသုံးပုဒ်စီထဲမှ တစ်ပုဒ်တစ်ပုဒ်ပါအောင် မေးခွန်းထုတ်ပေးလျှင် ကလေးများ ကျေနပ်ပျော်ရွှင်ကြပါသည်။ အထူးအရေးကြီးတာကတော့ ကလေးများကို တည်ခြင်းငါးပါးနှင့်အညီ ရှိခိုး ကန်တော့ပုံမှစ၍ ရဟန်းသံဃာတော်များ၊ မိဘဆရာများ၊ လူကြီးသူမများနှင့် တွေ့ကြုံဆက်ဆံရသည့်အခါ ကိုယ်အမူအရာ နှုတ်အမူအရာများ ယဉ်ကျေးသိမ်မွေ့အောင် စနစ်တကျ လက်တွေ့သင်ပြပေးကြဖို့ လိုပါသည်။

အရှင်ခေမာစာရ
(မန်းရေတံခွန်)

http://www.dhammadownload.com

http://www.dhammadownload.com

# ဒီသင်တန်းဖွင့်ချိန်ခါ

(၁) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက်ရာသီပါ။
ရွက်ဝါတွေထက်မှာ ကြွေလို့သာ။ ဖူးပုရစ်တွေ ထူးသစ်ဝေလို့ဖြာ။
ရွက်သစ်တွေ ယှက်ဖြာစိမ်းလို့၊ နွဲ့ယိမ်း ဘယ်ညာ၊
လေပွေရူးနှော့ကာ၊ မြူမှုန်ထ၊ နွေလ သည့်ချိန်ခါ။

(၂) ဒီသင်တန်း ဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
မျိုးဘာသာအတွက်ပါ အမှန်မို့သာ။ တို့သူငါ အသက်ပါ အပ်နှံစို့ကွာ။
တို့တစ်တွေ ညီညွတ်ခြင်းနဲ့ ယိုင်းပင်းညီညာ။
ယဉ်ကျေးမှုဖွင့်ကာ၊ သင်ကြားကြ၊ နွေလ သည့်ချိန်ခါ။

(၃) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
ရွှေဥဩကျူးကာ အထူးသံသာ၊ ပိတောက်ပန်း စိန်ပန်း ပွင့်လန်းလို့သာ၊
တထိန်ထိန် ပူရှိန်ပြင်းတဲ့၊ နေမင်းဖန်ဝါ။
လရောင်အေးမှတ်ကာ၊ လှုပ်ရှားကြ၊ နွေလ သည့်ချိန်ခါ။

(၄) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
ကလေးတွေ မွေးမေ ဖေတို့ဟာ၊ ယဉ်ကျေးစေအောင် ပို့ဆောင်အပ်ကြပါ။
ကိုယ့်သွေးလို မြတ်တနိုးနဲ့၊ အကျိုးဆောင်မှာ။
ယဉ်ကျေးလို့ လိမ္မာ၊ ပြုံးပျော်ကြ၊ နွေလ သည့်ချိန်ခါ။

(၅) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက် ရာသီပါ။
မြတ်ဆရာအမှန်ပဲ့ တို့တွေဟာ၊ ယဉ်ကျေးလိမ္မာ စံပြဖြစ်ရမှာ။
နှစ်နာခံ သည်းခံတမ်းကွဲ့၊ ပင်ပန်းခံကာ။
အနာဂတ်အတွက်ပါ၊ ပြုပြင်ကြ၊ နွေလ သည့်ချိန်ခါ။

(၆) ဒီသင်တန်းဖွင့်ချိန်ခါ၊ ကျောင်းပိတ်ရက်ရာသီပါ။
ဗုဒ္ဓယဉ်ကျေး သင်တန်းသား အများတို့ဟာ။
ရွှင်လန်းစွာ သင်ခန်းစာ ဘာသင်ကြားကြတာ။
စာမေးဖြေ သုံးကြိမ်ပြုလို့၊ အောင်ဆုဝေဖြာ။
မျိုးဘာသာအကျိုးပါ၊ အောင်မြင်ကြ၊ နွေလ သည့်ချိန်ခါ။

အရှင်ခေမာစာရ ( မန်းရေဝတီခွန် )

http://www.dhammadownload.com

http://www.dhammadownload.com

# ဗုဒ္ဓယဉ်ကျေးသင်တန်း ရည်မှန်းချက်ကဗျာ

(၁) ဗုဒ္ဓဘာသာ အကျိုးရှက်လို့သာ၊ မျိုးရွှေမြန်မာ တိုးတက်ဖို့ပါ၊
မြင့်မြတ်ပါတဲ့ စေတနာ၊ အောင်မင်္ဂလာ ဖြစ်ပါစေဖို့ရာ၊
နောင်စဉ်မကွာ မေတ္တာဝေလို့ဖြာ၊ ထူးမြတ်ပါတဲ့ စဉ်အလာ၊
ဗုဒ္ဓဘာသာ ယဉ်ကျေးသင်တန်း၊ ဆင်မြန်း အောင်စေရာ။

(၂) အမျိုးဘာသာ မညှိုးစေရာ၊ မညှိုးစေရာ အမျိုးဘာသာ၊
အဖိုးတန်တဲ့ ရတနာ၊ ဤမြေကမ္ဘာ ဆုံးတိုင်စေတော့ကွာ၊
ပြည်ရွှေမြန်မာ ကြံ့ခိုင်စေရမှာ၊ ယဉ်ကျေးမှုနဲ့ သာသနာ၊
ဆရာ, ဒကာ လက်တွဲသင်တန်း၊ တက်လှမ်း အောင်စေမှာ။

(၃) ဤမြေကမ္ဘာ တစ်ဝှမ်းဆန့်လို့သာ၊ တို့ရွှေဘာသာ လွှမ်းဖြန့်ကြရာ
ငြိမ်းချမ်းပါလိမ့် အမှန်သာ၊ အားမာန်မကွာ ရှေးရှုညာဏ်နဲ့သာ၊
တရားသမ္မာ အလေးပြု မှန်ဖို့ရာ၊ မျိုးဆက်သစ်တို့ တာဝန်ပါ၊
ဗုဒ္ဓဘာသာ တိုင်းပြည်နေဝန်း၊ တောက်ထွန်း ရောင်ဝေဖြာ။

(၄) အနော်ရထာ အရဟံရဟန်းတို့ပမာ၊ ကမ္ဘာပေါ်မှာ အမှန်လှမ်းဖို့ရာ
မြတ်ဗုဒ္ဓရဲ့ သာသနာ၊ ဘုရင့်နောင်ပါ အကြောင်းမှတ်လို့သာ၊
ဦးအောင်ဇေယျ အလောင်းမြတ်သို့ပမာ၊ မျိုးဘာသာရဲ့ နမူနာ၊
လက်တွဲညီညာ ခွန်အားဖြည့်စွမ်း၊ ဆောင်ထမ်း နောင်စဉ်လာ။

အရှင်ခေမာစာရ (မန်းရေတံခွန်)

http://www.dhammadownload.com

http://www.dhammadownload.com



# နိဒါန်း

လူ့ဘောင် လူ့လောက၏ သက်တမ်းကား ကမ္ဘာဖြစ်စဉ် ကမ္ဘာသက်တမ်းနှင့် နှိုင်းစာပါမူ တစ်ခဏမျှသာတည်း၊ မိုးမှောင်ကျသည့် ညအချိန်ကာလဝယ် ဝင်းခနဲ လျှပ်စစ် တစ်ခါလက်မျှသာတည်း။

*ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ မင်းစည်းစိမ်ကား၊*

*သမုဒ္ဒရာ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။*

ဤမျှ တိုတောင်းလှသည့် ကာလအတွင်း လူဖြစ်လာကြသော ကျွန်ုပ်တို့သည် ရသမျှသော အချိန်တိုကလေးကို အကျိုးရှိရှိ အသုံးချသွားဖို့ အလွန်မတန်မှ အရေးကြီးလှပေသည်။ အကျိုးရှိအောင် ဘာလုပ်ကြမလဲ။ လူအမျိုးမျိုး အကြိုက်အမျိုးမျိုး စရိုက်အမျိုးမျိုး ရှိကြသည့်အတွက် အဖြေလည်း အမျိုးမျိုးထွက်လာကြပေမည်။ ကျွန်ုပ်တို့ မမှားနိုင်သည့် သေချာသောလမ်းကို လိုက်ဖို့ ဆောင်ရွက်ကြဖို့ အရေးကြီးပေသည်။ လမ်းစဉ်မှားနေ၍ ပြင်နေရရင် "ခတ်ကွင်းပြင်တာနဲ့ ရွာသစ်ကြီးရောက်" ဆိုသကဲ့သို့ အမှားပြင်နေရတာနှင့် အချိန်ကုန်သွားပေလိမ့်မည်။ အချိန်ကုန်မခံနိုင်၊ မမှားနိုင်သည့် တကယ့်လက်တွေ့လုပ်ကြရမည့်အလုပ်ကား –

(၁) စီးပွားရေး၊

(၂) လူမှုရေး နှင့်

(၃) ဘာသာရေး တို့ပင်တည်း။

ထိုတွင် စီးပွားရေးအခြေခိုင်မှ လောကရေးရာ၌ ထိပ်တန်းမှ နေနိုင်ပေမည်။ ဒါန၊ သီလ စသည့် ကုသိုလ်ရေးရာကိုလည်း ပြုနိုင်ပေမည်။ ကိုယ့်လူမျိုး ချမ်းသာမှ အစစ လောကီဆိုင်ရာ၌ ကူညီ စောင့်ရှောက်နိုင်ပေမည်။ ၎င်းအတွက် နံပါတ် (၁) အနေနဲ့ ဒို့လူမျိုးတွေ

http://www.dhammadownload.com



စီးပွားရေး တောင့်တင်းအောင် အင်တိုက်အားတိုက် ကြိုးစားကြရပေမည်။ စီးပွားရေး တောင့်တင်းလာလျှင် နံပါတ် (၂) ဖြစ်တဲ့ လူမှုရေးလည်းပဲ တင့်တယ် တောင့်တင်းလာမည်မှာ မြေကြီးလက်ခတ်မလွဲပေတည်း။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့ကား စီးပွားရေး၊ လူမှုရေးနှင့်သာ အချိန်အားလုံးကို မဖြုန်းသင့်ပေ။ ဘာသာရေးအတွက်လည်း အားထုတ်ကြရပေဦးမည်။ ကျွန်ုပ်တို့ သွားရမည့် ရှေ့ဆက်ရမည့် ဘဝသံသရာ ကန္တာရခရီးကား ရှည်လျားပါဘိ။ ၎င်းဘဝသံသရာ အတွက် သံသရာ့ရိက္ခာထုပ်များဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာတွေကို ကြိုးစားဆောင်ရွက် သွားကြရပေမည်။

"နည်းရောင်း၊ များရောင်း၊ တောင်းပြည့်" ဆိုသလို ဒါန၊ သီလ၊ ဘာဝနာတွေကို နည်းနည်းပဲဖြစ်ဖြစ်၊ များများပဲဖြစ်ဖြစ် ရသမျှအချိန်ကလေးမှာ ရနိုင်သမျှ စုဆောင်းသွားကြ ရပေမည်။ ကိုယ့်အတွက်ကလေးသာ လုပ်သွားလျှင်ကား တရားနည်းလမ်းမကျလှပေ။ ကိုယ့်ရဲ့ သားစဉ်မြေးဆက် ပုဂ္ဂိုလ်တွေအတွက်ပါ အရှည်မျှော်ကြည့်ရပေမည်။

ဘဝတစ်သက်တာကား တစ်ခဏလေးသာ မကြာမီ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုသည့် ကန္တာရ ဘီလူးတွေ လာကြပေလိမ့်မည်။ သူတို့ လက်မဦးခင် ကိုယ်ကအရင် လုပ်စရာရှိသမျှ ပြီးစီးအောင် လက်ဦးအောင် လုပ်ထားဖို့ အရေးကြီးလှပေသည်။ မိမိတို့၏ သားစဉ်မြေးဆက် အရှည်ကောင်းသွားအောင် လုပ်ကြရမည့် လုပ်ငန်းစဉ်အကျဉ်းကို ယခုစာအုပ်မှာ အပြည့်အစုံ ထည့်သွင်းပါသည်။ မိမိတို့၏ သားရတနာ၊ သမီးရတနာလေးတွေကို ရတနာ (၃) ပါး ပန်းခိုင်မျှနှင့် ဆင်မြန်းနိုင်အောင် ငါးပါးသီလ အမွှေးနံ့သာတွေနှင့် ခြယ်သနိုင်အောင်၊ မင်္ဂလာတရား (၃၈) ပါး အဝတ်တန်ဆာတွေနှင့် အလှဝတ်ဆင် ခြယ်သနိုင်အောင် နည်းလမ်းမျိုးစုံ ပါဝင်ပါသည်။ မိမိတို့၏ သားရတနာ၊ သမီးရတနာ၊ အလှမောင်၊ အလှမယ်လေးများကို ဘာသာရေးသင်တန်း တည်းဟူသော အလှပြင်ဆိုင်ကြီးသို့ ပို့ပြီး အစွမ်းကုန် အလှပြင်ကြစေလိုပါသည်။ အတွင်း စိတ်ဓာတ်ရော၊ အပြင် ကာယကံ၊ ဝစီကံ အမူအရာပါ အားလုံး အတွင်းအပြင်ချော သားလှရတနာ၊ သမီးလှရတနာများ ဖြစ်လာကြပေလိမ့်မည်။ သို့မှသာ သားစဉ်မြေးဆက် ကမ္ဘာ့အလယ်မှာ တင့်တယ်လှပ ကျက်သရေရှိသည့် မြန်မာနိုင်ငံကြီးအဖြစ် ကမ္ဘာဆုံးအောင် တည်တံ့နိုင်လိမ့်မည် ဖြစ်ပေသည်။

*ဗုဒ္ဓဘာသာ အခြေခံသင်ခန်းစာမှ*

http://www.dhammadownload.com

## အနန္တတာဝန် တို့အမိဌာန်

၁။ ဘုရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၂။ တရားကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၃။ သံဃာကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၄။ မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၅။ ဆရာကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးကျေအောင် ဆပ်ပါမည်။

၆။ တိုင်းပြည်ကျေးဇူး၊ စိတ်ကြည်နူး၊ အထူးကျေအောင် ဆပ်ပါမည်။

၇။ ကျေးဇူးမကျေ၊ လူမိုက်တွေ၊ မသေ့ဖြစ်မှာ စိုးရသည်။

၈။ ကျေးဇူးဆပ်ကာ၊ လူလိမ္မာ၊ မှန်စွာဖြစ်အောင် ကြိုးစားမည်။

၉။ တိုင်းပြည်လူမျိုး၊ များကောင်းကျိုး၊ သယ်ပိုးရွက်ဆောင်ပြုပါမည်။

မာဃဓိသာစည်

http://www.dhammadownload.com

# အပိုင်း (၁)

# ဗုဒ္ဓကြောင်းရာကဏ္ဍ

## နမောဗုဒ္ဓဿ အကျိုး

ရှင်တော်ဘုရားလက်ထက် ရာဇဂြိုဟ်ပြည်မှာ ဗုဒ္ဓဘာသာဝင်ကလေးတစ်ယောက်နဲ့ မိစ္ဆာဒိဋ္ဌိကလေးတစ်ယောက်ဟာ ဂုံညင်းထိုး ကစားလေ့ရှိကြတယ်။ ဗုဒ္ဓဘာသာဝင်ကလေးက ဂုံညင်းထိုးရင် ဗုဒ္ဓဂုဏ်တော်ကို ဆင်ခြင်ပြီး "နမောဗုဒ္ဓဿ" လို့ ဆိုတယ်။ အဲဒီလိုဆိုပြီးမှ ဂုံညင်းကို ပစ်လိုက်တယ်။ မိစ္ဆာဒိဋ္ဌိကလေးကတော့ ဒိဋ္ဌိတွေရဲ့ဂုဏ်တွေ ဆင်ခြင်ပြီး "နမောအရဟန္တာနံ" လို့ ဆိုတယ်။ အဲဒီလိုဆိုပြီး ဂုံညင်းကိုပစ်လိုက်တယ်။ "နမောဗုဒ္ဓဿ" ရဲ့ အဓိပ္ပာယ်ကတော့–

**ဗုဒ္ဓဿ** – မြတ်စွာဘုရားအား (ကို)၊ **နမော** – ရှိခိုးပါ၏လို့ ဆိုပါတယ်။

"နမော အရဟန္တာနံ" အဓိပ္ပာယ်ကတော့–

**အရဟန္တာနံ** – ရဟန္တာတို့အား၊ **နမော** – ရှိခိုးပါ၏လို့ ဆိုလိုပါတယ်။

ဗုဒ္ဓဘာသာဝင်ကလေးက ဗုဒ္ဓကို ရှိခိုးတယ်။ မိစ္ဆာဒိဋ္ဌိကလေးက တိတ္ထိဆရာကြီးတွေကို ရဟန္တာတွေပဲလို့ အထင်မှားပြီး ရှိခိုးတယ်လို့ ကလေးတို့ မှတ်ထားကြရမယ်။

အဲဒီကလေးနှစ်ယောက်အနက် "နမောဗုဒ္ဓဿ" ဆိုပြီး ဒိုးကစားတဲ့ကလေးကချည်းပဲ နိုင်တယ်။ "နမော အရဟန္တာနံ" ဆိုပြီး ဒိုးကစားတဲ့ကလေးက ရှုံးတယ်။

မိစ္ဆာဒိဋ္ဌိကလေးဟာ ဗုဒ္ဓဘာသာဝင်ကလေးရဲ့ အပြုအမူကိုမြင်ပြီး သူဟာ ဗုဒ္ဓဂုဏ်ကို အောက်မေ့ပြီး၊ "နမော ဗုဒ္ဓဿ" လို့ဆိုပြီး ဒိုးပစ်လို့ ငါ့ကိုနိုင်တယ်။ ငါလည်း သူ့လိုလုပ်မယ်ကြံပြီး ဗုဒ္ဓါနုဿတိကို လေ့လာပွားများတယ်။

အို – ကလေးတို့ ... ဗုဒ္ဓါနုဿတိ ဆိုတာ ဗုဒ္ဓဂုဏ်တော်တွေကို ပွားများခြင်း၊ (ဗုဒ္ဓဂုဏ်တော်ကို ရွတ်ဆို နှလုံးသွင်းခြင်း) လို့ အဓိပ္ပာယ်ရပါတယ်။

တစ်နေ့သောအခါမှာ သူ့ရဲ့ ဖခင်ဖြစ်သူက သူ့ကိုပါခေါ်ပြီး တောထဲကို လှည်းနဲ့ ထင်းခွေသွားကြတယ်။

ထင်းခွေရာက ပြန်လာတဲ့အခါ သုသာန်အနီး မြို့ပြင်တစ်နေရာမှာ နွားနှစ်ကောင်ကို ခဏလွှတ်ထားတယ်။ ညနေပိုင်း နွားရိုင်းသွင်းချိန်ဖြစ်လို့ စားကျက်ကပြန်တဲ့ နွားတွေနဲ့ ရောနှောပြီး သူတို့ နွားနှစ်ကောင်ပါ မြို့တွင်း ဝင်ပါလေရော၊ ဖခင်ဖြစ်သူ ထင်းခွေသမားဟာ သားငယ်ကို ခဏထားပြီး

မြို့ထဲကို နွားဖမ်းရအောင် သွားတယ်။ သူ့နွားတွေကို ဆွဲပြီး ပြန်လာတဲ့အခါ မြို့တံခါးကြီး ပိတ်နေတာကို တွေ့ရတယ်။

အို – ကလေးတို့ ... ရှေးတုန်းက ဘုရင်နေတဲ့မြို့မှာ ရန်သူမဝင်နိုင်အောင် အုတ်တံတိုင်း ကာထားပြီး တံခါးလေးဘက် ဖောက်ထားပါတယ်။ ညနေကျရင် တံခါးတွေအားလုံး ပိတ်ထားပြီး မနက်ကျမှ ဖွင့်ပါတယ်။ ခုဆိုရင် ထင်းခွေတဲ့သားအဖနှစ်ယောက်အနက် ဖခင်ဖြစ်သူက မြို့ထဲရောက်နေပြီး၊ သားဖြစ်သူက မြို့ပြင်သုသာန်နားမှာ ကျန်ရစ်ခဲ့တယ်ဆိုတာကို ကလေးတို့ သတိပြုမိကြပါလိမ့်မယ်။

နေဝင်လို့ မိုးလည်းပဲချုပ်သွားပြီ၊ သားငယ်လေးကလည်း မြို့အပြင် လှည်းအောက်မှာ လှဲနေရင်းနဲ့ အိပ်ပျော်သွားပြီ၊ ဖခင်ဖြစ်သူကလည်း မြို့ထဲကနေပြီး မြို့အပြင်မှာ တစ်ယောက်တည်း ကျန်ခဲ့တဲ့ သားငယ်အတွက် စိုးရိမ်နေပြီ။

ဘုရားရှင်လက်ထက်က ရာဇဂြိုဟ်ပတ်ဝန်းကျင်မှာ ဘီလူး အင်မတန်ပေါသတဲ့။ အဲဒီတော့ သုသာန်နားမှာ အိပ်ပျော်တဲ့ ကလေးငယ်အတွက် အတော်ပဲ စိုးရိမ်စရာကောင်းနေတာပေါ့တဲ့။

အဲဒီနားမှာ လှုသားစားတဲ့ ဘီလူးနှစ်ယောက်ရှိတယ်။ တစ်ယောက်က ဗုဒ္ဓဘာသာကို မကြည်ညိုတဲ့ မိစ္ဆာဒိဋ္ဌိဘီလူး။ တစ်ယောက်ကတော့ ဗုဒ္ဓသာသနာတော် ကြည်ညိုတဲ့ သမ္မာဒိဋ္ဌိဘီလူး။ နှစ်ယောက်လုံး ကလေးကို တွေ့ကြရာမှာ မိစ္ဆာဒိဋ္ဌိဘီလူးက ကလေးကို စားချင်တယ်၊ သမ္မာဒိဋ္ဌိဘီလူးက ဒီကလေးဟာ ဗုဒ္ဓသာဝကတပည့်သား ဖြစ်တယ်၊ သူ့ကိုစားရင် တို့များ ဒုက္ခတွေ့မယ်လို့ ပြောတယ်။ မစားဖို့ တားမြစ်တယ်။ ဒါပေမဲ့ တားလို့မရဘူး။ မိစ္ဆာဒိဋ္ဌိဘီလူးက ကလေးရဲ့ ခြေထောက်ကို ဆွဲတယ်။

ကဲ – ကလေးတို့ ... ဘီလူးဆွဲခံရတဲ့ ကလေးမိသားစုက ဘာကို အမြဲရွတ်ဆိုလေ့ရှိသလဲ၊ ကလေးတို့ မှတ်မိကြရဲ့လား.၊

"နမော ဗုဒ္ဓဿ" ကို ရွတ်ဆိုလေ့ရှိတယ်မဟုတ်လား။ ဘီလူးက ခြေထောက်ကို ဆွဲလိုက်တာနဲ့ တစ်ပြိုင်နက် အမြဲရွတ်ဆိုနေကျဖြစ်ပြီး စွဲနေတဲ့ "နမော ဗုဒ္ဓဿ" ကို လန့်ပြီး ရွတ်ဆိုလိုက်ပါတယ်။ အဲဒီအခါ ဗုဒ္ဓဂုဏ်တော်ကြောင့် မိစ္ဆာဘီလူးဟာ ကြောက်လန့်ပြီး ကလေးခြေထောက်ကို လွှတ်လိုက်ပါသတဲ့။ အဲဒီနောက်တော့ တို့တစ်တွေဟာ မလုပ်သင့်တာကို လုပ်မိပြီ၊ ဗုဒ္ဓသာဝက တပည့်သားကို ပြစ်မှားမိပြီ၊ ဒီအပြစ်ပျောက်အောင် ကိုယ့်ကိုယ်ကိုယ် အပြစ်ဒဏ်ပေးရမှာပဲလို့ ပြောပြီး၊ သမ္မာဒိဋ္ဌိဘီလူးက ကလေးကို စောင့်ရှောက်နေတယ်။ မိစ္ဆာဒိဋ္ဌိ ဘီလူးက မြို့ထဲဝင်ပြီး ရှင်ဘုရင်ရဲ့ ပွဲတော်အုပ် ခိုးယူတယ်။ ဘီလူးနှစ်ယောက်ဟာ တစ်ယောက်က အမိယောင်၊ တစ်ယောက်က အဖယောင်ဆောင်ပြီး ကျွေးမွေးကြတယ်။ ကျွေးမွေးပြီးတော့ ရှင်ဘုရင်သာ မြင်နိုင်တဲ့ စာတန်းတွေ ရေးတယ်။ စာတန်းရဲ့ အဓိပ္ပာယ်ကတော့ ကလေးကို သူတို့သတ်စားမယ်ကြံကြောင်း၊ ဗုဒ္ဓသာဝကတပည့်ကို ဒီလို ကြံစည်မိတဲ့အတွက် အပြစ်ပျောက်ပါစေရန် ရှင်ဘုရင်ရဲ့ပွဲတော်အုပ်ကိုယူပြီး ကလေးကို ကျွေးမွေးတဲ့အကြောင်းပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com



နံနက်မိုးလင်းပော့ ရှင်ဘုရင့်ပွဲတော်အုပ် ပျောက်သွားတဲ့အကြောင်း တစ်မြို့လုံး ပျံ့နှံ့သွားတယ်။ နန်းတွင်း၊ နန်းပြင်နဲ့ မြို့တံခါးတွေပိတ်ပြီး ရှာဖွေပေမယ့် မတွေ့ဘူး။ မြို့ပြင်ထွက်ရှာတော့ ထင်းလှည်းမှာ ပွဲတော်အုပ်ကို တွေ့တယ်။ ကလေးကို ဖမ်းပြီး ရှင်ဘုရင့်ဆီ ပို့ကြတယ်။ ရှင်ဘုရင်က ပွဲတော်အုပ်မှာ ရေးထားတဲ့စာကို မြင်လို့ ကလေးကိုမေးတယ်။ ကလေးက သူ ဘာမှုမသိဘူး။ ညက သူ့မိဘတွေ စားစရာတွေ အဲဒီခွက်နဲ့ ယူလာပြီး ကျွေးတယ်၊ ဒါလောက်ပဲ သူသိတယ်လို့ ပြောတယ်။

အဲဒီအချိန်မှာ ကလေးမိဘတွေဟာလည်း နန်းတော်ရောက်လာကြတယ်။ ရှင်ဘုရင်ဟာ ဒီကိစ္စကို နန်းတော်မှာ ရှင်းလို့ ထင်ထင်လင်းလင်း သိကြမှာမဟုတ်ဘူး။ ရှင်တော်ဗုဒ္ဓသာလျှင် အားလုံးသိအောင် ရှင်းပြနိုင်မယ်လို့ သဘောပေါက်ပြီး မိဘနဲ့ ကလေးကိုခေါ်ပြီး ရှင်တော်ဗုဒ္ဓထံ သွားကြတယ်။

ရှင်တော်ဗုဒ္ဓက ကြောင်းကျိုးဖော်ပြ ဓမ္မရေအေး တိုက်ကျွေးတော်မူတဲ့အတွက် ပရိသတ်အားလုံးဟာ အများကြီး ကောင်းကျိုးတွေရသွားတယ်။

အဲဒါ ဘုရားရတနာနဲ့ တွေ့ရတဲ့ အကျိုးပဲ။ ဒါကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို တွေ့ဖို့၊ ကြုံဖို့၊ ဆုံဖို့ဆိုတာ အလွန်ခဲယဉ်းပါတယ်။ ကံကောင်းထောက်မလို့ တွေ့ရတဲ့သူတွေအဖို့မှာလည်း ဘယ်လောက် အကျိုးရှိတယ်ဆိုတာ "နမောဗုဒ္ဓသံ" မိသားစုဝတ္ထုနဲ့ပဲ ထင်ရှားလှပါတယ်။

❊ *ဘေးအန္တရာယ် ရန်စွယ်များတဲ့*
*လောကတစ်လွှား ဤမြေဝယ်၊*
*ဘေးကင်းရန်ကွယ် အန္တရာယ်ဝေးတဲ့*
*မန္တန်နတ်ဆေး ရှိပါတယ်၊*
*ဆေးကောင်းရှိရင် တို့ကိုပေးပါ*
*အမြန်မနေ့ သောက်ကြမယ်၊*
*ဗုဒ္ဓံ ဓမ္မံ သံဃံ ရွတ်ကွယ်*
*အန္တရာယ်လွတ်လို့ ချမ်းသာမယ်၊*
*ရွတ်ကွယ် ... ရွတ်ကွယ် ...*
*ရွတ်မယ် ... ရွတ်မယ် ...*
*ငါတို့ရွတ်ကြမယ် ... ။*

http://www.dhammadownload.com



# မဋ္ဌကုဏ္ဍလီ ဝတ္ထု

ကလေးတို့ -

တို့ဗုဒ္ဓဘုရားလက်ထက်က သာဝတ္ထိမြို့မှာ "အဒိန္နပုဗ္ဗက" လို့ ခေါ်တဲ့ သူဌေးကြီးတစ်ယောက် ရှိတယ်။ ပစ္စည်းဥစ္စာ အင်မတန်ချမ်းသာတယ်၊ သူ့မှာ သားတစ်ယောက်ပဲရှိတယ်။

သူဌေးကြီးဟာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝပေမယ့် အလွန်နှမြော ကပ်စေးနှဲတယ်။ သားသမီး ဆိုလို့ တစ်ဦးတည်းသာရှိတဲ့ ဒီသားလေးကို ဘာမှ ဝတ်ကောင်းစားလှ ဆင်မပေးဘူး။ တော်ရုံသင့်ရုံပဲ ဆင်ပေးတယ်။ အဲဒီခေတ်ကတော့ ယောကျ်ားလေးများလည်း နားတောင်းဝတ်ကြလို့ သူ့အဖေ သူဌေးကြီးက အများနည်းတူ နားတောင်းလေး လုပ်ပေးတယ်။ သူကိုယ်တိုင်လုပ်တဲ့ အဲဒီနားတောင်းလေးဟာ အလွန့် ချောညက်တယ်တဲ့။ ဒါကြောင့် ဒီနားတောင်းလေး ဝတ်ထားတဲ့ သူဌေးသားလေးကို အများက "မဋ္ဌကုဏ္ဍလီ" လို့ အမည်ပေးကြတယ်။ သူဌေးသားလေးရဲ့ အမည်ကို "မဋ္ဌကုဏ္ဍလီ" လို့ ကလေးတို့ မှတ်ထားကြပါ။ "မဋ္ဌကုဏ္ဍလီ" ဆိုတာ "ချောညက်တဲ့ နားတောင်းလေး ဝတ်ထားသူ" လို့ အဓိပ္ပာယ်ရတယ်။

သူဌေးသားလေး ၁၆ နှစ်ရောက်တော့ တစ်နေ့မှာ တစ်စ တစ်စ ပိန်လာတဲ့ရောဂါ စွဲကပ်လာတယ်။ တခြားမိဘတွေဆိုရင်တော့ ကိုယ့်ရဲ့ တစ်ဦးတည်းသောသားလေးကို အကောင်းဆုံး ဆေးဆရာတွေ၊ သမားတော်ကြီးတွေနဲ့ အစွမ်းကုန် ကုမှာပေါ့။ မဋ္ဌကုဏ္ဍလီလေးကတော့ ကံမကောင်းရှာပါဘူး။ အဖေ သူဌေးကြီးက နှမြောလွန်းလို့ သူဌေးကတော်ကြီးက တိုက်တွန်းတာတောင် ဘယ်ဆေးဆရာ (ဆရာဝန်) ကိုမှ ခေါ်မကုဘူး။ သူ့ဘာသာသူ ဆေးဆရာတွေထံသွားပြီး "ဒီလို ဒီလို ရောဂါမျိုးဖြစ်ရင် ဘာဆေး တိုက်ရပါသလဲ" "ဘယ်လိုလုပ်ရင် ကောင်းပါသလဲ" လို့ မေးတယ်။ ဆေးဆရာတွေက ပြီးစလွယ်နဲ့ "ဘာကျွေး၊ ဘာလုပ်" ဆိုပြီး ဆေးမြီးတိုနည်းတွေနဲ့ပဲ သူ့သားလေးကို သူ့ဘာသာ ဆေးကုတယ်။

ဒီလို ဆေးမြီးတိုနည်းတွေနဲ့ ကုတာဟာ ပျောက်တာလည်းရှိ၊ မပျောက်တာလည်း ရှိတာပေါ့။ စနစ်တကျ ဖော်စပ်ထားတဲ့ဆေးမဟုတ်တော့ တချို့ဆိုရင် ရောဂါပိုဆိုးသွားတတ်တယ်။ အခုလည်း သူဌေးကြီးဟာ ဟိုဟိုဒီဒီကပြောတဲ့ ဆေးမြီးတိုနည်းတွေနဲ့ ကုလိုက်တာ ရောဂါက မပျောက်ဘဲ ပိုဆိုး လာတယ်။ အဖေဆိုတာ သားကိုချစ်ပေမယ့် သားထက် ပစ္စည်းဥစ္စာကို ပိုပြီး နှမြောလို့ သားကို ချစ်ရာ မရောက်ဘဲ နှစ်ရာရောက်နေတာပေါ့။ နောက်ဆုံး ရောဂါက ဘယ်လိုမှ မသက်သာဘဲ အသက်ဆုံးရတော့ မယ့်အခြေအနေ ရောက်လာတယ်။ ဒါတောင်မှ ဆရာ (ဆရာဝန်) တွေကို ခေါ်ဖို့ စိတ်မကူးဘူး၊ ပစ္စည်းဥစ္စာကို အရမ်းနှမြောတာဟာ ဘယ်လောက်ဆိုးတယ်ဆိုတာ ကလေးတို့ မှတ်ထားရမယ်။

http://www.dhammadownload.com



ပစ္စည်းဥစ္စာဆိုတာ နှမြောသင့်ရင် နှမြောရတယ်။ ခုလို ကျန်းမာရေးကိစ္စတို့၊ ပညာရေးကိစ္စတို့၊ အခြား ရပ်ရေးရွာရေး သာသနာရေးနဲ့ပတ်သက်တဲ့ ကိစ္စတို့မှာ မနှမြောရဘူး။ ကိုယ့်ရှိတဲ့အင်အားနဲ့ ချိန်ပြီး အသုံးပြုရမယ်။ ဒီလို သုံးတာမျိုးကို တို့ရဲ့ဗုဒ္ဓဘုရားက နှစ်သက်တော်မူတယ်။

**ကလေးတို့ –**

တချို့ကလေးဟာ ပစ္စည်းကို မနှမြောတတ်ဘူး။ ပိုက်ဆံကိုလည်း အရမ်းသုံးပစ်တတ်ကြတယ်။ ကိုယ့်ပစ္စည်းကို မပျက်စီးအောင် ရိုရိုသေသေ သုံးတတ်ရမယ်။ အမေ အဖေပေးတဲ့ ပိုက်ဆံကိုလည်း အရမ်းသုံးမပစ်ရဘူး။ အစားအစာ ဝယ်စားလို့ကုန်တာ ကိစ္စမရှိပေမယ့် တချို့ကလေးတွေဟာ ငယ်ငယ်လေးနဲ့ ဆေးလိပ်ဝယ်သောက်တယ်၊ ကွမ်းယာဝယ်စားတယ်၊ ဘိလိယက် ထိုးတယ်၊ အလောင်းအစားလုပ်တယ်။ ဒီလို အကျိုးမရှိတဲ့ကိစ္စတွေနဲ့ သုံးပစ်တာဟာ လုံးဝမကောင်းဘူး။ ဒီလိုနေရာမျိုးမှာ နှမြောတတ်ရမယ်၊ စနစ်ရှိရမယ်။ ဒီလို နှမြောတာမျိုးကို တို့ဗုဒ္ဓဘုရားက မကန့်ကွက်တဲ့အပြင် အားတောင်ပေးပါလိမ့်ဦးမယ်။

အခု မဋ္ဌကုဏ္ဍလီရဲ့ အဖေ သူဌေးကြီးကတော့ မနှမြောသင့်တာ နှမြောနေလို့ အချစ်ဆုံးသားလေး အသက်ဆုံးရတော့မယ်။ ဘယ်လောက် ဝမ်းနည်းစရာကောင်းသလဲ။ သားလေးထက် ပစ္စည်းဥစ္စာကို ပိုပြီး တန်ဖိုးထားတယ်လို့ ဆိုရမယ်နော်။

အခုလို သားလေးက ရောဂါတိုးပြီး အသက်ဆုံးရတော့မယ်လို့ သိတော့ နဂိုက အိမ်ထဲထားရာကနေ အိမ်ရှေ့ဆင်ဝင်ဘက်ကို သားလေးကို ထုတ်လာတယ်။ တကယ်လို့ သေရင် လူတွေလာမေးကြတဲ့အခါ သူ့ရဲ့ပစ္စည်းဥစ္စာတွေကို လူတွေမြင်မှာစိုးလို့တဲ့။ ဘယ်လောက်များ သားလေးအပေါ် လုပ်ရက်တယ်ဆိုတာ ကလေးတို့ မှတ်ထားကြရမယ်။

သူဌေးသားလေးကတော့ ရောဂါဒဏ်ကြောင့် အိပ်ရာထဲမှာ လဲနေရတယ်။ သေဖို့ အခြေအနေက တစ်စထက်တစ်စ နီးလာနေတယ်။

သူဌေးသားလေး မသေမီ အရင်တစ်ရက် နံနက်စောစောမှာ ဗုဒ္ဓဘုရားက "ဘယ်သူ့ကိုများ ချမ်းသာအောင် ချီးမြှောက် စောင့်ရှောက်ရပါ့မလဲ" လို့ ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ မဋ္ဌကုဏ္ဍလီ သူဌေးသားလေးကို မြင်တော်မူတယ်။

တို့ ဗုဒ္ဓဘုရားဟာ သတ္တဝါတွေကို လွန်စွာ သနားတော်မူတယ်။ သတ္တဝါတွေ ချမ်းသာမယ်ဆိုရင် ဘယ်လောက်ဝေးတဲ့ ခရီးကြီးဖြစ်ဖြစ် ချက်ချင်း ကြွသွားပြီး ချမ်းသာအောင် စောင့်ရှောက်တော်မူတယ်။ တို့ ဗုဒ္ဓဘုရားဟာ မိတ်ဆွေ၊ ရန်သူလို့ ခွဲခြားသတ်မှတ်တဲ့စိတ်ထား ရှိတော်မမူဘူး။ မိမိအပေါ် ရန်သူလိုနေတဲ့ ပုဂ္ဂိုလ်ပင် ဖြစ်ပါစေ၊ သူသွားလို့ ချမ်းသာမယ်ဆိုရင် ကြွသွားလို့ စောင့်ရှောက်ခဲ့တာတွေ သက်သေသာဓက အများကြီးရှိပါတယ်။ ဒါကြောင့်မို့လည်း တို့ရဲ့ ဗုဒ္ဓဘုရားကို "အနန္တမေတ္တာတော်ရှင်" ဆိုရသလို "ကြီးမြတ်တော်မူသော မဟာကရုဏာရှင်" လို့လည်း ခေါ်ရတာပေါ့။

http://www.dhammadownload.com



အခုလည်း မဋ္ဌကုဏ္ဍလီ သူဌေးသားလေး မကြာမီ သေမယ်ဆိုတာ သိတော်မူလို့ နောက်တစ်နေ့ မနက် ဆွမ်းခံထွက်ချိန်မှာ နောက်ပါ သံဃာတော်များစွာနဲ့ မဋ္ဌကုဏ္ဍလီတို့အိမ်ရှိတဲ့ လမ်းကနေ ဆွမ်းခံ ကြွလာတော်မူတယ်။ ဘုရားကြွလာချိန်မှာ မဋ္ဌကုဏ္ဍလီဟာ အိမ်အတွင်းဘက်ကို မျက်နှာပြုနေချိန်မို့ ဘုရားရှင်ကြွလာတာကို မမြင်ရသေးဘူး။ ဒါကို ဘုရားသိတော်မူတဲ့အတွက် ရောင်ခြည်တော်တွေ လွှတ်တော်မူတယ်။

ရောင်ခြည်တော်ဟာ (အညို၊ အဝါ၊ အနီ၊ အဖြူ၊ အမောင်းနဲ့၊ ရောင်စုံ) လို့ ၆ မျိုးရှိတယ်။ ဘုရားရှင် ဟာ ဒီအရောင်တွေ ထွက်စေချင်လို့ ဈာန်ဝင်စားလိုက်ရင် ဘုရားရှင်ရဲ့ ခန္ဓာကိုယ်က အရောင်တွေ ထွက်လာတယ်။ ဒါကို ရောင်ခြည်တော်လို့ ခေါ်တယ်။

မဋ္ဌကုဏ္ဍလီက အိမ်အတွင်းဘက်ကို မျက်နှာမူနေလို့ ဘုရားကို မမြင်တဲ့အတွက် အိမ်အတွင်း ဘက်ကို ရောက်သွားတယ်။ ဝင်းခနဲ လက်ခနဲ ထူးခြားဆန်းကြယ်တဲ့အရောင်ကို မဋ္ဌကုဏ္ဍလီ မြင်တော့ ဘာအရောင်တွေပါလိမ့်လို့ အရောင်လာရာဘက်ကို လှည့်ကြည့်လိုက်တဲ့အခါ အင်မတန် တင့်တယ်သပ္ပာယ် တော်မူသော ဗုဒ္ဓဘုရားကို အလွန်ကြည်ညိုဖွယ်ကောင်းတဲ့ သံဃာတော်များနဲ့အတူ ဆွမ်းခံကြွနေတာကို မြင်ရတယ်။ အဲဒီအခါ သူ့စိတ်ထဲမှာ အလွန်ကြည်လင် ဝမ်းသာတဲ့စိတ်၊ ကြည်ညိုအားရတဲ့စိတ်တွေ ဖြစ်လာတယ်။ ဒီလို ကြည်ညိုဝမ်းသာတဲ့စိတ်ကို ကုသိုလ်စိတ်လို့ ခေါ်တယ်။

ဗုဒ္ဓဘုရားနဲ့ သံဃာတော်တွေကို ကြည့်ပြီး ကြည်ညိုတဲ့စိတ်တွေဖြစ်နေတုန်း မဋ္ဌကုဏ္ဍလီ သူဌေးသား လေးဟာ အသက်ဆုံးသွားရရှာတယ်။

ဘုရားကို ကြည်ညိုတဲ့စိတ်တွေနဲ့ သေရတဲ့အတွက် မဋ္ဌကုဏ္ဍလီ သူဌေးသားလေးဟာ တာဝတိံသာ နတ်ပြည်မှာ နတ်သားသွားဖြစ်တယ်။ ကြီးကျယ်ခမ်းနားတဲ့ ဘုံဗိမာန်ကြီးနဲ့ အခြံအရံ နတ်သမီးများစွာနဲ့ နေရတယ်။

နတ်တွေဆိုတာ နတ်ပြည်ရောက်ရင် "ငါ ဘာကြောင့် ဒီလို ကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်ချမ်းသာ တွေ ရပါသလဲ" လို့ မိမိတို့ရဲ့ ကုသိုလ်ကောင်းမှုကို ပြန်ပြီး ဆင်ခြင်စဉ်းစားလေ့ရှိကြတယ်။ မဋ္ဌကုဏ္ဍလီ နတ်သားဟာလည်း ဒီလိုပြန်ပြီး စဉ်းစားဆင်ခြင်လိုက်တော့ "သေခါနီး ဘုရားရှင်ကို ကြည်ညိုခဲ့လို့" ဆိုတာ သိရတယ်။ ဒါကြောင့် သူ့ရဲ့ အခြွေအရံတွေနဲ့ ဘုရားထံလာပြီး အကျိုးအကြောင်း လျှောက်တယ်။

**ကဲ – ကလေးတို့ . . .**

မဋ္ဌကုဏ္ဍလီ သူဌေးသားလေးဟာ ဘာကြောင့် ကြီးကျယ်တဲ့ ခမ်းနားတဲ့ နတ်စည်းစိမ်ကို ရသလဲလို့ ဆိုရင် ဗုဒ္ဓဘုရားကို ကြည်ညိုလို့ဆိုတာ ကလေးတို့ သဘောပေါက်တယ်မဟုတ်လား။ ဘုရားကို ကြည်ညို ရကာကလည်း များများစားစား မဟုတ်ဘူး။ သေခါနီး ခဏ္ဍခဏလောက်သာ ကြည်ညိုလိုက်ရတယ်

http://www.dhammadownload.com



မဟုတ်လား။ တခြားကုသိုလ်ဆိုလို့ ဘာမျှမရှိတဲ့ သူဌေးသားလေးဟာ ဘုရားကို တကယ်ကြည်ညိုတဲ့အတွက် ဒီလိုကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်ချမ်းသာတွေကို ရတယ်ဆိုတော့ ကလေးတို့ – ဘုရားကို တကယ်ကြည်ညိုရင် ဘယ်တော့မှ အောက်တန်းမကျနိုင်ဘူး။ အမြဲတမ်းကောင်းတဲ့ ဘုံဘဝတွေမှာ အထက်တန်းကချည်း နေရမှာ သေချာပါတယ်။

မဋ္ဌကုဏ္ဍလီဟာ တစ်ကြိမ်တစ်ခါ ကြည်ညိုရုံနဲ့ ဒီလောက်ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေ ရတယ်ဆိုရင် ဗုဒ္ဓဘုရားကို နေ့စဉ်ရှိခိုးသူ၊ ဗုဒ္ဓဘုရားကို ကြည်ညိုသူတွေဟာ ဒီထက်မက ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာတွေ ရမယ်ဆိုတာ ကလေးတို့ မှတ်ထားရမယ်နော်။

ဒါကြောင့် ကလေးတို့ဟာ ဗုဒ္ဓဘုရားကို ရိုသေရမယ်၊ ကြည်ညိုရမယ်၊ ဆည်းကပ်ကိုးကွယ်ရမယ်၊ ပူဇော်ရမယ်၊ ဗုဒ္ဓဘုရားကို ကြည်ကြည်ညိုညိုနဲ့ ရှိခိုးရမယ်။

ကဲ – ကလေးတို့ ... ညီညီညာညာ ရွတ်ဆိုကြစမ်းပါ။

❁ *လောကတစ်ဝှင် အမြတ်ဆုံးမို့*
*လူ, နတ် အားလုံး ပူဇော်ရာ၊*
*ငါတို့ဆရာ မြတ်ဘုရားနဲ့*
*တရားဓမ္မ မြတ်သံဃာ၊*
*လက်အုပ်အဥ္ဇလီ တင်ချီမိုးလို့*
*နေ့စဉ်ရှိခိုး ပူဇော်ပါ၊*
*ဘေးဒဏ်ရန်ကင်း အန္တရာယ်ရှင်း*
*သတင်းကျော်စောမှာ၊*
*အဲဒါကြောင့် – ဗုဒ္ဓ ဓမ္မ သံဃာ ကိုးကွယ်ပါ။*

http://www.dhammadownload.com


# ဗုဒ္ဓကို ဘာကြောင့် ဆည်းကပ် ကိုးကွယ်ကြသလဲ

**အပါယ်သွားလမ်း ၊ နတ်ရွာလမ်းနှင့် ၊ မဂ်လမ်း ဖိုလ်ဝင်**
**နိဗ္ဗာန်မြင်ဖို့ ၊ သွန်သင်ပြသ ၊ ဆုံးမတတ်ပေ**
**ကျေးဇူးတွေကြောင့် ၊ မသွေနိစ္စ ဆည်းကပ်ကြသည်**
**ဗုဒ္ဓမြတ်စွာ မြတ်စွာဘုရား ॥**

အို – ကလေးတို့ … ဗုဒ္ဓဟာ ကောင်းကင်ဘုံက နတ်, ဗြဟ္မာ မဟုတ်ဘူး။ လူ့ဘုံက လူသား တစ်ဦးသာ ဖြစ်တယ်။

ဗုဒ္ဓရဲ့ကိုယ်ရေးရာဇဝင် (ဗုဒ္ဓဝင်) ကို ကြည့်ရင် ဗုဒ္ဓဟာ လူသားတစ်ဦးသာဖြစ်ကြောင်း ထင်ရှား ပါတယ်။

## ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသား

ဗုဒ္ဓဟာ မဟာသက္ကရာဇ် (၆၈) ခု၊ ကဆုန်လပြည့်၊ သောကြာနေ့ လုမ္ဗိနီဉယျာဉ်မှာ မွေးဖွားတော် မူခဲ့တယ်။ ခမည်းတော်က ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၊ မယ်တော် မာယာဒေဝီ၊ မိထွေးတော်က ဂေါတမီ၊ မဟာသက္ကရာဇ် (၈၀) ခုနှစ်၊ သက်တော် (၁၆) နှစ်အရွယ်မှာ ထီးနန်းဆက်ခံ မင်းစည်းစိမ်ကို ခံစားခဲ့ကယ်။ မိဖုရားက ယသော်ဓရာ၊ သားတော် ရာဟုလာ၊ သက်တော် (၂၉) အရောက် မဟာသက္ကရာဇ် (၉၇) ခုနှစ်မှာ သာမညလူတို့ ပြုဖို့ရာ အလွန်ပဲ ခဲယဉ်းလှတဲ့ မင်းစည်းစိမ်ကို စွန့်ပြီး တောထွက်ခဲ့ကြတယ်။ တောထဲမှာ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း ကျင့်ရတဲ့အကျင့် (ဒုက္ကရစရိယာ) ကို (၆) နှစ် ကျင့်တယ်။ (ကလေးတို့ – သတိပြုရမှာကတော့ ဘုရားလောင်းကျင့်တဲ့ အကျင့်ကို "ဒုက္ကရစရိယာ" လို့ ခေါ်တယ်။ တချို့က မှားပြီး ဒုက္ခစရိယာလို့ ပြောကြတယ်။ အဲဒါကို သတိပြုပါ)။ သက်တော် (၃၅) နှစ်၊ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်မှာ သုံးလောကထွဋ်ထား ဘုရားအဖြစ် ရောက်ရှိတော်မူခဲ့တယ်။

အဲဒါက ဗုဒ္ဓရဲ့ ဒီဘဝဖြစ်စဉ် အကျဉ်းချုပ်ဖြစ်တယ်။ ဗုဒ္ဓဟာ ကောင်းကင်ဘုံက နတ်, ဗြဟ္မာ မဟုတ်၊ လူ့ဘုံက လူသာဖြစ်တယ်ဆိုတာ သိရုံလောက်သာ ထုတ်ပြလိုက်ခြင်း ဖြစ်တယ်။

လူသားတစ်ဦးသာဖြစ်တဲ့ ဗုဒ္ဓကို လူသားချင်းအတူတူဖြစ်တဲ့ မိမိတို့က ဘာကြောင့် ဆည်းကပ် ကိုးကွယ်ကြရသလဲဆိုတော့ ကမ္ဘာလောကကြီးမှာရှိတဲ့ သူတွေထဲမှာ အသိဉာဏ်အရှိဆုံး၊ အကျင့်အကောင်းဆုံး ဖြစ်ပြီး၊ ဒီလမ်း (လမ်းစဉ်) ကတော့ အပါယ်သွားတဲ့လမ်းပဲ။ ဒီလမ်းကို မလျှောက်ကြနဲ့။ ဒီလမ်းက နတ်ရွာသွားတဲ့လမ်း၊ ဒီလမ်းက မဂ်ရစေတဲ့လမ်း၊ ဒီလမ်းက ဖိုလ်ကို ဝင်ရောက်နိုင်တဲ့လမ်း၊ ဒီလမ်းတော့ နိဗ္ဗာန်မြင်ရတဲ့လမ်းလို့ ရှောင်ရမယ့်လမ်းနဲ့ လျှောက်ရမယ့်လမ်းကို ညွှန်ကြားပြသ ဆုံးမတယ်။ အဲဒါကြောင့်

http://www.dhammadownload.com



ဗုဒ္ဓကို ဆည်းကပ် ကိုးကွယ်ကြရတယ်။ ဥပမာ – ကလေးတို့ကို အသိဉာဏ်ပေးနိုင်တဲ့ မိဘတွေ၊ ဆရာသမားတွေကို အားကိုးအားထား ပြုကြရသလိုပဲပေါ့။

ဗုဒ္ဓဟာ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ စိတ်ချမ်းသာရေး ကိုယ်ချမ်းသာမှုကို ညွှန်ပြနိုင်ဖို့အတွက် မိမိအသက်ကို မငဲ့တတ်ဘဲ ကမ္ဘာပေါင်းများစွာ ဒါန စတဲ့ ပါရမီတွေ ဖြည့်ကျင့်ခဲ့ရတယ်။ အဲဒီလို ဖြည့်ကျင့်ခဲ့တဲ့အတွက် ကမ္ဘာလောကမှာ အမြင့်မြတ်ဆုံး ဗုဒ္ဓအဖြစ်ကို ရောက်ရှိတော်မူခဲ့တယ်။

ဗုဒ္ဓဟာ သက်တော်ထင်ရှားရှိစဉ်က (၄၅) နှစ်လုံးလုံး နယ်အစုံစုံ၊ မြို့အဖြာဖြာ ကျေးရွာတွေအနှံ့ မနေမနား ဆုံးမညွှန်ကြား တရားဟောကြားတော်မူခဲ့တယ်။

ဗုဒ္ဓညွှန်ပြတဲ့ တရားတော်တွေကို ဓမ္မလို့ ခေါ်တယ်။ ဗုဒ္ဓရဲ့ ဓမ္မတွေဟာ အကျဉ်းချုပ်ပြောရရင် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်ပဲ ဖြစ်တယ်။

ဗုဒ္ဓ ပွင့်ထွန်းပေါ်ပေါက်ပြီးနောက် ပဉ္စဝဂ္ဂီငါးဦး အစရှိတဲ့ တပည့်ရဟန်း သံဃာတွေ ပေါ်လာပါတယ်။ အဲဒီ ရဟန်းသံဃာတော်တွေကို "သံဃာ" လို့ ခေါ်ပါတယ်။

အဲဒီလို "ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ" ဆိုတဲ့ ရတနာသုံးပါးဟာ ကမ္ဘာသူ ကမ္ဘာသား ဝေနေယျသတ္တဝါများ အကျိုးအတွက် ပွင့်ထွန်းပေါ်ပေါက်လာခဲ့ပါတယ်။

အဲဒီ "ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ" ဆိုတဲ့ ရတနာသုံးပါးနဲ့ တွေ့ဖို့၊ ကြုံဖို့၊ ဆုံဖို့ဆိုတာ ခဲယဉ်းပါတယ်။ တွေ့ကြုံဆုံလို့ ဆည်းကပ် ကိုးကွယ်ပြန်တော့လည်း ခုဘဝရော၊ နောင်ဘဝမှာပါ ချမ်းသာသုခ ရနိုင်ပါတယ်။

*အခြေခံ ဗုဒ္ဓဘာသာသင်ခန်းစာ (၉ – ၂၉)*

❊ *အိပ်ရာဝင်သော် သတိရလို့၊ ဗုဒ္ဓ, ဓမ္မ, သံဃာရယ်၊*
*ကိုးကွယ်ပါတယ် စိတ်မှာညွှတ်လို့၊*
*နှုတ်ပါ တွတ်တွတ် ရွတ်ရတယ်၊*
*အိပ်ရာထပြန် တစ်ဖန်ထပ်၍*
*မှန်မှန်မပြတ် ရွတ်ပါ့ကွယ်၊*
*ဘေးအန္တရာယ် ရန်စွယ်ကင်းလို့*
*ကောင်းခြင်းသုခ ရလိမ့်မယ်။*
*ရမယ်...ရမယ်။*

❖

http://www.dhammadownload.com



# ဗုဒ္ဓဝင် ဘုရားရှိခိုးလင်္ကာ

## သန္ဓေယူသောနေ့ (မ = သန်)

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။

## ဖွားတော်မူသောနေ့ (သိ = ဖွား)

သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြဲ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ္၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို။

## တောထွက်သောနေ့ (ကြ = တော)

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဥ္၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခန်းမှာကို။

## ဘုရားဖြစ်သောနေ့ (လတ် = ပွင့်)

တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို။

## ဓမ္မစကြာဟောသောနေ့ (တွေး = စက်)

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။

http://www.dhammadownload.com


## ပရိနိဗ္ဗာန်စံသောနေ့ (ဆ = စု)

တရားနတ်စည်၊ ဆော်ရွမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကား ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာ္ဒရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝုန်းဆူသောင်းလုံး ကျော်တယ်ကို။

## တေဇောဓာတ်လောင်သောနေ့ (အပ် = သင့်)

နိဗ္ဗူစံပြီ၊ ရှမအီသား၊ သီဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည့် မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

## ရှိခိုးဆုတောင်း

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဒါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသောဝ်။

*(လယ်တီဆရာတော်)*

## ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓဝင် အကျဉ်းချုပ်

*ဆောင်ပုဒ်။* ။ *မ – သိ – ကြ – လတ်၊ တွေး – ဆ – အပ်၊ နေ့မြတ်ခုနစ်ထွေ။*
*သန် – ဖွား – တော – ပွင့်၊ စက် – စု – သင့်၊ ရှင်ပင့် သာကီဆွေ။*

### ရှင်းလင်းချက်

| | | | |
|---|---|---|---|
| ၁။ | မ | = | ကြာသပတေးနေ့တွင် |
| | သန် | = | ပဋိသန္ဓေနေတော်မူပါသည်။ |
| ၂။ | သိ | = | သောကြာနေ့တွင် |
| | ဖွား | = | ဖွားမြင်တော်မူပါသည်။ |
| ၃။ | ကြ | = | တနင်္လာနေ့တွင် |
| | တော | = | တောထွက်တော်မူပါသည်။ |

http://www.dhammadownload.com



၄။ လတ် = ဗုဒ္ဓဟူးနေ့တွင်
ပွင့် = ဘုရားပွင့်တော်မူပါသည်။
၅။ တွေး = စနေနေ့တွင်
စက် = ဓမ္မစကြာတရား ဟောတော်မူပါသည်။
၆။ ဆ = အင်္ဂါနေ့တွင်
စု = စုတိပရိနိဗ္ဗာန် စံတော်မူပါသည်။
၇။ အပ် = တနင်္ဂနွေနေ့တွင်
သင့် = တေဇောဓာတ် (မီးသင့်) လောင်တော်မူပါသည်။

## ဗုဒ္ဓဝင်အကျဉ်း ( စကားပြေ )

ဟို – ရှေးတုန်းက အမရဝတီပြည်မှာ သုမေဓာ ဆိုတဲ့ သူဌေးသားကလေးရှိတယ်။ သူ့အဖေ အမေတွေ ဆုံးသွားကြတဲ့အခါမှာ သူဟာ ရှိသမျှပစ္စည်းတွေကို အကုန်လုံး စွန့်ကြဲပေးကမ်း လှူဒါန်းပြီးတော့ တောထွက်သွားတယ်။ တောထွက်ပြီး တရားကျင့်လိုက်တာ ဈာန်အဘိညာဉ်တွေ အကုန်ရပြီးတော့ မြေလျှိုးမိုးပျံနိုင်တယ်။ အင်မတန် တန်ခိုးကြီးတာပေါ့။ အဲဒီအချိန်မှာ ဒီပင်္ကရာ မြတ်စွာဘုရား ကြွတော်မူမှာမို့ လူတွေဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ လမ်းပြင်နေကြတယ်။ သုမေဓာရသေ့ဟာ ကောင်းကင်မှာ ပျံသွားရင်း လူတွေကိုမြင်တော့ ဆင်းပြီး "ဒကာကြီးတို့ ဘာလုပ်နေကြသလဲ" လို့ မေးတော့၊ "တပည့်တော်တို့ ဘုရားကြွမည့်လမ်း ပြင်နေကြပါတယ်ဘုရား" လို့ ပြန်ပြောကြတယ်။ ဒီတော့ ရသေ့ကြီးက "ကျုပ်ကိုလည်း လမ်းပြင်ဖို့ တစ်နေရာပေးပါ။ ကျုပ်လည်း လုပ်ပါရစေ" လို့ ပြောတယ်။ လူတွေက ရသေ့ကြီး တန်ခိုးကြီး မှန်းသိတော့ ရွှံ့ဗွက်ထူပြီး ခက်ခဲတဲ့နေရာကို ပေးကြတယ်။ ရသေ့ကြီးက "ငါ တန်ခိုးနဲ့မလုပ်ဘူး၊ ကုသိုလ်ရအောင် ကိုယ်တိုင်လုပ်မယ်" ဆိုပြီး ပေါက်တူးတစ်လက်နဲ့ တစ်မနက်ခင်းလုံး ကြိုးစားပြီးပြင်နေတုန်း ပြီးခါနီးကျမှ မြတ်စွာဘုရားက နောက်ပါသံဃာတော် လေးသိန်းနဲ့ ကြွလာပါရော။ မြတ်စွာဘုရားကိုမြင်တော့ "ဒီလောက်ကြည်ညိုစရာကောင်းပြီး ကျက်သရေရှိတဲ့ မြတ်စွာဘုရားခြေတော်ဟာ ရွှံ့ထဲမှာ မနင်းပါစေနဲ့၊ ငါ့သေလျှင် သေပါစေ၊ ငါ့ကိုယ်ပေါ်ကပဲ နင်းပြီး ကြွပါစေ၊ ငါလည်း နောင်အခါမှာ ဘုရားဖြစ်ရပါလို၏" လို့ စိတ်ထဲမှာ ကြံပြီး ရွှံ့ထဲမှာ ဝမ်းလျားမှောက်နေရင်း ဆုပန်လိုက်တယ်။ မြတ်စွာဘုရားက ကြွလာတော်မူလာပြီး ခေါင်းနားမှာရပ်ပြီးတော့ ဗျာဒိတ်ပေးလိုက်တယ်။ "ချစ်သား ရဟန်းတို့၊ ဒီရသေ့ဟာ သာမညပုဂ္ဂိုလ် မဟုတ်ဘူး၊ နောင်အခါမှာ ငါကဲ့သို့ပင် ဘုရားတစ်ဆူ ဖြစ်လိမ့်မယ်" တဲ့။ ပြီးတော့ သူ့ကို မနင်းဘဲ ဘေးနားက ကွင်းပြီး ကြွတော်မူသွားတယ်။ ရသေ့ကြီးဟာ အလျားမှောက်နေရာက ထပြီးတော့ "ဆုတောင်းရဲ့၊

ဗျာဒိတ်ရရုံနဲ့တော့ ဘုရားဖြစ်မှာမဟုတ်ဘူး။ ဘုရားဖြစ်ဖို့ အကျင့်တွေကိုကျင့်မှသာ ဘုရားဖြစ်မှာပဲ" လို့ စဉ်းစားပြီးတော့ အကျင့်တရားတွေကို တွေးတောရှာဖွေတဲ့အခါမှာ ပါရမီ ၁၀ ပါးကို တွေ့တယ်။

ပါရမီ ၁၀ ပါးကတော့ –

**ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ** တဲ့။

**( ဒါန သီလာ၊ နိက္ခမာ၊ ပညာဝီရိယ။ ခန္တီ သစ္စာ၊ အဓိဋ္ဌာ၊ မေတ္တာ ဥပေက္ခ )**

အဲဒီဘဝကစပြီးတော့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတွေ ဖြည့်ကျင့်ပြီး တုသိတာ နတ်ပြည်မှာ သေတကေတု ဆိုတဲ့ နတ်သားကလေး ဖြစ်နေတဲ့အချိန်မှာ စကြဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာတွေ ဝိုင်းပြီး တောင်းပန်ကြလို့ ဝါဆိုလပြည့် ကြာသပတေးနေ့မှာ လူ့ပြည်ကိုဆင်းပြီး သုဒ္ဓေါဒန မင်းကြီးရဲ့မိဖုရား မာယာဒေဝီရဲ့ဝမ်းထဲမှာ သန္ဓေယူတော်မူတယ်။

*(ဒီနေရာမှာ သုံးလူ့ရှင်ပင် ပထမပုဒ်ကို ဆိုပြပါ)*

အဲဒီလို သန္ဓေယူလို့ ဆယ်လပြည့်တဲ့အခါမှာ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့မှာ လုမ္ဗိနီ အင်ကြင်းတောထဲမှာ ဖွားတော်မူတယ်။ ဖွားလျှင်ဖွားချင်း လမ်းလျှောက်နိုင်တယ်။ စကားကြီးသုံးခွန်းလည်း ပြောတယ်။ ပြောတဲ့စကားကတော့ "လောကမှာ ငါ အမြတ်ဆုံးဖြစ်သည်။ လောကမှာ ငါအကြီးဆုံးဖြစ်သည်။ လောကမှာ ငါအချီးမွမ်းခံထိုက်ဆုံးဖြစ်သည်" တဲ့။ အဲဒီလိုဖွားတဲ့အခါမှာ ကမ္ဘာမြေကြီးဟာ တုန်ခါမြည်ဟည်းပြီးတော့ အလေးပြုတယ်။

*(သန္ဓေယူခါ .......................... အောင်မှူ့လမ်းပါကို) ဆိုပြပါ။*

ဖွားမြင်ပြီးတော့ ဆယ့်ခြောက်နှစ်သားအရွယ်မှာ ရမ္မ – သုဘ – သုရမ္မ ဆိုတဲ့ ရွှေနန်းသုံးဆောင်မှာ မင်းစည်းစိမ်ကို ၁၃ နှစ်တိုင်တိုင် စံစားပြီးတော့ သက်တော် ၂၉ နှစ်မှာ သူအို – သူနာ – သူသေ – ရဟန်း လို့ဆိုတဲ့ သတိပေးနိမိတ်ကြီးလေးပါးကို တွေ့ပြီးတော့ သံဝေဂရတာနဲ့ ဝါဆိုလပြည့်၊ တနင်္လာနေ့မှာ တောထွက်ပြီး အနော်မာသောင်ကမ်းမှာ ရဟန်းပြုတော်မူတယ်။

*(ဖွားမြင်မြောက်သော် ....................... ပင်ရိပ်ခမ်းမှာကို) ဆိုပြပါ။*

ရဟန်းပြုပြီးတော့ ဉရုဝေဠတောထဲမှာ လူသာမန်တို့ ကျင့်နိုင်ခဲ့တဲ့ ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူပြီးတော့ ဘုရားဖြစ်မည့်နေ့၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာ သုဇာတာ သူဌေးသမီး လှူဒါန်းတဲ့ နို့ဃနာဆွမ်းကို ဘုဉ်းပေးကာ ဗောဓိပင်အောက်က ရွှေပလ္လင်ပေါ်မှာ ထိုင်တော်မူတယ်။ အဲဒီအချိန်မှာ မာရ်နတ်က လက်ရုံးတစ်ထောင် ဖန်ဆင်းပြီး ဂိရိမေခလာဆင်ကြီးကို စီးပြီးတော့ မကောင်းဆိုးဝါးစစ်တပ်ကြီးနဲ့ လာတိုက်တယ်။ "သိဒ္ဓတ္ထမင်းသား၊ သင် ဒီပလ္လင်က ဖယ်လိုက်ပါ၊ ဒီပလ္လင်ဟာ

http://www.dhammadownload.com



ကျွန်ပ်ပိုင်ပလ္လင်ဖြစ်တယ်။ မယုံလျှင် ဒီပရိသတ်တွေကို မေးကြည့်ပါ" လို့ ပြောတော့ "ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒီပလ္လင်ကို မာရ်နတ်မင်း ပိုင်ပါတယ်" လို့ ဘီလူးသရဲတွေက ဝိုင်းအော်ကြတယ်။ ဒီတော့ အလောင်းတော်က "ငါ့မှာတော့ သီးခြားသက်သေပြစရာ မရှိဘူး။ ဇောဓိပင်နှင့် ရွှေပလ္လင်အတွက် ပါရမီတွေ ဖြည့်ခဲ့တုန်းက ဟောဒီမြေကြီးပေါ်မှာ ရေစက်သွန်းချခဲ့တယ်။ ဟောဒီမြေကြီး သိပါတယ်" လို့ ပြောပြီးတော့ မြေကြီးကို လက်ညှိုးညွှန်ပြလိုက်တယ်။ အဲဒီအခါမှာ မြေကြီးဟာ အိုးထိန်းစက်လို သွက်သွက်ခါတုန်ပြီးတော့ "ဟုတ်ပါတယ်" လို့ ဝန်ခံသလို အသံကြီး ဟိန်းပြတယ်။ မာရ်နတ်မင်းရဲ့ စစ်တပ်ကြီးဟာ ရပ်တည်ရာမရဖြစ်ပြီးတော့ ပျောက်ပျက်ပြေးသွားကုန်ကြတယ်။ နတ်တွေ ဗြဟ္မာတွေက ပန်းမိုးတွေ ရွာချပြီး အရှိအသေပြုကြတယ်။

*(လက်ရုံးတစ်ထောင် ....................................... ဆိုရမည်)*

နောက် ဆက်ထိုင်ပြီး တရားအားထုတ်လိုက်တာ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယ ဉာဏ်တွေကို အစဉ်အတိုင်းရပြီးတော့ သဗ္ဗညုဘုရားရှင် ဖြစ်လာပါတယ်။

*(တောရပ်မြိုင်ပေါ် .................................. ငြိမ်းဖွယ်ကို) ဆိုပြပါ။*

ဘုရားဖြစ်တော်မူပြီးတော့ ဗာရာဏသီပြည် မိဂဒါဝုန်တောကို ကြွတယ်။ ပဉ္စဝဂ္ဂီငါးဦးကို အမှူးထားပြီးတော့ စကြဝဠာတိုက်တစ်သောင်းက လာရောက်စုရုံးနေကြတဲ့ နတ်ဗြဟ္မာတွေကို ဝါဆိုလပြည့် စနေနေ့မှာ ဓမ္မစကြာတရားကို ဟောကြားတော်မူပါတယ်။

*(ဘုရားဖြစ်ခါ .................................. ရွှမ်းတယ်ကို) ဆိုပြပါ။*

အဲဒီအချိန်ကစပြီး ၄၅ ဝါတိုင်တိုင် လူနတ်ဗြဟ္မာ သတ္တဝါတွေကို နိဗ္ဗာန်ရောက်အောင် ပို့ဆောင် နိုင်တဲ့ တရားအမျိုးမျိုးတွေကို ဟောပြီး သက်တော် ၈၀ ပြည့်တဲ့အချိန်မှာ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့မှာ မလ္လာပြည် ကုသိနာရုံ အင်ကြင်းတောထဲမှာ ပရိနိဗ္ဗာန် ဝင်စံတော်မူတယ်။

*(တရားနတ်စည် .............................. ကျော်တယ်ကို) ဆိုပြပါ။*

ပရိနိဗ္ဗာန် စံသွားလို့ ကျန်တဲ့အလောင်းတော်ကို အဲဒီ ကဆုန်လဆုတ် ၁၂ ရက်၊ တနင်္ဂနွေနေ့မှာ မြတ်စွာဘုရား အမိန့်ရှိပြုထားခဲ့တဲ့အတိုင်းပဲ တေဇောဓာတ် လောင်ကျွမ်းပြီးတော့ ဓာတ်တော် မွေတော် ရှစ်စိတ်ကြွင်းကျန်ပါတယ်။ အဲဒီဓာတ်တော် မွေတော်တွေကို နောက်လူတွေက ခွဲစိတ်ယူပြီး စေတီပုထိုးတွေ တည်ပြီးတော့ ရှိခိုးပူဇော်ကြပါတယ်။

*(နိဗ္ဗူစံပြီ.................................. ကြွင်းတယ်ကို) ဆို။*

*ဗုဒ္ဓဘာသာယဉ်ကျေးမှုရှုဖွယ် (၂၈-၂၉)*

http://www.dhammadownload.com



# ဗုဒ္ဓဝင် အမေး အဖြေ [ ၁ ]

## ပထမခန်း

(ဤအခန်း၌ ပါရမီ၊ ပါရမီအပြား၊ ပါရမီဖြည့်ရာ ကာလများကို သိရပါလိမ့်မည်)။

၁။ ကိုးကွယ်ရာကို၊ ဘုရားဆို၊ ဘယ်လိုဖြစ်မှ၊ ဘုရားနည်း။

၂။ လူ နတ် ဗြဟ္မာ၊ အားလုံးသာအောင်၊ ပါရမီဟုန်၊ ညာညီစုံ၊ သိရ်ဂုဏ်ပြည့်မှ ဘုရားတည်း။

၃။ ဘယ်လိုမှန်းကာ၊ ပြုမှသာ၊ ပါရမီဟု ခေါ်သနည်း။

၄။ မြတ်သူ့လုပ်ငန်း၊ သူ့ကျိုးမှန်း၍၊ ကျွတ်တမ်းရွယ်ကာ၊ ပြုမှသာ၊ ပါရမီဟု ခေါ်သတည်း။

၅။ ပါရမီကား၊ ဘယ့်လောက်များ၊ အပြားဘယ်သို့ ရှိသနည်း။

၆။ ပါရမီကား၊ မြတ်ဆယ်ပါး၊ အပြားသုံးဆယ် ရှိသတည်း။

၇။ ဆယ်ပါးဆိုတာ၊ ဘယ်ဘယ်ဟာ၊ လွယ်စွာသိရပါမည်နည်း။

၈။ ဒါန သီလ၊ နေက္ခမ္မနှင့်၊ ပညာ့ဝီရိယာ၊ ခန္တီပါတည်း၊ သစ္စာတစ်တန်၊ အဓိဋ္ဌာန်ဟု၊ စိတ်မှန်းမေတ္တာ၊ ဥပေက္ခာ၊ လွယ်စွာ သိရပါသတည်း။

၉။ ဆယ်ပါးကိုကွယ်၊ ပြားသုံးဆယ်၊ အဘယ် အဘယ်ဖြစ်သနည်း။

၁၀။ ပါရမီမျိုး၊ ဥပမျိုးနှင့်၊ မျိုးပရမတ်၊ ဤသုံးရပ်၊ မြှောက်လတ် သုံးဆယ် ပြားသတည်း။

၁၁။ ပါရမီမျိုး၊ ဥပမျိုးနှင့်၊ မျိုးပရမတ်၊ ဤသုံးရပ်၊ ပြားလတ်ဘယ်သို့ထူးသနည်း။

၁၂။ ရိုးရိုးရာရာ၊ ဖြည့်ကျင့်ကာနှင့်၊ အင်္ဂါခြေလက်၊ အပျက်ခံဖြည့်၊ အသက်၏လျှင်၊ ကယ်တင်စွန့်လတ်၊ ထို ၃ ရပ်၊ ပြားလတ် ဤသို့ထူးသတည်း။

၁၃။ ဗုဒ္ဓလောင်းလျာ၊ ထိုများစွာ၊ ချိန်ခါမည်မျှ ဖြည့်ရသနည်း။

၁၄။ ဗုဒ္ဓလောင်းလျာ၊ ထိုများစွာကို၊ ကမ္ဘာ ကမ္ဘော၊ လေးအသင်္ချေနှင့် ရေတွက်မတိမ်း၊ ကပ်တစ်သိန်း၊ စောင့်ထိန်းဖြည့်ရပါသတည်း။

၁၅။ ကပ်တစ်သိန်းလာ၊ တစ်ကပ်မှာ၊ ချိန်ခါမည်မျှ ကြာသနည်း။

၁၆။ တစ်ကပ်ဆိုရာ၊ ချိန်အခါကား၊ တစ်ယူဇနာပြည့်၊ မုန်ညင်းစေ့မှ၊ တရွေ့ရွေ့ပစ်၊ အနှစ်တစ်ရာ၊ တစ်စေ့သာ၊ ကုန်ခါမက ကြာသတည်း။

၁၇။ လေးအသင်္ချေလာ၊ တစ်သင်္ချေမှာ၊ ချိန်ခါမည်မျှ ကြာသနည်း။

၁၈။ ကပ်ပေါင်းမည်မျှ၊ တွက်မရ၍၊ ဗုဒ္ဓဘုရား၊ နှစ်ဆူအကြား၌၊ ခေါ်ထားရလေ၊ တစ်သင်္ချေ၊ တွက်ရေမရ ကြာသတည်း။

http://www.dhammadownload.com



# ဒုတိယအခန်း

(ဘုရားအလောင်းတော် သုမေဓာ ဗျာဒိတ်ခံပုံ)

၁။ အကျဉ်းဆယ်ပါး၊ အပြားသုံးဆယ်၊ များကျယ်အညီ၊ ပါရမီ၊ သာကီဘယ်ကစသနည်း။

၂။ အကျဉ်းဆယ်ပါး၊ အပြားသုံးဆယ်၊ များကျယ်လှစွာ၊ ပါရမီမှာ၊ သုမေဓာက စသတည်း။

၃။ ဘယ်ချိန် ဘယ်ခါ၊ ဘယ်မြို့မှာ၊ လောင်းလျာဘယ်သို့၊ ဖြစ်သနည်း။

၄။ လေးသင်္ချေပေါ်၊ ကပ်သိန်းကျော်ဝယ်၊ မြို့တော်အမရာ၊ သုမေဓာ၊ လောင်းလျာထိုသို့ ဖြစ်သတည်း။

၅။ အမျိုးအရိုး၊ ဘယ်လိုစိုး၊ ဟိုးဟိုးကျော်ခဲ့ပါသနည်း။

၆။ မိဘဘေးဘိုး၊ သူဌေးမျိုး၊ ဟိုးဟိုးကျော်ခဲ့ပါသတည်း။

၇။ ဘယ်ချိန်ခါလောက်၊ အရွယ်ရောက်၊ တတ်မြောက်ပညာ စုံသနည်း။

၈။ ဆယ့်ခြောက်နှစ်လောက်၊ အရွယ်ရောက်၊ တတ်မြောက်ပညာ စုံသတည်း။

၉။ ဥစ္စာကုံလုံ၊ ပညာစုံ၊ ဘယ်ပုံဘယ်သို့ လုပ်သနည်း။

၁၀။ မိဘ ၂ ပါး၊ ကွယ်လွန်သွားက၊ ထားခဲ့ဥစ္စာ၊ စဉ်းစားကာ၊ စွန့်ခွာရသေ့ လုပ်သတည်း။

၁၁။ ရသေ့ဖြစ်ငြား၊ ဘယ်လိုများ၊ ကြိုးစားဘယ်သို့ ဖြစ်သနည်း။

၁၂။ ရသေ့ဖြစ်ငြား၊ လွန်ကြိုးစား၊ ထက်ဖျားစျာန်ယာဉ် မွေ့သတည်း။

၁၃။ စျာန်ယာဉ်မွေ့ကာ၊ နေသောခါ၊ ဘယ်မှာ ဘာများ ဖြစ်သနည်း။

၁၄။ မွေ့၍စျာန်ယာဉ်၊ နေချိန်တွင်ဝယ်၊ ဒီပင်္ကရာ၊ မည်တော်သာ၊ မြတ်စွာပွင့်၍ လာသတည်း။

၁၅။ မြတ်စွာဘုရားလျှင်၊ ရသေ့ရှင်၊ ဘယ်တွင် ဘယ်သို့ ကြုံသနည်း။

၁၆။ ရမ္မာမြို့တွင်၊ ဘုရားရှင်၊ ကြွဝင်ခါနီး ကြုံသတည်း။

၁၇။ ကြွဝင်ခါနီး၊ ဘယ်လိုဆီး၊ ခရီးဦးကြိုပြုသနည်း။

၁၈။ ညွှန်ပျောင်းအသွင်၊ တံတားသွင်၊ တို့ရှင်ခင်း၍ ကြိုသတည်း။

၁၉။ လျှုဖွယ်များကော၊ လျှုသလော၊ မိန့်ဟောဘယ်သို့ ရှိသနည်း။

၂၀။ ယသော်အလောင်း၊ ဆုမြတ်တောင်း၍၊ ခညောင်းဆက်ကမ်း၊ ငါးစည်းပန်း၊ လျှုဒါန်းပူဇော်ပါသတည်း။

၂၁။ တံတားခင်းစဉ်၊ တို့အရှင်၊ စိတ်တွင်ဘယ်သို့ ကြံသနည်း။

၂၂။ ထေရ်ရှင်အများ၊ နောက်တော်နားက၊ တစ်ပါးရဟန္တာ၊ ဖြစ်နိုင်ပါလည်း၊ များစွာကယ်တင်၊ အစွမ်းမြင်၍၊ ဒီပင်ဘုရား၊ ပုံအလားသို့၊ ဘုရားတစ်ဆူ၊ ဖြစ်အံ့ဟူ၊ ဆုယူစိတ္တာန် ပြုသတည်း။

၂၃။ ဒီပင်္ကရာ၊ စောမြတ်စွာ၊ ထိုခါဘယ်သို့ မိန့်သနည်း။

၂၄။ တံတားခင်း၍၊ အလှူမွေ့သည့်၊ ရသေ့မြတ်ကား၊ ငါအလားသို့၊ ဘုရားတစ်ဆူ၊ ဖြစ်မည့်သူဟု၊ ဗိုလ်လူကျိတ်ကျိတ်၊ ကောင်းချီးဟိတ်၊ ဗျာဒိတ်ပေးတော်မူသတည်း။

http://www.dhammadownload.com



# တတိယ အခန်း

(ဤအခန်း၌ ပါရမီဆယ်ပါး၏ သဘောနှင့် အလောင်းတော် ဖြည့်ကျင့်ပုံကို ပြထား၏။)

## (က) ဒါနပါရမီ ဖြည့်တော်မူပုံ

၁။ ဒါနဖြစ်ပုံ၊ ပြောပါကုန်၊ စုံစုံလင်လင် ဘယ်သို့နည်း။

၂။ လောကဂုဏ်သိရ်၊ စည်းစိမ်မမက်၊ သက်သက်အလှူ၊ ခံယူသူသာ၊ ချမ်းသာစေကြောင်း၊ ငဲ့ညှာစောင်း၊ အလောင်းတော်တို့ ဒါနတည်း။

၃။ ဒါနပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ သိဝိမင်းမြတ်၊ ဝေဿန်ဇာတ်ဝယ်၊ ဖြစ်လတ်ကာလ၊ ခါသမယ၌၊ ဒါန စာဂီ၊ ပါရမီ၊ သာကီတို့ဖျား ဖြည့်သတည်း။

၅။ သိဝိဘုန်းကြွယ်၊ ဘယ်သို့နယ်၊ လှူဖွယ်ဝတ္ထု ပေးသနည်း။

၆။ သိဝိထွတ်ဘုန်း၊ သူ့မျက်လုံးကို၊ ရွှင်ပြုံးကြည်ဖြူ၊ ထုတ်၍ယူ၊ လှူတော်မူခဲ့ပါသတည်း။

၇။ ဝေဿန်မင်းမူ၊ ဘယ်သို့ဟူ၊ အလှူတော်ကြီး ပေးသနည်း။

၈။ ဝေဿန်မင်းဖျား၊ လောင်းဘုရားကား၊ ဝတ်စားဖွယ်ဟူ၊ နေ့စဉ်လှူ၍၊ ဆင်ဖြူတော်လည်း၊ လှူ၍ပြီးက၊ တောကြီး၌ပျော်၊ သမီးတော်နှင့်၊ သားတော်ကြင်ယာ၊ လှူသည်မှာ၊ မြေပါတုန်၍ ဟည်းသတည်း။

## (ခ) သီလပါရမီ ဖြည့်တော်မူပုံ

၁။ သီလစောင့်ဟန်၊ ပြောပြရန်၊ တောင်းပန်ပါသည် ဘယ်သို့နည်း။

၂။ ငါးပါးသီလ၊ ကိုယ်ကျင့်မှုကို၊ ကောင်းရစေကာ၊ ဉပုသ်မှာဝယ်၊ စိတ်စင်ကြယ်ဖို့၊ ရည်ရွယ်ကျနု၊ စောင့်သုံးရ၊ သီလစောင့်ပုံ ဤသို့တည်း။

၃။ သီလပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ အလီနသတ်၊ မင်းသားဇာတ်နှင့်၊ သူမြတ်ဗောဓိ၊ ရသေ့၏လျှင်၊ ဖြစ်သည့်ကာလ၊ ခါသမယ၌၊ သီလပါရမီ၊ ကျင့်ဆောက်တည်၊ သာကီတို့ဖျား ဖြည့်သတည်း။

၅။ အလီနသတ်၊ မင်းသားဇာတ်၌၊ မြတ်သီလဂုဏ်၊ ဘယ်လိုခြုံ၊ လုံအောင်တို့ဘုန်းထိန်းသနည်း။

၆။ ဘီလူးအထံ၊ အစားခံဖို့၊ သွားရန်ကိစ္စ၊ ကြုံစဉ်ကလျှင်၊ သီလညှိုးမည်၊ စိုးရိမ်သည်ကြောင့်၊ ထိုဤလက်နက်၊ မဆောင်ရွက်ဘဲ၊ လက်နက်သီလ၊ ထက်မြက်စွ၊ ဗုဒ္ဓလောင်းတော် သုံးသတည်း။

http://www.dhammadownload.com



၇။ ဇောမိမည်ခေါ်၊ ရသေ့ကျော်၊ စောင့်သော်သီလ ဘယ်သို့နည်း။

၈။ လူဖြစ်စဉ်က၊ ကြင်ဖော်မ ဟု၊ အလှပြည့်ကြွယ်၊ ရသေ့မယ်ကို၊ ရှေ့ဝယ်အတွင်း၊ ဘုရင်မင်းက၊ ဆောင်ကြဉ်းယူလစ်၊ ဒေါသဖြစ်လည်း၊ ဖြစ်သည့်ဒေါသ၊ မထွက်ရအောင်၊ သီလဖြင့်အုပ်၊ နိုင်အောင်ချုပ်၊ အဟုတ်တကယ်စောင့်သတည်း။

## (ဂ) နေက္ခမ္မပါရမီ ဖြည့်တော်မူပုံ

၁။ နေက္ခမ္မဂုဏ်၊ တောထွက်ပုံ၊ သင့်ရုံပြောပါ ဘယ်သို့နည်း။

၂။ လောကီအာရုံ၊ ကာမဂုဏ်ကို၊ မစုံမမက်၊ စွန့်ခွာထွက်၍၊ နှစ်သက်ရာမှန်း၊ ကမ္မဋ္ဌာန်းနှင့်၊ ရဟန်းရသေ့၊ ပြုသရွေ့၊ ခေါ်လေ့ နေက္ခမ္မ ဤသို့တည်း။

၃။ နေက္ခမ္မဇာတ်၊ ပါရမီမြတ်၊ ဘယ်ဇာတ် တို့ဖျား ဖြည့်သနည်း။

၄။ ယုဓဉ္စယ၊ အယောဃရတို့၊ ဖြစ်ကြခါဆီ၊ တို့သာကီ၊ ပါရမီနေက္ခမ္မ ဖြည့်သတည်း။

၅။ ယုဓဉ္စယ၊ ဖြစ်ကာလဌ်၊ နေက္ခမ္မဓော၊ ဘယ်သို့စော၊ မြိုင်တောခွာ၍ ထွက်သနည်း။

၆။ ယုဓဉ္စယော်၊ အိမ်ရှေ့ပျော်သည်၊ မြက်ပေါ်ဆီးနှင်း၊ ကျပျောက်ခြင်းသို့၊ စိတ်တွင်းမှာကြိမ်၊ သက်ဇီဝိန်လည်း၊ မငြိမ်ခဏ၊ ချုပ်ပျောက်ရဟု၊ နေက္ခမ္မဓော၊ ဤသို့စော၊ မြိုင်တောခွာ၍ ထွက်သတည်း။

၇။ အယောဃရ၊ မင်းသားဘဝဌ်၊ နေက္ခမ္မမြိုင်၊ စိတ်တော်ယိုင်၊ ဂနိုင်ဘယ်သို့ ထွက်သနည်း။

၈။ အယောဃရ၊ မင်းသားကမူ၊ ဆယ်လဝမ်းတွင်း၊ သံအိမ်တွင်းမှ၊ လွတ်ကင်းပြီးနောက်၊ အရွယ်ရောက်လည်း၊ ထို့နောက်သေဘေး၊ မလွတ်သေးဟု၊ အတွေးတော်ကွန့်၊ ထီးနန်းစွန့်၊ သောင်းညွန့်ဂနိုင် ထွက်သတည်း။

## (ဃ) ပညာပါရမီ ဖြည့်တော်မူပုံ

၁။ ပညာဖြစ်ပုံ၊ နည်းမျိုးစုံ၊ ကုန်အောင်ဘယ်သို့ ဖြည့်သနည်း။

၂။ တတ်အောင်လည်းသင်၊ တတ်ပြီးလျှင်လည်း၊ ပင်ကိုယ်ဉာဏ်ဖြင့်၊ ထပ်ကာဆင့်၍၊ အသင့်ပွားတိုး၊ များအကျိုး၊ သည်ပိုးဆောင်၍ ဖြည့်သတည်း။

၃။ ပညာဉာဏ်ဇာတ်၊ ပါရမီမြတ်၊ ဘယ်ဇာတ်တို့ဖျား ဖြည့်သနည်း။

၄။ မတ်ဝိဓုရ၊ မဟောသဓေတို့၊ ဖြစ်ကြခါဆီ၊ ပညာမည်၊ ပါရမီတို့ဖျား ဖြည့်သတည်း။

၅။ ဝိဓုရမည်ဟည်း၊ အမတ်ကြီးမှာ၊ ဘယ်နည်း ဘယ်ပုံ၊ ပညာ့ဂုဏ်၊ စုံအောင်ပြ၍ သွားသနည်း။

၆။ ဝိဓုမည်လတ်၊ မင်းအမတ်မှာ၊ နတ်ပုဏ္ဏက၊ ဆိုဆုံးမလျက်၊ ဇီဝအသက်၊ လှူအောင်ဆက်၍၊ လက်နက်မဆောင်၊ ပညာရောင်၊ ထွန်းပြောင်စေခဲ့ပါသတည်း။

http://www.dhammadownload.com



၇။ မဟောသဓာ၊ ဖြစ်သောခါဝယ်၊ ပညာတန်ခိုး၊ ဘယ့်လောက်စိုး၊ ဟိုးဟိုးကမ္ဘာ ကျော်သနည်း။

၈။ မဟောပဏ္ဍိ၊ ပညာရှိကား၊ မိမိပညာ၊ လက်နက်သာဖြင့်၊ ကမ္ဘာမင်းတွေ၊ မသေစေဘဲ၊ ရန်ငြေငြိမ်းအောင်၊ အကျိုးဆောင်၊ ခုတောင်ကမ္ဘာကျော်သတည်း။

## (င) ဝီရိယပါရမီ ဖြည့်တော်မူပုံ

၁။ ဝီရိယကား၊ ဘယ်လိုများ၊ ဘုရားအလောင်း ဖြည့်သနည်း။

၂။ အပြစ်ကင်းပျောက်၊ ကိစ္စရောက်က၊ မကြောက်မရွံ့၊ နောက်မတွန့်ဘဲ၊ သက်စွန့်ကြိုးစား၊ လုံ့လပွား၊ ဘုရားအလောင်း ဖြည့်သတည်း။

၃။ ဝီရိယပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ ဝဏ္ဏုပထ၊ ဇာတကနှင့် ဇနကမင်းသား တို့ဘုရား ကြိုးစားလုံ့လ ပြုသတည်း။

၅။ ဝဏ္ဏုပထ၊ ဇာတ်ကာလ၌၊ ဝီရိယအား တို့ဘုရား၊ ကြိုးစားဘယ်သို့ ထုတ်သနည်း။

၆။ လှည်းကုန်သည်ပေါင်း၊ ခေါင်းဆောင်ကောင်းဟု၊ အလောင်းမြတ်စွာ၊ ထိုစဉ်ခါဝယ်၊ ရေ–စာရအောင်၊ လုံ့လဆောင်၊ မြားမြောင်အသက် ကယ်သတည်း။

၇။ မင်းသား ဇနက်၊ ဘယ်အချက်၊ ဘယ်တွက်လုံ့လ ပြုသနည်း။

၈။ မင်းသား ဇနက်၊ သင်္ဘောပျက်လည်း၊ စိတ်စက်မညစ်၊ အားကုန်လှစ်၍၊ လက်ပစ်ကူးကာ၊ ကြိုးစားပါ၊ လွန်စွာထူးကဲပါသတည်း။

## (စ) ခန္တီပါရမီ ဖြည့်တော်မူပုံ

၁။ ခန္တီတရား၊ သည်းခံခြား၊ စိတ်ထားဘယ်သို့ ဖြည့်သနည်း။

၂။ လူမိုက်အမှု၊ ငါပြုန်ပြုလျှင်၊ သူ့လိုငါလည်း၊ လူမိုက်ပဲဟု၊ စိတ်ထဲတွေးဆ၊ အေးမြမြနှင့်၊ ဒေါသမထွက်၊ စိတ်မပျက်၊ သက်သက်အနာခံသတည်း။

၃။ ခန္တီပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ မျောက်မင်းဘဝ ရသေ့ဘဝ၌၊ သည်းခံရမည်၊ ထိုခန္တီ၊ သာကီတို့ဖျား ဖြည့်သတည်း။

၅။ မျောက်မင်းဖြစ်စဉ်၊ ဘယ်သို့လျှင်၊ တို့ရှင်သည်းခံပါသနည်း။

၆။ အသက်ကယ်ထား၊ မိုက်ပုဏ္ဏားက၊ သနားမပြု၊ ကျောက်ဖြင့်ထုလည်း၊ ရန်တုမပြန်၊ သည်းညည်းခံလျက်၊ လူ့ထံရောက်ဖွယ်၊ ထပ်၍ကယ်၊ အိုဘယ်ထူးပေ့ ခန္တီတည်း။

၇။ ခန္တီဝါဒ၊ ရှင်ရသေ့ကား၊ ဘယ်၍ဘယ်မျှ၊ သည်းခံရ၊ မှတ်ကြစမ်းချင်ပါသနည်း။

http://www.dhammadownload.com



၈။ တစ်နေ့သောခါ ဥယျာဉ်သာဝယ်၊ ကလာဗုမင်း၊ မိုက်မာန်ပြင်း၍၊ အတင်းလက်ခြေ၊ ဖြတ်တောက်စေလည်း၊ စိတ်နေမပျက်၊ သည်းခံလျက်ပင်၊ အသက်ဆုံးတောင်၊ မမုန်းအောင်၊ ဘုန်းခေါင်ခန္တီ ဖြည့်သတည်း။

## ( ဆ ) သစ္စာပါရမီ ဖြည့်တော်မူပုံ

၁။ သစ္စာမြဲအောင်၊ ဘယ်သို့ဆောင်၊ ဘုန်းခေါင်ဖြည့်ရပါသနည်း။

၂။ လူသူအများ၊ အထင်မှားဖို့၊ မုသားမပါ၊ ကွဲ့ဘားမဝါဘဲ၊ သစ္စာတည်အောင်၊ ပြောတိုင်းဆောင်၊ ဘုန်းခေါင်ဤသို့ ဖြည့်သတည်း။

၃။ သစ္စပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ ပဏ္ဍိတ်သစ္စ၊ မင်းသုဘတို့၊ ဖြစ်ကြခါဆီ၊ သစ္စာမည်၊ ပါရမီတို့ဖျား ဖြည့်သတည်း။

၅။ ပဏ္ဍိတ်သစ္စ၊ ရသေ့ဘဝ၌၊ လောကကောင်းအောင်၊ သစ္စာဆောင်၊ ဘုန်းခေါင်ဘယ်သို့ ပြုသနည်း။

၆။ ပဏ္ဍိတ်သစ္စ၊ ရသေ့ဘဝ၌၊ လောကလူထု၊ ကွဲပြားမှုဝယ်၊ သူ့အဓိဋ္ဌာန်၊ သစ္စာမှန်အောင်၊ ခွဲသန်သန် ထား၊ ဟောညွှန်ကြား၊ အများညီအောင် ပြုသတည်း။

၇။ သုတသောမ၊ မင်းဘဝဝယ်၊ ဗုဒ္ဓလောင်းလျာ၊ မြတ်သစ္စာ၊ ကောင်းစွာဘယ်သို့ ဖြည့်သနည်း။

၈။ မဟာသုတ မင်းသောမလည်း၊ သာဒ – ပေါရိ၊ ဖမ်းယူမိသော်၊ သူ၏လက်က၊ လွတ်ပြီးမှလျှင်၊ မုချပြန်မည်၊ ဝန်ခံသည်ကို၊ ကြံစည်ကြောက်ရွံ့၊ နောက်မတွန့်ဘဲ၊ အသက်စွန့်ကာ၊ ပြန်၍လာ၊ သစ္စာတည်အောင် ဖြည့်သတည်း။

## ( ဇ ) အဓိဋ္ဌာန်ပါရမီ ဖြည့်တော်မူပုံ

၁။ မြဲမြဲမြံမြံ၊ ခွဲသန်သန်၊ ဓိဋ္ဌာန်ဘယ်သို့ ဖြည့်သနည်း။

၂။ ရည်ရွယ်သမျှ၊ မပျက်ရအောင်၊ ဒါန စသည်၊ ပါရမီကို၊ တာရှည်မြဲမြံ၊ ခွဲသန်သန်၊ ဓိဋ္ဌာန်ဤသို့ ဖြည့်သတည်း။

၃။ ဓိဋ္ဌာန်ပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ လောင်းတေမိယ၊ မင်းသားဘဝ၌၊ ဓိဋ္ဌာနမည်၊ ပါရမီ သာကီတို့ဖျား ဖြည့်သတည်း။

၅။ တေမိမင်းသား၊ ဘယ်လိုများ၊ စိတ်ထားဓိဋ္ဌာန်၊ ပြုသနည်း။

၆။ မင်းမပြုဝံ့၊ လွန်ကြောက်ရွံ့၍၊ ဆွံ့ – အ လေဟန်၊ နားထိုင်းဟန်ဖြင့်၊ သဏ္ဍာန်ပြုလစ် ဆယ့်ခြောက်နှစ်ဟု၊ ပျို့မျစ်သည့်တိုင်၊ ဓိဋ္ဌာန်ခိုင်၊ တောမြိုင်ရောက်အောင် ပြုသတည်း။

http://www.dhammadownload.com



## (ဈ) မေတ္တာပါရမီ ဖြည့်တော်မူပုံ

၁။ မေတ္တာဖြစ်ပုံ၊ စနစ်ကုန်၊ စုံစုံဘယ်သို့ ပြောသနည်း။

၂။ မိမိအပေါ်၊ သူ – မတော်လည်း၊ သူတော်မြတ်ဖျား၊ လောင်းဘုရားတို့၊ သူများပြစ်ဆာ၊ မရှုပါဘဲ၊ ကိုယ်သာသူ့ကျိုး၊ အောင်သည်ပိုး၊ ရိုးရိုးမေတ္တာပွားသတည်း။

၃။ မေတ္တာပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ သုဝဏ္ဏသာမ ရသေ့ဘဝနှင့်၊ ဧကရာဇာ၊ ဖြစ်သောခါ၊ မေတ္တာတို့ဖျား ဖြည့်သတည်း။

၅။ သုဝဏ္ဏသျှံ၊ ရသေ့မွန်ကား၊ ချိန်မှန်ခါခါ၊ ဘယ်ဆီမှာ၊ မေတ္တာဘယ်သို့ ပွားသနည်း။

၆။ သုဝဏ္ဏသျှံ၊ ရသေ့မွန်ကား၊ ချိန်ခါရှည်ညောင်း၊ သားကောင်ပေါင်း၌၊ အကြောင်းလျော်စွာ၊ ချစ်မေတ္တာ၊ ကောင်းစွာဤသို့ ပွားသတည်း။

၇။ ဧကရာဇာ၊ မင်းဖြစ်ခါ၊ မေတ္တာဘယ်သို့ ပွားသနည်း။

၈။ တိုင်းပြည်လုယူ၊ မင်းရန်သူလည်း၊ ရန်သူဟုပင်၊ မမှတ်ထင်ဘဲ၊ မိခင်ပမာ၊ ချစ်မေတ္တာ၊ မြဲစွာဤသို့ ပွားသတည်း။

## (ည) ဥပေက္ခာပါရမီ ဖြည့်တော်မူပုံ

၁။ လျစ်လျူရှုတာ၊ ဥပေက္ခာ၊ သည်ဟာဘာ့ကြောင့် ကောင်းသနည်း။

၂။ လူကိုမရှု၊ သူတို့ပြုသည့်၊ အမှုအပေါ်၊ တော် – မတော်ဖြင့်၊ စော်စော်ကားစေ၊ ကောင်းပြုပေလည်း၊ စိတ်နေမခု၊ ချစ်မပြုဘဲ၊ လျစ်လျူရှုတာ၊ ဥပေက္ခာ၊ သည်ဟာဒါ့ကြောင့် ကောင်းသတည်း။

၃။ ဥပေက္ခာပါရမီ၊ ဘယ်ခါဆီ၊ သာကီတို့ဖျား ဖြည့်သနည်း။

၄။ လောမဟံသ၊ ဖြစ်ကာလ၌၊ ဥပေက္ခာမည်၊ ပါရမီ၊ သာကီတို့ဖျား ဖြည့်သတည်း။

၅။ လောမဟံသ၊ သူကောင်းဘဝ၌၊ ဥပေက္ခာပြု၊ လျစ်လျူရှု၊ ဘယ်မှုအပေါ် ထားသနည်း။

၆။ သင်္ချိုင်းမြေတွင်၊ လျောင်းနေစဉ်ဝယ်၊ ဝန်းကျင်ရွာသား၊ ကလေးများတို့၊ အနားသို့လာ၊ မတော်တာဖြင့်၊ ပြောင်ကာပြုကြ၊ ပေးလှူကြလည်း၊ ဒေါသမမုန်း၊ ချစ်မပြုး၊ လုံးလုံးလျစ်လျူရှုသတည်း။

*တတိယခန်း ပြီး၏။*

*ဗုဒ္ဓဝင် အမေးအဖြေ (၁ – ၃၇)*

http://www.dhammadownload.com



## ဘုရားဂုဏ်တော် ကိုးပါး မှတ်ဖွယ်

(၁) အရဟံ ဂုဏ်တော်၊ (၂) သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်၊
(၃) ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော် (၄) သုဂတ ဂုဏ်တော်၊
(၅) လောကဝိဒူ ဂုဏ်တော် (၆) အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်၊
(၇) သတ္ထာဒေဝမနုဿာနံ ဂုဏ်တော် (၈) ဗုဒ္ဓ ဂုဏ်တော်
(၉) ဘဂဝါဂုဏ်တော်အားဖြင့် ဘုရားဂုဏ်တော် (၉) ပါး။

## ဘုရားဂုဏ်တော် ကိုးပါး ကဗျာ

*ဘုရားဂုဏ်တော် ၊ သေချာမှတ်ဖို့*
*ကဗျာစပ်လို့ ဆိုစို့ကွယ်။*

၁။ ဗြဟ္မာ, နတ်, လူ ပူဇော်အပ်တဲ့၊ ဂုဏ်တော်မြတ်နဲ့ ပြည့်စုံတယ်။ (အရဟံ)
၂။ တရားအလုံးစုံ ကိုယ်တိုင်သိလို့၊ ဆရာမရှိသူ ဖြစ်ပါတယ်။ (သမ္မာသမ္ဗုဒ္ဓေါ)
၃။ သုံးရှစ်ဝိဇ္ဇာ စရဏများ၊ ဆယ့်ငါးပါးနဲ့ ပြည့်စုံတယ်။ (ဝိဇ္ဇာစရဏသမ္ပန္နော)
၄။ ကောင်းတဲ့စကားကို မိန့်ဆိုတတ်လို့၊ နိဗ္ဗာန်မြတ်သို့ ကြွသွားတယ်။ (သုဂတော)
၅။ သတ္တ သင်္ခါ ဩကာသတဲ့၊ လောကသုံးပါး ခွဲသိတယ်။ (လောကဝိဒူ)
၆။ မယဉ်ကျေးသူ ယဉ်အောင်ပြုတဲ့၊ ဆုံးမမှုဉ် သာလွန်တယ်။ (အနုတ္တရောပုရိသ **ဒမ္မသာရထိ**)
၇။ လူ, နတ်, ဗြဟ္မာ, သတ္တဝါများရဲ့၊ ဆရာတစ်ပါး ဖြစ်ပါတယ်။ (**သတ္ထာဒေဝ မနုဿာနံ**)
၈။ လေးပါးသစ္စာ ခွဲခြားသိတဲ့၊ ဉာဏ်မြင်ရှိသူ ဖြစ်ပါတယ်။ (ဗုဒ္ဓေါ)
၉။ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်မြတ်နဲ့၊ အကုန်မလပ် ပြည့်စုံတယ်။ (**ဘဂဝါ**)
ကိုးပါးဂုဏ်တော် အဲဒါပဲကွယ့်၊ အသည်းစွဲအောင် မှတ်ကြကွယ်၊ **မှတ်ကွယ် မှတ်ကွယ်**။

## တရားဂုဏ်တော် (၆) ပါး မှတ်ဖွယ်

(၁) **သွာက္ခာတ** ဂုဏ်တော် (၂) **သန္ဒိဋ္ဌိက ဂုဏ်တော်**
(၃) **အကာလိက** ဂုဏ်တော် (၄) **ဧဟိပဿိက ဂုဏ်တော်**
(၅) ဩပနေယျိက ဂုဏ်တော် (၆) ပစ္စတ္တံဝေဒိတဗ္ဗော **ဝိညူဟိ ဂုဏ်တော်**
အားဖြင့် တရားဂုဏ်တော် (၆) ပါး။

http://www.dhammadownload.com



## တရားဂုဏ်တော် (၆) ပါး ကဗျာ

*တရားဂုဏ်တော် သေချာမှတ်ဖို့*
*ကဗျာစပ်လို့ ဆိုစို့ကွယ်။*

၁။ ဘုရားကောင်းစွာ၊ ဟောညွှန်အပ်လို့၊ အမှန်မြတ်တဲ့၊ ဂုဏ်ရှိတယ်။ (သွာက္ခာတော)
၂။ ကိုယ်တိုင်ကျင့်ရင်၊ ကိုယ်သိရလို့၊ သန္ဒိဋ္ဌိက၊ ဂုဏ်ရှိတယ်။ (သန္ဒိဋ္ဌိကော)
၃။ ချက်ချင်းအမြန်၊ အကျိုးရလို့၊ အကာလိက၊ ဂုဏ်ရှိတယ်။ (အကာလိကော)
၄။ လာပါ၊ ကျင့်ပါ၊ ဖိတ်ခေါ်အပ်လို့၊ အမှန်မြတ်တဲ့၊ ဂုဏ်ရှိတယ်။ (ဧဟိပဿိကော)
၅။ ကိုယ်နဲ့စိတ်မှာ၊ မြဲအောင်အပ်လို့၊ အမှန်မြတ်တဲ့၊ ဂုဏ်ရှိတယ်။ (ဩပနေယျိကော)
၆။ အရိယဆို၊ ကိုယ်စီသိလို့၊ ခံစားအပ်သည့်၊ ဂုဏ်ရှိတယ်။ (ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ)
ခြောက်ပါးဂုဏ်တော်၊ အဲဒါပဲကွယ့်၊ အသည်းစွဲအောင်၊ မှတ်ကြကွယ်၊ မှတ်ကွယ် ...မှတ်ကွယ်။

## သံဃာ့ဂုဏ်တော် (၉) ပါး မှတ်ဖွယ်

(၁) သုပ္ပဋိပန္န ဂုဏ်တော်၊ (၂) ဥဇုပ္ပဋိပန္န ဂုဏ်တော်၊
(၃) ဉာယပ္ပဋိပန္န ဂုဏ်တော်၊ (၄) သာမိစိပ္ပဋိပန္န ဂုဏ်တော်၊
(၅) အာဟုနေယျ ဂုဏ်တော်၊ (၆) ပါဟုနေယျ ဂုဏ်တော်၊
(၇) ဒက္ခိဏေယျ ဂုဏ်တော်၊ (၈) အဉ္ဇလီကရဏီယ ဂုဏ်တော်၊
(၉) အနုတ္တရပုညခေတ္တဂုဏ်တော် အားဖြင့် သံဃာ့ဂုဏ်တော် (၉) ပါး။

## သံဃာ့ဂုဏ်တော် (၉) ပါး ကဗျာ

*သံဃာ့ဂုဏ်တော် သေချာမှတ်ဖို့*
*ကဗျာစပ်လို့ ဆိုစို့ကွယ်။*

၁။ ကောင်းမွန်မှန်စွာ၊ အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့၊ ဂုဏ်ရှိတယ်။ (သုပ္ပဋိပန္နော)
၂။ ဖြောင့်မတ်မှန်စွာ၊ အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့၊ ဂုဏ်ရှိတယ်။ (ဥဇုပ္ပဋိပန္နော)
၃။ နိဗ္ဗာန်ရောက်ရန်၊ အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့၊ ဂုဏ်ရှိတယ်။ (ဉာယပ္ပဋိပန္နော)
၄။ ရိုသေထိုက်အောင်၊ အကျင့်မြတ်ကို၊ ကျင့်ကြံတတ်တဲ့၊ ဂုဏ်ရှိတယ်။ (သာမိစိပ္ပဋိပန္နော)
၅။ အဝေးကယူလာ၊ ပစ္စည်းများကို၊ ခံယူစားအပ်၊ ဂုဏ်ရှိတယ်။ (အာဟုနေယျော)
၆။ လက်ဆောင်အလို့ငှာ၊ ပစ္စည်းများကို၊ ခံယူထိုက်တဲ့၊ ဂုဏ်ရှိတယ်။ (ပါဟုနေယျော)

http://www.dhammadownload.com



၇။ နှောင်အကျိုးကို၊ မျှော်ကာပြုတဲ့၊ ကောင်းမှုကံထိုက်၊ ဂုဏ်ရှိတယ်။ (ဒက္ခိဏေယျော)

၈။ လက်အုပ်ချီကာ၊ ရှိခိုးအပ်ဖို့၊ ကျင့်ကြံတတ်တဲ့၊ ဂုဏ်ရှိတယ်။ (အဉ္ဇလိကရဏီယော)

၉။ ကောင်းမှုစိုက်ရာ၊ မြေယာကောင်းလို့၊ နှိုင်းယှဉ်တုကြောင်း၊ ဂုဏ်ရှိတယ်။ (အနုတ္တရံ ပုညက္ခေတ္တံ လောကဿ)

ကိုးပါးဂုဏ်တော်၊ အဲဒါပဲကွယ့်၊ အသည်းစွဲအောင် မှတ်ကြကွယ်၊ မှတ်ကွယ် ...မှတ်ကွယ်။

*ဗုဒ္ဓဘာသာ အခြေခံသင်ခန်းစာ (၄၉ –၅၅)*

*အရှင်သုန္ဒရ၊ ဘီအေ*

❊ *ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ*<br>
*ဗုဒ္ဓကိုလည်း ကြည်ညိုမည်။*<br>
*ကြည်ညိုသူတွေ ဟောညွှန်ပြမှ*<br>
*စိတ်ကနှစ်ခြိုက် လိုက်ကြသည်။*<br>
*ဂုဏ်တော်တန်တန် မှန်မှန်ရလို့*<br>
*ခဏခဏ ရွတ်သင့်သည်*<br>
*အကျိုးနှင့်ကံ ဝေဖန်တတ်မှ*<br>
*ကံကောင်းကံမြတ် ပြုလိမ့်မည်။*<br>
*ပြုမည် ... ပြုမည်။*

■

http://www.dhammadownload.com



# အပိုင်း ( ၂ )

# တရိတ္တကောင်းမွန်ရေးကဏ္ဍ

## တည်ခြင်းငါးပါးနှင့်အညီ ရှိခိုးရန်ကဗျာ

*ခြေ, လက်, နဖူး၊ တတောင်, ဒူး၊ တည်ဦးငါးအင်္ဂါ။*
*လက်အုပ်ကိုပင်၊ ကြာငုံသွင်၊ အရင်ပြုလုပ်ပါ။*
*မျက်ခုံး, လက်မ၊ ဆံစလက်ညှိုး၊ ထိကာမိုး၊ ရှိခိုးဝန္ဒနာ။*
*လက်ချ, ဒူးချ၊ တတောင်ချ၊ နဖူးချကာ ရှိခိုးပါ။*

## ဘုရားရှိခိုး

**ဗုဒ္ဓံ ပူဇေမိ** = **ဗုဒ္ဓံ** – မြတ်စွာဘုရားကို၊ **ပူဇေမိ** – ပူဇော်ပါ၏ဘုရား။
(ဘုရားကို ပူဇော်ပါ၏ဘုရား)

**ဓမ္မံ ပူဇေမိ** = **ဓမ္မံ** – တရားတော်မြတ်ကို၊ **ပူဇေမိ** – ပူဇော်ပါ၏ဘုရား။
(တရားတော်မြတ်ကို ပူဇော်ပါ၏ဘုရား)

**သံဃံ ပူဇေမိ** = **သံဃံ** – သံဃာတော်မြတ်ကို၊ **ပူဇေမိ** – ပူဇော်ပါ၏ဘုရား။
(သံဃာတော်မြတ်ကို ပူဇော်ပါ၏ဘုရား)

ဟု ပါဠိဘာသာဖြင့်ဖြစ်စေ၊ ပါဠိ + မြန်မာ ရောသော အနက်ဖြစ်စေ၊ မြန်မာဘာသာသက်သက်ဖြင့်ဖြစ်စေ၊ နှုတ်မြွက်ရွတ်ဆို၍ တည်ခြင်းကြီးငါးပါး (ပဉ္စပတိဋ္ဌိတ) နှင့်အညီ ဦးချရမည်။
(ခြေ လက် နဖူး၊ တတောင် ဒူး၊ ငါးဦး ညီညွတ်စေ)

## ဩကာသ ကန်တော့ချိုး

**ဩကာသ၊ ဩကာသ၊ ဩကာသ၊** **ကာယကံ၊ ဝစီကံ၊ မနောကံ၊** သဗ္ဗဒေါသ **ခပ်သိမ်းသော** ထိုအပြစ်တို့ကို **ပျောက်ပါစေခြင်းငှာ၊ ပထမ၊** ဒုတိယ၊ **တတိယ၊** တစ်ကြိမ်၊ နှစ်ကြိမ်၊ **သုံးကြိမ်မြောက်အောင်** ဘုရားရတနာ၊ တရားရတနာ၊ **သံဃာရတနာ၊** ရတနာမြတ်သုံးပါးတို့ကို အရိုအသေ **အလေးအမြတ်**

http://www.dhammadownload.com



လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား . . .။ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

**မှတ်ချက်။** ။ ကန်တော့ရသော ကလေးများဆိုရန်၊ ကန်တော့ချိုးဖြစ်သည်။ မိဘကို ကန်တော့လျှင် "ဤအမှတ်အသားနေရာ၌" မိဘ ထည့်ဆို၊ ဆရာသမားကို ကန်တော့လျှင် "ဆရာသမား ထည့်ဆို၊ ကန်တော့ခံရသော သံဃာ၊ မိဘ၊ ဆရာသမားတို့က "ပြည့်စုံစေ" ဟု အဆုံးသတ် ဆုပေးလျှင် ကလေးတို့က "ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏" ဟု ဆုကို လက်ခံသောစကားကို ဆိုရမည်။

## ဩကာသ အဓိပ္ပာယ်

**ဩကာသ** = အခွင့်၊ အခွင့်ပေးပါဟု လျှောက်ထားတောင်းပန်သောစကား ဖြစ်သည်။ လေးနက်စေလို သောကြောင့်၊ ဝါ - လေးစားရာရောက်အောင် ဩကာသ ဟု (သုံးကြိမ်) ဆိုသည်။

*ခွင့်ပြုဖို့ရန်၊ လျှောက်ထားတောင်းပန်*
*မှတ်ရန်ဩကာသ၊*
*လေးနက်စေလို၊ သုံးကြိမ်ဆို*
*လူဗိုလ်မှတ်ကုန်ကြ။*

## (တစ်နည်း) ဩကာသ အဓိပ္ပာယ်

**ဩကာသ** =တည်ရာ။

ရတနာသုံးပါးဟာ ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ ရိုသေခြင်းရဲ့ တည်ရာဖြစ်ပါတယ်။

ပထမဆုံး ဩကာသ က ရှိခိုး မြတ်နိုး ပူဇော် ရိုသေခြင်းရဲ့ တည်ရာဖြစ်တဲ့ ဗုဒ္ဓမြတ်စွာဘုရားလို့ အဓိပ္ပာယ်ရပါတယ်။

ဒုတိယ ဩကာသ က ရှိခိုး မြတ်နိုး ပူဇော် ရိုသေခြင်းရဲ့ တည်ရာဖြစ်တဲ့ ဓမ္မ (တရားတော်)။

တတိယ ဩကာသ က ရှိခိုး ရိုသေခြင်းရဲ့ တည်ရာဖြစ်တဲ့ သံဃာလို့ အဓိပ္ပာယ်ရတယ်။

ရတနာသုံးပါးကို ရည်ရွယ်ပြီး ဩကာသ သုံးကြိမ်ဆိုတယ်လို့ ကလေးတို့ မှတ်ထားရမယ်။ အဲဒီအဓိပ္ပာယ် မှတ်မိအောင် ကဗျာဆောင်ပုဒ် ကျက်ထားပေတော့ -

*ရှိခိုး ·မြတ်နိုး၊ ပူဇော်ရိုသေ၊*
*လေးထွေ တည်ရာ၊ ရတနာ၊ မှတ်ပါ ဩကာသ၊*
*သုံးပါးရတနာ၊ ရည်ညွှန်းကာ၊*
*ဆိုပါ သုံးကြိမ်ပ။*

## ကံသုံးပါး အဓိပ္ပာယ်

၁။ ကာယကံ = ကာယ = ခန္ဓာကိုယ်နဲ့ + ကံ = ပြုလုပ်တဲ့အမှု (ကိုယ်အမှုအရာ)
၂။ ဝစီကံ = ဝစ (ဝစီ) = နှုတ်နဲ့ + ကံ = ပြောဆိုမှု (နှုတ်အမှုအရာ)
၃။ မနောကံ = မနော (မန) = စိတ်နဲ့ + ကံ = ကြံစည်မှု (စိတ်အမှုအရာ)
(ကိုယ် - နှုတ် - စိတ် ဟု၊ ဤသုံးခု၊ ဖြစ်မှု ကံသုံးပါး)
သဗ္ဗဒေါသ = သဗ္ဗ = ခပ်သိမ်းသော + ဒေါသ = အပြစ်။
သဗ္ဗဒေါသ = ခပ်သိမ်းသော အပြစ်။

**မှတ်ချက်။** ။"သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို" လို့ ကန်တော့ချိုးမှာ ပါတယ်။ အဲဒါ ပါဠိနှင့်မြန်မာ တွဲဆိုထားတာ ဖြစ်တယ်။

## ရတနာ အဓိပ္ပာယ်

၁။ စိတ်မှာအမြဲ မပြတ်ထားအပ်သောကြောင့် (ရတနာ)
၂။ အဖိုးများစွာ ထိုက်တန်သောကြောင့် (ရတနာ)
၃။ အတုမရှိသောကြောင့် (ရတနာ)
၄။ တွေ့ဖို့၊ ကြုံဖို့၊ ဆုံဖို့၊ ခဲယဉ်းသောကြောင့် (ရတနာ)
၅။ မြတ်သော ပုဂ္ဂိုလ်တို့သာ သုံးဆောင် တွေ့ကြုံနိုင်သောကြောင့် (ရတနာ)

*အလေးပြုအပ် (စိတ်မှာထားအပ်) ဖိုးမပြတ်တည့်၊*
*နှိုင်းဘက်ပြိုင်ဖွယ်၊ မရှိကွယ်သား၊*
*မလွယ်တွေ့ဖို့၊ ရှေးကံမို့သည်၊*
*အချို့လူသာ သုံးနိုင်ရာ၊ ရတနာဟူ၍မှတ်။*

http://www.dhammadownload.com



## ကန်တော့ပုံ (၇) မျိုး

၁။ အရိုအသေ
၂။ အလေးအမြတ်
၃။ လက်အုပ်မိုး၍
၄။ ရှိခိုး
၅။ ပူဇော်
၆။ ဖူးမြော်
၇။ မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

## ကန်တော့ရသောကြောင့် ကင်းလွတ်သော အပြစ်များ

### (က) အပါယ်လေးပါး

၁။ ငရဲ – သာယာမှုမရှိ၊ ဆင်းရဲအတိဖြစ်သော ဘုံ။
၂။ တိရစ္ဆာန် – ဖီလာကန့်လန့်၊ အလျားလိုက်သွားရသော သတ္တဝါ။ (ခွေး စသော သတ္တဝါများ)
၃။ ပြိတ္တာ – အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲသော ဘုံ။
၄။ အသူရကာယ် – နေ့ခံ, လို့ ညစံ၊ ညစံ, လို့ နေ့ခံရသော ဘဝမျိုး။

*ငရဲ တိရစ်၊ ပြိတ် – သူရကာယ်၊*
*ဤလေးသွယ်၊ အပါယ်ဘုံဟု မှတ်။*

### (ခ) ကပ်သုံးပါး

၁။ သတ္ထန္တရကပ် – လက်နက်အမျိုးမျိုးဖြင့် သေကြေ ပျက်စီးရသော ခေတ်ကာလ။
၂။ ရောဂန္တရကပ် – အနာရောဂါ အမျိုးမျိုးဖြင့် သေကြေ ပျက်စီးရသော ခေတ်ကာလ။
၃။ ဒုဗ္ဘိက္ခန္တရကပ် – အစာအာဟာရ ငတ်မွတ်ခေါင်းပါး၊ ရှားပါးငတ်ပြတ်သဖြင့် သေကြေ ပျက်စီးရသော ခေတ်ကာလ။

*(သတ္ထ၊ ရောဂ၊ ဒုဗ္ဘိက္ခ၊ မှတ်ကြ ကပ်သုံးပါး)*

http://www.dhammadownload.com



## (ဂ) ရပ်ပြစ်ရှစ်ပါး

၁။ ဘုရားပွင့်ဆဲကာလ ငရဲမှာ ဖြစ်ရခြင်း။
၂။ တိရစ္ဆာန်မှာ ဖြစ်ရခြင်း။
၃။ ပြိတ္တာ အသူရကာယ်မှာ ဖြစ်ရခြင်း။
၄။ ရုပ်တရားသာရှိ၍ နာမ်တရားမရှိသော အသညသတ်ဗြဟ္မာ၊
နာမ်တရားသာရှိ၍ ရုပ်တရားမရှိသော အရူပဗြဟ္မာဘုံ၌ ဖြစ်ရခြင်း။
၅။ ပစ္စန္တရာဇ် တိုင်းစွန်နယ်ဖျား ဇနပုဒ်၌ ဖြစ်ရခြင်း။
၆။ မိစ္ဆာဒိဋ္ဌိဝါဒ ရှိနေသူဖြစ်ခြင်း။ (ဗုဒ္ဓဝါဒမှတစ်ပါး အခြားအယူကို ယူနေခြင်း)
၇။ တရားတော်ကို နားလည်နိုင်သော ဉာဏ်မရှိသူဖြစ်ခြင်း။
၈။ ဘုရား မပွင့်သောအခါ လူဖြစ်ရခြင်း။

**လင်္ကာ** = *ငရဲ၊ တိရစ္ဆာန်၊ ဘုံပြိတ္တာ၊ သုံးဖြာမှတ်ကွဲ့ ရပ်ပြစ်တဲ့။*
*အသညတ္တာ အရူပါ ဗြဟ္မာ မှတ်ကွဲ့ ရပ်ပြစ်တဲ့။*
*ပစ္စန္တရာဇ်မှာ လူဖြစ်လာ နှင့် မိစ္ဆာဒိဋ္ဌိ*
*ကင်းသိပညာ သာသနပ ကာလချိန်ခါ လူဖြစ်လာ လေးဖြာမှတ်ကွဲ့ ရပ်ပြစ်တဲ့။*

**ရပ်ပြစ်** = *အပြစ်ရှိရာ အရပ်၊*
*မဂ်ဖိုလ်နိဗ္ဗာန်ကို မရသော အရပ်။*

## (ဃ) ရန်သူမျိုးငါးပါး

(၁) ရေ၊ (၂) မီး၊ (၃) သူခိုး၊ (၄) အမွေခံသားသမီးဆိုး၊ (၅) မင်းဆိုး။

**လင်္ကာ** = *ရေ၊ မီး၊ သူခိုး၊ မွေခံဆိုး၊ မင်းဆိုး၊ ရန်သူငါး။*

## (င) ဝိပတ္တိတရား လေးပါး

၁။ ကာလဝိပတ္တိ = လူအများ အကျင့်စာရိတ္တ ဖောက်ပြန်ပျက်စီးသော အချိန်အခါဖြစ်ခြင်း။
၂။ ဂတိဝိပတ္တိ = လားရာဂတိ ဖောက်ပြန်ပျက်စီးခြင်း (အပါယ်ဘုံသို့ လားရခြင်း)
၃။ ဥပဓိဝိပတ္တိ = ရုပ်ဆင်းအင်္ဂါ ချို့ယွင်းပျက်စီးခြင်း။
၄။ ပယောဂဝိပတ္တိ = လုပ်ကိုင်ပြောဆို ကြံစည်ခြင်း၊ လုံ့လပယောဂ၏ ပျက်စီးမှု ဖြစ်ခြင်း။

*(ကာလဂတိ၊ ဥပဓိ၊ မှတ်ဘိ ပယောဂ)*

http://www.dhammadownload.com


## (စ) ဗျသနတရား ငါးပါး

၁။ ဉာတိဗျသန = ဆွေမျိုးများ သေကြေပျက်စီးခြင်း။
၂။ ဘောဂဗျသန = စည်းစိမ်ဥစ္စာ ဆုံးရှုံးပျက်စီးခြင်း။
၃။ ရောဂဗျသန = အနာရောဂါ ဝေဒနာ ခံစားရခြင်း စသော ပျက်စီးခြင်း။
မိမိသန္တာန်မှာ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ခံစားရခြင်း။
၄။ ဒိဋ္ဌိဗျသန = အယူဝါဒ မှားယွင်းပျက်စီးခြင်း (ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ ကူးပြောင်းသွားခြင်း)
၅။ သီလဗျသန = အကျင့်သီလ ပျက်စီးခြင်း (အကျင့်စာရိတ္တ မကောင်းခြင်း)
*ဉာတိ၊ ဘောဂ၊ ရောဂ၊ တစ်ထွေ၊ ဒိဋ္ဌိပေ၊ ငါးထွေသိကြ ဗျသန။*

ကန်တော့ရတဲ့ အကျိုးများကြောင့် အထက်ဖော်ပြပါ အပြစ်များ ကင်းလွတ်နိုင်ပါတယ်။

## မဂ်, ဖိုလ်, နိဗ္ဗာန်

မဂ်တရား = လောဘ၊ ဒေါသ၊ မောဟ စတဲ့ တရားဆိုးတွေကို ပယ်သတ်တတ်တဲ့တရား ဖြစ်တယ်။

ဖိုလ်တရား = လောဘ၊ ဒေါသ၊ မောဟ စတဲ့ တရားဆိုးတွေကို ငြိမ်းအေးသွားစေတဲ့တရား ဖြစ်တယ်။

နိဗ္ဗာန် = ရုပ်၊ နာမ်၊ ဓမ္မ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့သဘောတရားဖြစ်တယ်။

*ဗုဒ္ဓဘာသာ အခြေခံသင်ခန်းစာ (၃၁ - ၃၈)*

## သရဏဂုံ တည်ပါစေ ကဗျာ

✿ ဘုရားကိုတဲ့ ကိုးကွယ်ရာမှန်၊ ဗုဒ္ဓံ သရဏံ။
ယုံကြည်စိတ်သန် ဆည်းကပ်ထား၊
ဂစ္ဆာမိပါဘုရား။
တရားကိုတဲ့ ကိုးကွယ်ရာမှန်၊ ဓမ္မံ သရဏံ။
ယုံကြည်စိတ်သန် ဆည်းကပ်ထား၊
ဂစ္ဆာမိပါဘုရား။

http://www.dhammadownload.com



သံဃာကိုတဲ့ ကိုးကွယ်ရာမှန်၊ သံဃံ သရဏံ။
ယုံကြည်စိတ်သန် ဆည်းကပ်ထား၊
ဂစ္ဆာမိပါဘုရား။
သရဏဂုံ ၃ တန် တည်သူများ
အပါယ်အရပ်သို့ မသွား။

*( ရွှေသုဝဏ် )*

## ဗုဒ္ဓ (ဘုရား) ခေါ်ပုံ

သစ္စာလေးပါး တရားတို့ကို ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိမြင်တော်မူသော အမြတ်ဆုံးပုဂ္ဂိုလ်ကို ဗုဒ္ဓ (ဘုရား) ဟု ခေါ်သည်။

## ဓမ္မ (တရား) ခေါ်ပုံ

ယုံကြည်လိုက်နာ ကျင့်ကြံအားထုတ်သူတို့ကို အပါယ် စသော ဆင်းရဲတို့မှ လွတ်အောင် ဆောင်တတ်သော မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ်များကို ဓမ္မ (တရား) ဟု ခေါ်သည်။

## သံဃ (သံဃာ) ခေါ်ပုံ

မြတ်စွာဘုရား၏ ဆုံးမသြဝါဒအတိုင်း လိုက်နာကျင့်ကြံ အားထုတ်ကြ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရတော်မူပြီးကြသော အရိယာသံဃာတော်များနှင့် အရိယာနွယ်ဝင် ပုထုဇဉ် ရဟန်းတော်များကို သံဃ (သံဃာ) ဟု ခေါ်သည်။

## ဗုဒ္ဓဘာသာခေါ်ပုံ

ဘုရားရှင် ဟောတော်မူအပ်သော မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်, ပရိယတ်ဟု ဆိုအပ်သော တရားတော်များကို "ဗုဒ္ဓဘာသာ" (ဗုဒ္ဓသာသနာ) ဟု ခေါ်သည်။

## ဗုဒ္ဓဘာသာဝင် ခေါ်ပုံ

ဘုရားရှင် ဟောကြားတော်မူအပ်သော တရားနည်းလမ်းအတိုင်း လိုက်နာကျင့်ကြံသော (ဘုရား တရားတော်ကို ယုံကြည်၍ ကိုးကွယ်သော) သူများကို "ဗုဒ္ဓဘာသာဝင်" ဟု ခေါ်သည်။

http://www.dhammadownload.com


ဆောင်ပုဒ်

*ဗုဒ္ဓရှင်တော် ဟောဖော်အပ်တဲ့၊ မဂ် ဖိုလ် ပရိယတ် နိဗ္ဗာန်ကို၊*
*ဗုဒ္ဓဘာသာ မြတ်တရားလို့၊ မှတ်သားထားကြပါစေလို့၊*
*ရှင်တော်မိန့်မှာ ဟောဖော်ကြားတဲ့၊ တရားနည်းအတိုင်း ကျင့်သူကို၊*
*ဗုဒ္ဓဘာသာ လူအများလို့၊ ခွဲခြားပြီးတော့ သိဖို့လို၊*
*အဲဒါမှ "ဗုဒ္ဓဝါဒ" အခြေခံက သိကြတယ်လို့ ဆို။*

## ဥပါသကာ (ဥပါသိကာ) ဆိုတာ ဘာလဲ

**စ**စ်မှန်တဲ့ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်နေသူ အမျိုးသားကို "ဥပါသကာ" (အမျိုးသမီးကို "ဥပါသိကာ") ဟု ခေါ်သည်။

ဆောင်ပုဒ်

*ရတနာသုံးလီ ယုံကြည်သိ၍၊ ဆည်းကပ်မိတဲ့ ထိုလူသာ*
*သရဏဂုံ တည်သူမှတ်လို့၊ ဥပါသက ခေါ်အပ်စွာ။*

## ဥပါသကာ၏ သီလ ဆိုသည်မှာ

ဥပါသကာသည် အနည်းဆုံး ပါဏာတိပါတ ဝေရမဏီ (သူတစ်ပါးအသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း) စသော ငါးပါးသီလနှင့် ပြည့်စုံရ၏။

**မှတ်ချက်။** ။ ငါးပါးသီလ လုံသော်လည်း အသက်မွေးမှုအတွက် အလုပ်အကိုင် လုပ်ရာ၌ သန့်ရှင်းဖို့ လိုသေးသည်၊ အသက်မွေးမှု မစင်ကြယ်ပါက ငါးပါးသီလကို ပျက်စေရာ ရောက်သည်။

## ဥပါသကာတို့ မပြုလုပ်အပ်သော အရောင်းအဝယ်ငါးမျိုး

၁။ သတ္တဝါဏိဇ္ဇ = လက်နက်ရောင်းဝယ်ခြင်း၊
၂။ သတ္တဝါဏိဇ္ဇ = (လူ) သတ္တဝါကို ရောင်းဝယ်ခြင်း၊
၃။ မံသဝါဏိဇ္ဇ = အသားကို ရောင်းဝယ်ခြင်း၊
၄။ မဇ္ဇဝါဏိဇ္ဇ = သေရည်၊ အရက်၊ ဘိန်း၊ ကဇော်၊ လှော်စား စသည်တို့ကို ရောင်းဝယ်ခြင်း၊
၅။ ဝိသဝါဏိဇ္ဇ = သေစေတတ်သောအဆိပ်ကို ရောင်းဝယ်ခြင်း။

ဆောင်ပုဒ်

*လက်နက် အသား၊ တစ်ပါး သေရည်၊*
*အဆိပ် လူ ရောင်း၊ မကောင်း အာဇီ၊*
*ရောင်းဝယ် ဖောက်ကား၊ ရှောင်ရှားသွေဖည်၊*
*သက်မွေးကျောင်း ကောင်းကောင်းပြုသင့်သည်။*

## သရဏဂုံ ခေါ်ပုံ

စစ်မှန်သော ဘုရား၊ တရား၊ အရိယာ သံဃာတော်များသည်သာ ကိုးကွယ်ရာ ဖြစ်ပေသည်ဟု ယုံကြည်သော သဒ္ဓါ, သိသောဉာဏ် ထိုနှစ်မျိုးလုံးဖြစ်စေ၊ တစ်မျိုးဖြစ်စေ ပါရှိသော စိတ်ကို "သရဏဂုံ" ဟု ခေါ်သည်။

## သရဏဂုံ ခေါ်ဆိုပုံ ကဗျာ

*ဘုရားကို ဆည်းကပ် ကိုးကွယ်တာ၊*
*တရားကို ဆည်းကပ် ကိုးကွယ်တာ၊*
*သံဃာကို ဆည်းကပ် ကိုးကွယ်တာ၊*
*သရဏဂုံလို့ မှတ်ပါ။*

## သရဏဂုံတည်သူ ခေါ်ပုံ

သရဏဂုံစိတ် မပျက်ဘဲ အမြဲတည်နေသော ဥပါသကာ, ဥပါသိကာမကို "သရဏဂုံတည်သူ" ဟု ခေါ်သည်။

## သရဏဂုံ ဆောက်တည်ရကျိုးလင်္ကာ

*သုံးပါးရတနာ ဆည်းကပ်ခလို့၊ နတ်ပြည်ရောက်ကြ နတ်ထိုထို၊*
*သက် – ဆင်း – ချမ်းသာ၊ ခြံရံမျိုးနှင့်၊ အစိုးရမှု သူ့ထက်ပို၊*
*ခံစားစရာ အာရုံငါးလည်း၊ ပြည့်စုံပေါများ လွန်သကို၊*
*ဒါကြောင့် ရတနာ မြတ်သုံးပါးကို၊ ရှိသေလေးစား ဆည်းကပ်ခို။*

http://www.dhammadownload.com



## သရဏဂုံ ပျက်ခြင်းအကျိုး ကဗျာ

*မိစ္ဆာဒိဋ္ဌိ၊ ခေါ်တွင်ဘိ၊ ပျက်သည့် သရဏဂုံ။*
*ဘာသာတစ်ပါး၊ ကူးပြောင်းသွား၊ ပျက်ပြား သရဏဂုံ။*
*သရဏဂုံ ပျက်ပြား၊ ထိုသူများ၊*
*တိုးပွား ပြစ်မျိုးစုံ၊*
*အပြစ်များလာ၊ ပါယ်လေးရွာ၊*
*တူပါ ကိုယ့်အိမ်ပုံ။*

မိစ္ဆာဒိဋ္ဌိ ဆိုတာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မဆည်းကပ် မကိုးကွယ်တဲ့သူ၊ သရဏဂုံ မရှိသူများကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။

## ငါးပါးသီလ တောင်းခံပုံ ပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## ဘုရားရှိခိုး ပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သရဏဂုံ ဆောက်တည်ပုံ ပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com



## ငါးပါးသီလ ဆောက်တည်ပုံ ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

## ငါးပါးသီလတောင်းပုံ မြန်မာပြန်

အရှင်ဘုရား ... တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို တောင်းပါ၏။ တပည့်တော်အား သနားသောအားဖြင့် ငါးပါးသီလ ခံယူနည်း ပေးတော်မူပါဘုရား။

နှစ်ကြိမ်မြောက်လည်း တပည့်တော်သည် ... ပေးတော်မူပါဘုရား။

သုံးကြိမ်မြောက်လည်း တပည့်တော်သည် ... ပေးတော်မူပါဘုရား။

## နမော တဿ ဘုရားရှိခိုး မြန်မာပြန်

ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိမြင်တော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏ဘုရား။ (မြန်မာလို ၃ ခေါက် ဆိုပါစေ)

## သရဏဂုံ ဆောက်တည်ပုံ မြန်မာပြန်

(က) ဘုရားရှင်ကို ကိုးကွယ်ပါ၏။
(ခ) တရားတော်မြတ်ကို ကိုးကွယ်ပါ၏။
(ဂ) အရိယ သံဃာတော်ကို ကိုးကွယ်ပါ၏။

**မှတ်ချက်။** ။ နှစ်ကြိမ်မြောက်လည်း၊ သုံးကြိမ်မြောက်လည်း ထည့်၍ အထက်ပါအတိုင်း ဆိုပါ။

## ငါးပါးသီလ ဆောက်တည်ပုံ မြန်မာပြန်

၁။ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။
၂။ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

http://www.dhammadownload.com



၃။ ကာမဂုဏ်တို့၌ မှားယွင်း ဖောက်ပြန်စွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။
၄။ လိမ်လည်လှည့်ပတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။
၅။ မူးယစ်မေ့လျော့စေတတ်သော သေရည်အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။

## ရှစ်ပါးသီလ တောင်းခံပုံ ပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**မှတ်ချက်။** ။ဘုရားရှိခိုး ပါဠိ သရဏဂုံ ဆောက်တည်ပုံ ပါဠိမှာ ရှေ့ငါးပါးသီလအတိုင်း ပြန်၍ ဆိုပါ။

## ရှစ်ပါးသီလ တောင်းခံပုံ မြန်မာပြန်

အရှင်ဘုရား ... တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို တောင်းပါ၏။ တပည့်တော်အား သနားသောအားဖြင့် ရှစ်ပါးသီလ ခံယူနည်း ပေးတော်မူပါ အရှင်ဘုရား။

ဤသို့ စသည်ဖြင့် ငါးပါးသီလ၌ ပြခဲ့သည့်အတိုင်း သိရာ၏၊ သရဏဂုံ ဆောက်တည်ပုံတိုင်အောင် မထူးပါ။ "အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော" ဟူရာ၌ "ပါဏာတိပါတာ ဝေရမဏီ" စသော သိက္ခာရှစ်ပါးကို "အင်္ဂါရှစ်ပါး" ဟု ဆိုသည်။

## ရှစ်ပါးသီလ ဆောက်တည်ပုံ ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com



၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## ရှစ်ပါးသီလ ဆောက်တည်ပုံ မြန်မာပြန်

၃။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါ၏။

၆။ နေ့လွဲညစာ စားခြင်းမှ ရှောင်ကြဉ်ပါ၏။

၇။ အကုသိုလ်များကြောင်း မကောင်းမှုဖြစ်သော ကခြင်း, သီချင်း ဆိုခြင်း, တီးမှုတ်ခြင်း, ဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက်ဖြစ်သော ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်း, နံ့သာပျစ်ကို နိမ့်ရာအရပ်သို့ ဖို့သိပ်ခြင်း, နံ့သာရည် နံ့သာမှုန့်တို့ကို လိမ်းကျံ ခြယ်လှယ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၈။ မြင့်မြတ်သောနေရာ၌ အိပ်ခြင်း, နေထိုင်ခြင်းမှ ရှောင်ကြဉ်ပါ၏။

**မှတ်ချက်။** ။ ၁-၂-၄-၅ သိက္ခာပုဒ်များ၏ မြန်မာပြန်ကို ငါးပါးသီလ၌ ပြခဲ့ပြီ။

*(ရတနာ့ဂုဏ်ရည်)*

*အကြီးတန်း ရှင်ကျင့်ဝတ် (၁-၁၁)*

■

http://www.dhammadownload.com




မြို့၌ သောက်စားပုံ

http://www.dhammadownload.com


# ငါးပါးသီလ ကဗျာဆောင်ပုဒ်

၁။ သူ့အသက်ကို သိလျက်သားနှင့်၊ ဒေါသစိတ်ထား သေစေလို။
လုံ့လပြုကာ သေအောင်သတ်တော့၊ ပါဏာတိပါတ် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊ အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လည်း ရောဂါစွဲ ဆင်းရဲအသက်တို။
အဲဒါကြောင့်၊ ပဉ္စသီလ တည်ကြပါစေလို့။

၂။ သူ့ဥစ္စာကို သိလျက်သားနှင့်၊ လောဘစိတ်ထား ခိုးယူလို။
လုံ့လပြုကာ ခိုးယူပြန်က၊ အဒိန္နာဒါန် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊ အပါယ်ငရဲ ကျမည်ဆို။
လွတ်ပြန်လျှင်လည်း၊ ဥစ္စာမွဲ၊ ဆင်းရဲဖြစ်တိုင်း ကိုယ်။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့။

၃။ ရှောင်ရှားအပ်သူ မိန်းမများ၌၊ ရာဂစိတ်ထား ပေါင်းဖော်လို။
လုံ့လပြုကာ ကျူးလွန်ပြုက၊ ကာမေသုတ့် အကုသိုလ်။
ကျူးလွန်မိလျှင် တကယ်ပဲပေါ့၊ အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်က နပုန်းမ၊ မိန်းမဖြစ်ရသကို။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့။

၄။ မဟုတ်မမှန် တစ်ဘက်သားကို၊ ယွင်းချွတ်လှည့်စား၊ မုသားဆို။
အဓိပ္ပာယ်ကို ထိုသူသိ၍၊ အကျိုးကိုထိ အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊ အပါယ်ငရဲ ကျမည်ဆို။
လွတ်လာပြန်လည်း ပါးစပ်ပြဲ၊ သွားကြဲ နှုတ်ခမ်းတို။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့။

၅။ ယစ်မူးတတ်စွာ သေရည်များကို၊ မူးယစ်သောက်စား ဘိန်းရှူမျို။
ဒုစရိုက်တွေ ဖြစ်ပေါ်ကြောင်းမို့၊ မကောင်းစင်စစ် အကုသိုလ်။
လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊ အပါယ်ငရဲ ကျမည်ဆို။
လွတ်လာစေဦး၊ လူမေ့မူး၊ အရူးဆက်တိုင်း ကိုယ်။
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို့။

*ဒေါက်တာ မင်းတင်မွန်*

http://www.dhammadownload.com





သူ့အသက်သတ်မိသူတို့ ငရဲ၌ ခံနေကြရပုံ

http://www.dhammadownload.com



# ငါးပါးသီလဆိုင်ရာ ဝတ္ထုများ

## (ပါဏာတိပါတ)

## ဝက်သတ်သမား စုန္ဒအကြောင်း

မကောင်းမှုကို ပြုသောသူသည် မကောင်းမှုကို ပြုနေသည့်အတွက် ဤဘဝ၌လည်း စိုးရိမ်ပူဆွေးရ၏။ တမလွန် နောက်ဘဝ၌လည်း မကောင်းသောအကျိုးကို ခံစားရသောကြောင့် စိုးရိမ်ပူဆွေးရ၏။ ဝက်သတ်သမားသည် မိမိ၏ ညစ်နွမ်းသော အကုသိုလ်ကံကို မြင်ရ၍ သေခါနီးရောက်သည့်အခါ စိတ်အားငယ်ရသည့်အပြင် အလွန်စိုးရိမ် ပူဆွေးရလေသည်။

မြတ်စွာဘုရားသည် ထိုဝက်သတ်သမားအကြောင်းကို ဝေဠုဝန်ကျောင်း၌ ဟောတော်မူခဲ့၏။ ယိုစဉ်အခါက သာဝတ္ထိမြို့မှ စုန္ဒဆိုသူ လူတစ်ယောက်သည် ဝက်များကို နေ့စဉ်သတ်၍ စီးပွားရှာခဲ့၏။ ဝက်သတ်သမား စုန္ဒသည် ဝက်ငယ်များကို ဝယ်ယူကာ အသားတိုးအောင် အစာကျွေးထား၏။ သတ်မည့်ဝက်ကို မလှုပ်နိုင်အောင် ကြိုးဖြင့်ချည်တုတ်ထားပြီး ဝက်ကို တုတ်ဖြင့်ရိုက်၏။ ပါးစပ်ကို ဖြဲကာ တုတ်ဖြင့်ထောက်၍ ဆူပွက်နေသော ရေနွေးတို့ကို လောင်းထည့်၏။ ဝက်၏ ကိုယ်ပေါ်သို့လည်း ရေနွေးတို့ဖြင့် လောင်းကာ ဝက်မွေးတို့ကို ကျွတ်စေ၏။ ကျန်ရှိနေသော ဝက်မွေးများကို မီးမြိုက်ကာ ဖယ်ရှားပြီးမှ လည်ပင်းကို ဓားဖြင့် ခုတ်သတ်လေတော့၏။ ထိုသို့ ရက်စက်စွာသတ်ဖြတ်၍ စီးပွားရှာခဲ့သည်မှာ (၅၅) နှစ်တိုင်အောင် ကြာခဲ့လေသည်။

ဝက်သတ်သမား စုန္ဒသည် သေခါနီးသောအခါ ဝက်ကဲ့သို့ လေးဘက်ထောက်သွားကာ ဝက်လိုပင် အော်မြည်၍ ဆင်းရဲပင်ပန်းစွာ သေဆုံးရ၏။ သေဆုံးပြီးသောအခါ သတ္တဝါတို့၏ အသက်ကို သတ်ခဲ့သော မကောင်းမှုကြောင့် ငရဲသို့ ကျရောက်သွားလေတော့၏။

■

http://www.dhammadownload.com






သူတစ်ပါးဥစ္စာကို မတရားယူမိသူတို့ ငရဲ၌ ခံနေကြရပုံ

http://www.dhammadownload.com



## ခုပ္ပိပါသ ပြိတ္တာအကြောင်း
## (အဒိန္နာဒါန)

သူတစ်ပါး၌စွာကို ခိုးယူခြင်း၊ လုည့်ပတ်ယူခြင်း၊ လုယက်ယူခြင်း၊ ကုန်သန်းရောင်းဝယ်ရာ၌ တင်းတောင်း၊ အလေးချိန်ခွင် စသည်ဖြင့် စဉ်းလဲ ကောက်ကျစ်၍ယူခြင်း၊ ရေထိုးခြင်း၊ အတုလုပ်ခြင်း စသည်ဖြင့် မရိုးမသား ယူခြင်းတို့သည် အဒိန္နာဒါနချည်းသာ ဖြစ်သည်။

ကိုးဆယ့်နှစ်ကမ္ဘာထက် ဖုဿဘုရား ပွင့်တော်မူစဉ်က ဖုဿဘုရား၏ အဖေတူ အမေကွဲ ညီတော်သုံးယောက်တို့သည် ကျောင်းဆောက်လှူဒါန်း၍ ဘုရားရှင်နှင့် သံဃာတော်များထံ ဝါတွင်းသုံးလ ပတ်လုံး ဥပုသ်ဆောက်တည်ကြ၏။ ဘဏ္ဍာစိုးအား ဆွမ်းဝတ်ချက်၍ ကပ်လှူရန် တာဝန်ပေးထား၏။ ဘဏ္ဍာစိုးလင်မယားတို့ကား သဒ္ဓါတရားဖြင့် ဆောင်ရွက်ကြ၏။ ဘဏ္ဍာစိုး၏ တပည့်များအနက် အချို့သော လူများသည် ဘုရားရှင်နှင့် သံဃာတော်များအား လုပ်ကျွေးရန် ရည်သန်ထားသော ဆီ ဆန် ထောပတ် စသည်တို့ကို ခိုးယူစားသုံးပြီးလျှင် ပစ္စည်းများ သိမ်းဆည်းထားသော အဆောက်အဦကို မီးတိုက်ကြကုန်၏။ ထိုလူများသည် ခိုးမှု လွန်ကျူးသောကြောင့် ကိုးဆယ့်နှစ်ကမ္ဘာလုံးမှာ ငရဲမှာသေ၍ ငရဲ၌သာ ဆက်ကာ ကျလေ၏။ ဤကမ္ဘာတွင် အဝတ်အချည်းအနှီး အစာရေစာ ဆာလောင်မွတ်သိပ်သော ခုပ္ပိပါသ ပြိတ္တာများ ဖြစ်ကြသည်။

ရှေးဦးစွာ ကကုသန် မြတ်စွာဘုရား ပွင့်တော်မူသောအခါ ထိုပြိတ္တာများသည် တပည့်တော်တို့ ဘယ်အခါ အစာစားကြရပါမည်နည်းဟု မေးလျှောက်ကြ၏။ မြတ်စွာဘုရားရှင်က ငါ၏ညီတော် ကောဏာဂုမ် ဘုရားပွင့်သောအခါ မေးရစ်ကြလော့ဟု မိန့်တော်မူ၏။ ပြိတ္တာများမှာ ဆာလောင်မွတ်သိပ်စွာဖြင့် ကာလ အသင်္ချေ စောင့်ဆိုင်းနေကြပြီး၊ ကောဏာဂုမ်ဘုရား ပွင့်တော်မူလာသောအခါ၌ ချဉ်းကပ်မေးမြန်းပြန်ရာ ငါ၏ညီတော် ကဿပဘုရားပွင့်သောအခါ မေးရစ်ကြလော့ဟု မိန့်တော်မူ၏။ ထို့နောက် ကာလအသင်္ချေ ကြာသောအခါ ကဿပဘုရား ပွင့်တော်မူ၍ မေးလျှောက်ကြသောအခါ ငါ၏ညီတော် ဂေါတမဘုရား လက်ထက်၌ သင်တို့၏ဆွေမျိုးဖြစ်ခဲ့သူ ဘဏ္ဍာစိုးသည် ဗိမ္ဗိသာရအမည်ရှိသော မင်းကြီးဖြစ်လိမ့်မည် ထိုမင်းသည် ဂေါတမဘုရားရှင်အား ဝေဠုဝန်ကျောင်းတော်ကြီး ရေစက်ချပွဲ ပြုလုပ်၍ အမျှဝေသောအခါ သင်တို့ စားကြရလိမ့်မည်ဟု မိန့်တော်မူ၏။

ပြိတ္တာများသည် နက်ဖြန် စားရတော့မည်ဟုပင် ထင်ကြ၏။ သို့ရာတွင် ဝေဠုဝန်ကျောင်းတော်ကြီး ရေစက်ချပွဲတွင် ဗိမ္ဗိသာရမင်းကြီးသည် သတိမေ့လျော့၍ ထိုပြိတ္တာများအား ရည်ညွှန်း၍ အမျှမဝေမိချေ။ ခဲလေသမျှ သဲရေကျ ဖြစ်ရသော ပြိတ္တာများသည် မကျေမနပ်ဖြစ်ကြ၍ ညအချိန်တွင် ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်အထဲသွား၍ စူးစူးဝါးဝါး ဟစ်အော်ကြ၏။ မင်းကြီးလည်း မြတ်စွာဘုရားထံ မေးလျှောက်၍ အကျိုးအကြောင်း သိရှိသည့်အခါ ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား အလှူကြီးပေး၍ အမျှဝေမှ သာဓုခေါ်ရသဖြင့် ဝဝလင်လင် စားကြရလေသည်။

*(ပေတ၊ ၄။ ၁၈။ တိရောကုဋ္ဋပေတဝတ္ထု)*

http://www.dhammadownload.com




သူ့သားမယားကို ကျူးလွန်မိသူတို့ ငရဲ၌ခံနေကြရပုံ

http://www.dhammadownload.com


# ဒု – သ – န – သော
## (ကာမေသုမိစ္ဆာစာရ)

ကာမဂုဏ် လိုက်စားမှု၌ မိမိကိုယ်တိုင်လည်း လိုက်စားလွန်ကျူး၏။ သူတစ်ပါးတို့အားလည်း ကာမဂုဏ် လိုက်စားရေး တွန်းအားပေး၏။ သူတစ်ပါး လိုက်စား လွန်ကျူးနေမှုအတွက်လည်း သဘောတူ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည် ငရဲဘုံရောက်ကာ ငရဲမီး၏ လောင်စာဖြစ်မည်မှာ သေချာ၏။

ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဗာရာဏသီပြည်၌ ကုဋေလေးဆယ်စီ ကြွယ်ဝချမ်းသာ သူဌေးသား လေးယောက်ရှိ၏။ သူတို့၏ အတွေးအမြင်အရ ပစ္စည်းဥစ္စာကို မလိုချင် မမက်မောသောမိန်းမဟူ၍ မရှိချေ။ ထို့ကြောင့် ပစ္စည်းဥစ္စာတို့ဖြင့် ပေးကမ်းဖြားယောင်းကာ သူတစ်ပါးတို့၏ မယားတို့၌ လွန်ကျူးပျော်ပါးကြကုန်အံ့ဟု တိုင်ပင်ကြပြီးလျှင် ရုပ်ဆင်းဥပဓိ ချောမောလှပသော မိန်းမတို့အား ပစ္စည်းဥစ္စာဖြင့် လှည့်ပတ်ဖြားယောင်းလျက် အနှစ်နှစ်သောင်းတို့ ကာလပတ်လုံး ကာမဂုဏ် လိုက်စားကာ မိုက်မှားကျူးလွန်ခဲ့ကြ၏။ ထိုမကောင်းမှုကံကြောင့် ကဿပဘုရားရှင်နှင့် ဂေါတမဘုရားတို့အကြား အဝီစိငရဲကြီး၌ ကျရောက်ကာ အဝီစိငရဲမီး၏ လောင်မြိုက်မှု ဆင်းရဲကို ခံနေကြရ၏။ ဂေါတမဘုရား ပွင့်တော်မူသောအခါ အဝီစိငရဲကြီးမှ လွတ်ကာ ယူဇနာခြောက်ဆယ်ရှိသော လောဟကုမ္ဘီငရဲအိုး၌ ကျရောက်ကြရပြန်၏။

အနှစ်ခြောက်သောင်း ကြာသောအခါ ငရဲအိုး၏ အထက်မျက်နှာပြင်သို့ တစ်ကြိမ် ပေါ်လာခွင့်ရ၏။ ထိုအခါ သူဌေးသားလေးယောက်တို့သည် **ဒု – သ – န – သော**ဟူ၍ အစဆုံး တစ်လုံးစီသာ ပြောဆိုခွင့်ရကာ တစ်ဖန် ငရဲအိုးအောက်ခြေသို့ ပြန်လည် နစ်မြုပ်သွားကြရ၏။

**ဒု** = "ငါတို့မှာ ပေးလှူဖွယ်ရာ ပစ္စည်းဥစ္စာ များစွာရှိကြပါလျက် မပေးလှူမိခဲ့ကြပေ။ မိမိ၏ မှီခိုအားထားရာဖြစ်သော ကုသိုလ်ကောင်းမှုကို မပြုမိခဲ့ကြပေ။ ပညာရှိတို့ ကဲ့ရဲ့ထိုက်သော အသက်ရှည်ခြင်းဖြင့် ငါတို့ အသက်ရှည်ခဲ့ကြ၏"

**သ** = "မိတ်ဆွေတို့ – လောဟကုမ္ဘီ ငရဲအိုးထဲ၌ ဆင်းရဲဒုက္ခ ခံစားနေကြရသော ငါတို့မှာ အနှစ်ခြောက်သောင်း ပြည့်ခဲ့ကြပြီ။ ဘယ်သောအခါမှ ဤဆင်းရဲဒုက္ခဆိုးကြီး ကုန်ဆုံးလွတ်မြောက်ခွင့်ကို ငါတို့ ရပါအံ့နည်း"

**န** = "မိတ်ဆွေတို့ – မင်းတို့ ငါတို့ သူဌေးသားဖြစ်စဉ်က ကာမဂုဏ် လိုက်စား မိုက်မှားလွန်ကျူးခဲ့ကြသော မကောင်းမှုကံသည် အဆုံး အပိုင်းအခြားမရှိပေ။ မင်းတို့ ငါတို့အတွက်လည်း ဤဆင်းရဲဆိုး၏ အပိုင်းအခြားသည် အဘယ်မှာရှိနိုင်တော့အံ့နည်း"

**သော** = "ငါသည် ဤသံရည်ပူငရဲမှ လွတ်မြောက်ကာ အကယ်၍ လူ့ဘဝကိုရပါမူ ပညာရှိသူတော်ကောင်းတို့၏ စကားကို နာယူမှတ်သားပြီး သီလနှင့်ပြည့်စုံသူဖြစ်၍ ဒါန သီလ အစရှိသော ကုသိုလ်ကောင်းမှုတို့ကိုသာ ကြိုးစားအားထုတ်တော့မည်"

http://www.dhammadownload.com





လိမ်လည်ပြောဆိုသူတို့ ငရဲ၌ ခံနေကြရပုံ

http://www.dhammadownload.com



## မုသာဝါဒ အပြစ်ပြဝတ္ထု
## (မုသာဝါဒ)

ကဿပဘုရားရှင် ပွင့်တော်မူစဉ်အခါက ကိမိလပြည်၌ သောတာပန် ဒါယကာတစ်ယောက်နှင့် အခြွေအရံ ဥပါသကာ ငါးရာတို့သည် ကျောင်းဆောက်ခြင်း လမ်းဖောက်ခြင်း စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြ၏။ သူတို့၏ ဇနီးမယားတို့သည်လည်း လင်ယောကျ်ားတို့နှင့်အတူ ကုသိုလ်ကောင်းမှု ပြု၍နေကြ၏။

တစ်နေ့သောအခါ ယင်းတို့ထဲမှ အမျိုးသမီးတစ်ယောက်သည် မိမိလင်မှတစ်ပါး အခြားယောကျ်ားနှင့် ဖောက်ပြန်၏။ လင်ယောကျ်ားသိ၍ မေးမြန်းလေရာ မဟုတ်မမှန်ကြောင်း လိမ်ညာလှည့်ဖြား မုသားစကား ပြောဆို၏။ ထို့အပြင် လင်ယုံကြည်အောင် အနီးအနားရှိ ခွေးနက်ကြီးကို လက်ညှိုးထိုးကာ "အကယ်၍ ငါသည် အခြားယောကျ်ားနှင့် ဖောက်ပြန်အံ့၊ ဤခွေးနက်ကြီးသည် ဘဝတိုင်းလိုက်၍ ငါ၏အသားကို စားပါစေ" ဟု ကျိန်စာစကား ဆိုခဲ့၏။ အတူနေမိန်းမတို့ကလည်း ထိုမိန်းမ၏ ဖောက်ပြန်မှုကို သိကြပါလျက် "သင်၏ဇနီးသည် အခြားယောကျ်ားနှင့် မဖောက်ပြန်ပါ၊ အကယ်၍ ငါတို့ မုသားစကားဆိုပါက ထိုမိန်းမ၏ကျွန်မများ ဖြစ်ကြရပါစေသား" ဟု သိလျက် လိမ်ညာ၍ ကျိန်စာဆိုခဲ့ကြ၏။

လူ့ဘဝက ကျောင်းဆောက် လမ်းဖောက် စသော ကုသိုလ်လည်း ပြုခဲ့၏။ လိမ်ညာ၍ ကျိန်စာလည်း ဆိုခဲ့၏။ ထို့ကြောင့် အခြားယောကျ်ားနှင့် ဖောက်ပြန်သော မိန်းမသည် နတ်ပြိတ္တာဖြစ်ကာ နေ့အခါ နတ်စည်းစိမ်ကို ခံစားရ၍ ညအခါ ကျိန်စာသင့်ကာ ခွေးစားခံရလေ၏။ ကျန်မိန်းမတို့ကား ကျိန်စာမုသားကြောင့် ကျွန်မများဖြစ်ကြရလေ၏။ ထိုမိန်းမများသည် တစ်ကြိမ်တစ်ခါ လိမ်ညာပြောမှားခဲ့သော မုသား၏ ဆိုးကျိုးကို ကဿပ ဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့အကြား ရှည်လျားလှစွာသော ကာလပတ်လုံး ခံစားခဲ့ကြရလေ၏။

■

http://www.dhammadownload.com






ကျေးရွာ၌ သောက်စားပုံ

http://www.dhammadownload.com



## အရက်သောက်ခြင်း၏ အပြစ်
## (သုရာမေရယ)

ရှေးအခါက အရက်စွဲနေသော ဗာရာဏသီမင်းကြီးသည် အသားဟင်းချာ မပါဘဲ ပွဲတော်တည်လေ့မရှိပေ။ သူ၏တိုင်းပြည်တွင် အစဉ်အလာအရ ဥပုသ်နေ့များ၌ သားငါးများကို သတ်ဖြတ်ရောင်းချခြင်း မပြုလုပ်ရပေ။ ထို့ကြောင့် စားဖိုမှူးသည် အသားများကို ဥပုသ်နေ့မတိုင်မီ တစ်ရက်ကြိုတင်ကာ ဝယ်ယူထားရသည်။ ယင်းအသားများကို လုံခြုံစွာ မထားမိသဖြင့် ခွေးစားသွားသည်။ စားဖိုမှူးသည် ဥပုသ်နေ့နံနက်တွင် အသားဝယ်မရတော့သဖြင့် မိဖုရားကြီးထံဝင်၍ အပူကပ်ရတော့သည်။

မိဖုရားကြီးသည် ဘုရင်ကြီးက သားတော်ကလေးအား အလွန်ချစ်မြတ်နိုးမှန်းသိသဖြင့် သားတော်လေးအား တန်ဆာဆင်၍ ဘုရင်ကြီးရင်ခွင်၌ ပေးထားသည်။ ထိုအခါ ပွဲတော်စာကို ဆက်သပါဟု ပြောလေသည်။ ဘုရင်ကြီးသည် ရင်ခွင်ထဲ၌ သားတော်ကလေးကို ကျီစယ်ရွှင်မြူးနေစဉ် စားဖိုမှူးသည် ပွဲတော်စာ ဆက်သလိုက်သည်။

အရက်မူးနေသော ဘုရင်ကြီးသည် ပွဲတော်စာတွင် အသားဟင်း မပါသဖြင့် အသားဟင်း ဘယ်မှာလဲဟု မေးသည်။ စားဖိုမှူးက ယနေ့ ဥပုသ်နေ့ဖြစ်သဖြင့် အမဲဟင်းလျာများ ဝယ်၍မရပါကြောင်း လျှောက်ထားသည်။ ထိုအခါ ဘုရင်ကြီးသည် "ငါလိုဘုရင်အတွက် အမဲဟင်းလျာ ခဲယဉ်းရသလော" ဟု ဆိုပြီး ပေါင်ပေါ်တွင်ရှိနေသော သားငယ်၏ လည်ပင်းကို လိမ်ချိုးသတ်လိုက်ပြီး "ရော့–အမြန်ချက်ပြီး ယူလာခဲ့" ဟု ပြောဆို၍ စားဖိုမှူးရှေ့သို့ ပစ်ချပေးလိုက်သည်။

စားဖိုမှူးသည် အလျင်အမြန်ချက်၍ ဆက်သလိုက်သည်။ ဘုရင်ကြီးသည် သားတော်ကလေး၏ အသားဟင်းလျာဖြင့် ထိုနေ့ညစာအတွက် ပွဲတော်တည်သည်။ စားသောက်ပြီးနောက် အိပ်ပျော်ခြင်းသို့ ရောက်၍ နံနက်မိုးသောက်သောအခါ "သားတော်ကလေးကို ဆောင်ယူခဲ့ပါ" ဟု ဆို၏။

ထိုအခါ မိဖုရားကြီးက ငိုယိုလျက် အဖြစ်အပျက်ကို တင်လျှောက်လိုက်လေသည်။ ဘုရင်ကြီးသည် အလွန်ထိတ်လန့် တုန်လှုပ်သွားပြီး အရက်သောက်ခြင်း၏ အပြစ်ကို သိမြင်ကာ ငိုယိုလျက် "အရဟတ္တဖိုလ်သို့ မရောက်သေးသမျှ အရက်မသောက်တော့ပါပြီ" ဟု အဓိဋ္ဌာန်ပြုလိုက်သည်။ ဘုရင်ကြီးသည် ထိုနေ့မှစ၍ နိဗ္ဗာန်ရောက်သည့်ဘဝအထိ အရက်မသောက်ကော့ချေ။

*ယဥ်ကျေးလိမ္မာရွှေမြန်မာ (၅–၁၂)*

■

http://www.dhammadownload.com



# တရားတော်ကို နာရ၍ နတ်သားဖြစ်ရသော ဖားတစ်ကောင်အကြောင်း

အခါတစ်ပါး၌ ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် စမ္ပာပြည်၊ ဂဂ္ဂရာရေကန်၏အနီး ကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေတော်မူ၏။ တစ်နေ့သ၌ ဘုရားရှင်သည် သတ္တလောကကို ကြည့်ရှု ဆင်ခြင်တော်မူလေသော် ယနေ့ညနေချမ်းအခါ၌ တရားဟောလျှင် တရားနာသော ဖားငယ်တစ်ကောင်ကို အကြောင်းပြု၍ သတ္တဝါအများ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြမည်ကို သိမြင်တော်မူ၏။

ညနေချမ်းအချိန်သို့ ရောက်လျှင် စမ္ပာပြည်၊ ဂဂ္ဂရာရေကန်အနီးရှိ တရားမဏ္ဍပ်သို့ ကြွတော်မူကာ ပရိသတ်အပေါင်းတို့အား တရားဒေသနာ ဟောမိန့်တော်မူ၏။ ထိုခဏ၌ ဖားငယ်တစ်ကောင်သည် ရေကန်မှ တက်၍ "ဤအသံကား ဓမ္မ-တရားကိုဟောသောအသံဖြစ်၏" ဟု တရားသံ၌ အာရုံနိမိတ်ယူကာ ပရိသတ်အစွန်အဖျား၌ ဝပ်လျက် နာယူနေသည်။

ထိုအခါ နွားကျောင်းသားတစ်ယောက်သည် ထိုအရပ်သို့ ရောက်လာလျက် ဘုရားရှင် တရား ဟောနေတော်မူသည်ကိုလည်းကောင်း၊ ပရိသတ်များ အလွန်ငြိမ်းချမ်းစွာ တရားနာနေသည်ကိုလည်းကောင်း မြင်၍ ဘုရားရှင်နှင့် တရားနာပရိသတ်သို့ စိတ်အာရုံရောက်ရှိကာ (စိတ်ဝင်စားကာ) မိမိ၌ပါလာသော တုတ်နှင်တံကိုထောက်၍ အမှတ်တမဲ့ ရပ်တည်လေလျှင် ဖားငယ်ကို မကြည့်မိဘဲ ထိုဖားငယ်၏ ဦးခေါင်းပေါ်၌ ထောက်ဖိ၍ ရပ်တည်မိလေ၏။

ဖားငယ်သည် ထိုခဏမှာပင် သေလွန်၍ အိပ်စက်ရာမှ နိုးလာသောသူကဲ့သို့ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရ၏။ (၁၂) ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သမီးအပေါင်း ခြံရံလျက် နတ်စည်းစိမ်ကို ခံစားနေရ၏။ ဖားနတ်သားသည် လူများအပေါင်း ကြည့်ရှုနေစဉ် ယင်းခဏမှာပင် များစွာသော နတ်သမီး အခြံအရံ၊ ကြီးစွာသော နတ်အာနုဘော်ဖြင့် ဘုရားရှင်ထံမှောက် လာရောက်၍ အကြောင်းစုံကို လျှောက် ထားပြီးနောက် ဘုရားရှင်ထံမှ အကျယ်ဟောပြသော တရားဒေသနာကို နာကြားခဲ့ရာ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြကာ ဖားနတ်သားမှာ သောတာပန် အဖြစ်သို့ ရောက်လေသည်။ (ဝိမာန-၂၀၁၊ ဝိ-၅-၁၊ ၉၄)

http://www.dhammadownload.com




နတ်စည်းစိမ်ခံစားပုံ

http://www.dhammadownload.com


# မဟာဓမ္မိက ဥပါသကာဝတ္ထု

ကုသိုလ်ကောင်းမှုပြုနေသော လူကောင်းသူကောင်းဖြစ်သူသည် ကောင်းသောအမှုကို ပြုနေရသည့်အတွက် ဤဘဝ၌လည်း ဝမ်းသာရွှင်ပျ ချမ်းသာရ၏။ တမလွန်နောက်ဘဝ၌လည်း ကောင်းသောအကျိုးကို ခံစားရသောကြောင့် ဝမ်းသာရွှင်ပျ ချမ်းသာရ၏။ ဓမ္မိကဥပါသကာသည် မိမိ၏ သန့်ရှင်းစင်ကြယ်သော ကုသိုလ်ကံကို မြင်ရ၍ သေခါနီးရောက်သော်လည်း စိတ်အားမငယ်သည့်အပြင် အလွန်ကြည်လင်ရွှင်ပျ ဝမ်းမြောက်၍နေရလေသည်။

သာဝတ္ထိမြို့၌ ငါးပါးသီလနှင့်တကွ အမြဲဒါနဝတ်ရှိကြသော ခေါင်းဆောင်သာသနာပြု ဥပါသကာတို့သည် ငါးရာလောက်ရှိကုန်၏။ တစ်ယောက်တစ်ယောက်လျှင် နောက်လိုက်အဖော် ဥပါသကာ ငါးရာစီရှိကုန်၏။ ထိုဥပါသကာတို့တွင် အကြီးဆုံး ဥပါသကာကို "မဟာဓမ္မိက ဥပါသကာ" ဟု ခေါ်၏။ ထိုဥပါသကာ၌ သားခုနစ်ယောက်၊ သမီးခုနစ်ယောက် ရှိ၏။ ထိုသားသမီးများလည်း အဖေကဲ့သို့ တရားရှိသော၊ ယဉ်ကျေးသော ဥပါသကာ ဥပါသိကာမများ ဖြစ်ကြသောကြောင့် သားသမီးနှင့်တကွ တစ်ကျိပ်ခြောက်လုံးပင် သီလရှိ၍ ဒါနမှု၌ မွေ့လျော်သော သူတော်ကောင်းများ ဖြစ်ကြလေသည်။

မဟာဓမ္မိက ဥပါသကာသည် အသက်အရွယ်ကြီး၍ စုတေခါနီးသောအခါ သေရာညောင်စောင်း၌ လျောင်းနေစဉ် တရားနာလိုသောဆန္ဒဖြင့် ရဟန်းတော်များကိုပင့်၍ သတိပဋ္ဌာနသုတ်တော်ကို နာနေလေသည်။ ထိုအခါ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းသည် သူ၏ အိမ်အထက်ကောင်းကင်၌ ရောက်လာ၏။ ရထား၌ပါလာသော နတ်သားသည် "မိမိတို့နတ်ပြည်သို့ ယူဆောင်မည်" ဟု အသီးသီး ပြောဆိုသံကို တရားနာနေသော ဥပါသကာကြား၍ "ခဏ္တဆိုင်းကြပါဦး" ဟု တားမြစ်လေသည်။

"ဆိုင်းငံ့ကြပါဦး" ဟူသော စကားကို ရဟန်းတို့က မိမိတို့အား ပြောသည်ထင်၍ ရွတ်နေသော သုတ္တန်ကို ရပ်ဆိုင်းထားလိုက်ကြကုန်၏။ ထိုအခါ သားသမီးတို့က "ငါတို့အဖေသည် ရှေးရှေးက တရားနာလို့ အားမရဘဲ ယခုမှ သေရမည်ကို ကြောက်သောကြောင့် တရားကို တားမြစ်ရှာသည်" ဟု ထင်၍ ငိုကြွေးကြလေသည်။ ရဟန်းတော်များလည်း "သားသမီးတွေငိုလျှင် ငါတို့ ဆက်လက်၍ ရွတ်ဆိုဖို့မသင့်" ဟု ယူဆ၍ ပြန်ကြွကြလေသည်။

ဥပါသကာသည် နတ်သားတို့ကို တားမြစ်စဉ်က သတိလစ်သွားရာမှ ပြန်၍ သတိရသောအခါ ငိုနေသော သားသမီးများကို "ဘာ့ကြောင့်ငိုကြရသလဲ" ဟု မေးလေသော် "တရားတော် ဟောရွတ်ဖို့ သံဃာတော်များကို ပင့်၍ တရားနာနေစဉ် ဆိုင်းငံ့ကြပါဦး" ဟု တားသောကြောင့် သေရမှာကြောက်၍ တားသည်ဟု ထင်သဖြင့် ငိုကြပါကြောင်းကို ပြောပြကြလေသည်။

ထိုအခါ "ရဟန်းတော်များကို တားမြစ်ခြင်းမဟုတ်၊ နတ်ရထား နတ်သားတို့ကို တားမြစ်ခြင်းဖြစ်သည်" ဟု ပြောလေသော် "ဘယ်မှာလဲ နတ်ရထားတွေ၊ သားတို့သမီးတို့ မမြင်ကြရပါတကား" ဟု ပြန်၍ မေးသောအခါ "ဘယ်နတ်ပြည်ဟာ မွေ့လျော်စရာအကောင်းဆုံးလဲ" ဟု မေးလေသည်။

"ဘုရားအလောင်းနှင့် ဘုရားမယ်တော် ခမည်းတော်အလောင်းတို့ နောက်ဆုံးဘဝ၌ နေရာဖြစ်သော တုသိတာနတ်ပြည်သည် မွေ့လျော်စရာအကောင်းဆုံးဖြစ်ပါသည်" ဟု ပြောကြလေသည်။ သို့ဖြစ်လျှင် ငါ့အတွက် ပြုလုပ်ထားသော ပန်းကုံးကို "တုသိတာနတ်ရထား၌ ချိတ်မိပါစေသား" ဟု အဓိဋ္ဌာန်ပစ်လိုက်ရန် ပြောကြားလေသည်။ သားသမီးတစ်ယောက်က အဓိဋ္ဌာန်၍ ပစ်လိုက်ရာ တုသိတာနတ်ရထား၌ ဆွဲချိတ်၍ နေလေသည်။ သားသမီးတို့သည် ပန်းကုံးကိုသာ မြင်ကြရ၏။ ရထားကိုကား မမြင်ကြရပေ။

ထို့နောက် သားသမီးတို့အား "ထိုထိုဤဤ ကြံစည်ကြောင့်ကြမနေရစ်ကြလင့်၊ ငါသည် တုသိတာနတ်ပြည်သို့ သွားမည်။ သင်တို့လည်း ငါ၏အထံ၌ ဖြစ်လိုကြလျှင် ငါပြုသလို ကောင်းမှုကိုသာ ပြုရစ်ကြ" ဟု ဩဝါဒပေးပြီးလျှင် မကြာခင် စုတေ၍ တုသိတာနတ်ရထား၌ နတ်သားအဖြစ်ဖြင့် ပါသွားလေသည်။ (ဓမ္မ–၄–၁၊ ၈၃)

*ယဉ်ကျေးလိမ္မာ ရွှေမြန်မာ (၂၉–၃၁)*

## ငါးပါးသီလ အဓိဋ္ဌာန်

၁။ သူ့အသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်မည်။
၂။ သူ့ဥစ္စာလည်း မခိုးဘဲ အမြဲရှောင်ကြဉ်မည်။
၃။ ကာမဂုဏ်လည်း မမှားဘဲ အမြဲရှောင်ကြဉ်မည်။
၄။ လိမ်ညာ၍လည်း မပြောဘဲ အမြဲရှောင်ကြဉ်မည်။
၅။ သေအရက်လည်း မသောက်ဘဲ အမြဲရှောင်ကြဉ်မည်။
(မူးယစ်ဆေးလည်း မသုံးစွဲ အမြဲရှောင်ကြဉ်မည်။)

*(မာဂဇီ သာစည် - ၆၁)*

## ကမ္ဘာက သိပါစေ ကဗျာ

လူ့အမြေခံ ကျင့်ဝတ်တရားတို့၊ ပျက်ပြားနေကြ၊ ကမ္ဘာမြေ၊
ဟိုတိုင်း ဒီပြည်၊ ရန်စစ်ခင်းလို့၊ လူနဲ့လူချင်း သတ်ခါနေ။
ငြိမ်းချမ်းပါစေ အာသီသနဲ့၊ စွမ်းနိုင်ရာက ကူညီသလေ။
ကျင့်ဝတ်တရား သီလငါး၊ မှတ်သားကျင့်သုံးစေ။
အဖိုးတန်တဲ့၊ ဗုဒ္ဓဝါဒ ကမ္ဘာကသိပါစေ။

*(ဒဂုန် ဦးထွန်းမြင့်)*

http://www.dhammadownload.com



# ကံအကျိုးပေးကွဲပုံ

၁။ သူများအသက်၊ သတ်သည့်အတွက်၊ အသက်ကိုယ့်မှာတို။
၂။ မသတ်ရှောင်ရှား၊ ထိုသူများ၊ ရှည်လျားအသက်ကို။
၃။ နှိပ်စက်ကလူ၊ ညှဉ်းဆဲသူ၊ ပြောထူရောဂါဆို။
၄။ သနားစိတ်သွင်း၊ မနှိပ်နင်း၊ ကင်းရှင်းရောဂါကို။
၅။ ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို။
၆။ ဒေါသကင်းစင်၊ မေတ္တာရှင်၊ ကြည်လင်လှသကို။
၇။ မနာလိုပြန်၊ ဣဿာထန်၊ ခြံရံကင်းမည်ဆို။
၈။ ဣဿာမထား၊ ဝမ်းမြောက်ငြား၊ ပေါများခြွေရံကို။
၉။ မလှူမဒါန်း၊ မပေးကမ်း၊ ခြောက်ခန်းဥစ္စာဆို။
၁၀။ စွန့်ကြဲလေ့တုံ၊ ပြုပါကုန်၊ ကုံလုံကြွယ်ဝလို။
၁၁။ မာန်မာနကြွယ်၊ ထိုသူဝယ်၊ မျိုးနွယ်ညံ့မည်ဆို။
၁၂။ ထိုက်သူရိုကြိုး၊ မာန်ကိုချိုး၊ အမျိုးမြတ်သကို။
၁၃။ သိဖွယ်ဟူသမျှ၊ မမေးက၊ ဖျင်းအ – ပညာဆို။
၁၄။ ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ ခနောင်တတ်သိလို။

*(အရှင်ဇနကာဘိဝံသ)*

သရဏဂုံ တည်ရုံမျှနဲ့၊ ဥပါသက ဖြစ်ပါပြီ။
ကိုယ်ကျင့်သိက္ခာ လုံခြုံကြဖို့၊ ငါးပါးသီလ ပဥ္စသီ။
ဒုစရိုက်တွေ ရှောင်သွေလွှဲလို့၊ သုစရိုက်လည်း စုံအညီ။
ခါးဝတ်ကိုယ်ထည် ပမာစွဲလို့၊ အခါမစဲ ထိန်းရသည်။
ထိန်းမည် ... ထိန်းမည်။

# ဆွမ်းတော်ကပ်ရန် ကဗျာ

အရဟံအစ၊ ဂုဏ်ကိုးဝနှင့်၊ ပြည့်ဝစုံလင်၊ ဘုရားရှင်အား၊
ကြည်လင်သဒ္ဓါ၊ မြတ်နိုးစွာဖြင့်၊
ရသာမျိုးကြွယ်၊ လွန်တင့်တယ်သည့်၊ စင်ကြယ်သပ်ရပ်၊
ဆွမ်းတော်မြတ်ကို၊ ဆက်ကပ်ပူဇာ၊ နိဗ္ဗာန်မှန်း၍၊
လှူဒါန်းပါ၏ အရှင်ဘုရား။

*(သစ်သီးကပ်လိုလျှင် "သစ်သီးတော်မြတ်ကို" ဟု ဆိုပါ)*

http://www.dhammadownload.com



# ဆွမ်းလှူဒါန်းရကျိုး ကဗျာ

သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊
ဆွမ်းလှူအကျိုး၊ ဤငါးမျိုး၊ တန်ခိုးကြီးလှစွာ။

*(ဒေါက်တာ မင်းတင်မွန် - ၇၂)*

# ရေချမ်းတော်ကပ်ရန်ကဗျာ

အရဟံအစ၊ ဂုဏ်ကိုးဝနှင့်၊ ပြည့်ဝစုံလင်၊ ဘုရားရှင်အား၊
ကြည်လင်သဒ္ဓါ၊ မြတ်နိုးစွာဖြင့်၊
ရသာဖြိုးကြွယ်၊ လွန်တင့်တယ်သည့်၊ စင်ကြယ်သပ်ရပ်၊
ရေချမ်းတော်မြတ်ကို၊ ဆက်ကပ်ပူဇာ၊ နိဗ္ဗာန်မှန်း၍၊
လှူဒါန်းပါ၏ အရှင်ဘုရား။

*(ဗုဒ္ဓဘာသာ အခြေခံသင်ခန်းစာ - ၅၇)*

# ရေလှူရခြင်း၏အကျိုး ကဗျာ

သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊
စင်ကြယ်သန့်ရှင်း၊ ကျော်စောခြင်း၊ ခပင်းခြွေရံကာ၊
ရေမငတ်ငြား၊ လျင်မြန်သွား၊ ဆယ်ပါးရေကျိုးလာ။

*(ဒေါက်တာ မင်းတင်မွန် - ၇၃)*

# ပန်းတော်ကပ်ရန်ကဗျာ

အရဟံအစ၊ ဂုဏ်ကိုးဝနှင့်၊ ပြည့်ပစုံလင်၊ ဘုရားရှင်အား၊
ကြည်လင်သဒ္ဓါ၊ မြတ်နိုးစွာဖြင့်၊
နံ့သာမျိုးကြွယ်၊ လွန်တင့်တယ်သည့်၊ စင်ကြယ်သပ်ရပ်၊
ပန်းတော်မြတ်ကို၊ ဆက်ကပ်ပူဇာ၊ နိဗ္ဗာန်မှန်း၍၊
လှူဒါန်းပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



## ပန်းတော်လှူရကျိုးကဗျာ

ပန်းလိုလှပ၊ ဘဝရပ်ရည်၊
ခန္ဓာကိုယ်တွင်း၊ သန့်ရှင်းပေသည်၊
နံ့စော်ကင်းလို့၊ ခံတွင်းမွှေးကြည်၊
ပန်းလှူကျိုး၊ သုံးမျိုးရနိုင်သည်။

*(မာဂဓီ သာစည် - ၁၀)*

## ဆီမီးတော်ကပ်ရန် ကဗျာ

အရဟံအစ၊ ဂုဏ်ကိုးဝနှင့်၊ ပြည့်ဝစုံလင်၊ ဘုရားရှင်အား၊
ကြည်လင်သဒ္ဓါ၊ မြတ်နိုးစွာဖြင့်၊
ရောင်ဝါဖြိုးကြွယ်၊ လွန်တင့်တယ်သည့်၊ စင်ကြယ်သပ်ရပ်၊
ဆီမီးတော်မြတ်ကို၊ ဆက်ကပ်ပူဇော်၊ နိဗ္ဗာန်မှန်း၍၊
လှူဒါန်းပါ၏ အရှင်ဘုရား။

*(ဗုဒ္ဓဘာသာအခြေခံသင်ခန်းစာ - ၄၈)*

## ဆီမီးတော် လှူရခြင်း၏အကျိုး ကဗျာ

ဘုရားရှင်အား၊ စိတ်ထားကြည်ဖြူ၊
ဆီမီးလျှပ်ပန်း၊ လှူဒါန်းသောသူ၊
စက္ခုမံသ၊ ဉာဏနှစ်ဆူ၊
ကြည်လင်၏၊ ဖြစ်ဘိဉာဏ်ကြီးသူ။

(၁။ **မံသစက္ခု** = ပကတိ မျက်လုံးကြည်လင်အားကောင်းခြင်း။
၂။ **ဉာဏစက္ခု** = အသိဉာဏ်မျက်လုံး အားကောင်းခြင်း။)

*(မာဂဓီ သာစည် - ၁၀)*

## တံမြက်လှည်းခြင်းအကျိုး ကဗျာ

ကိုယ့်စိတ်သူ့စိတ်၊ ယိုဖိတ်ကြည်လင်၊
နတ်တို့လေးစား၊ လွန်ပွားချစ်ခင်၊
ကြည်ညိုဖွယ်ကောင်း၊ ဂုဏ်ပေါင်းမြတ်ရှင်၊
နတ်ပြည်ရောက်၊ ထွန်းတောက် ကျိုးငါးအင်။

*(မာဂဓီ သာစည် - ၁၁)*

http://www.dhammadownload.com



၁။ မိမိစိတ် ကြည်လင်ခြင်း၊
၂။ သူတစ်ပါးစိတ် ကြည်လင်ခြင်း၊
၃။ နတ်တို့ လေးစားချစ်ခင်ခြင်း၊
၄။ ကြည်ညိုဖွယ် ဂုဏ်ကို ဆောင်စေခြင်း၊
၅။ နတ်ပြည်ရောက်ခြင်း။

(ပရိဝါပါဠိ - ၂၃း

## ဘုရားအလောင်း သူတော်ကောင်းတို့ တောင်းသော ဆုတောင်းများ

ဤသည့်ပုည၊ ကုသလကြောင့်၊ အမတခေမံ၊ ပြည်နိဗ္ဗာန်သို့၊ လျင်မြန်ထုတ်ချောက် ရောက်စေ သောဝ်။

ဤသည့်ပုည၊ ကုသလကြောင့်၊ အမတခေမံ၊ ပြည်နိဗ္ဗာန်သို့၊ ကေန်ထုတ်ချောက်၊ မရောက်သေးဘြ ဘဝများစွာ ဖြစ်သောခါဝယ် ...

၁။ အကုသိုလ်ဆယ်ပါး၊ မပွားဒုစရိုက်၊ ကိုယ်၌မီးကြီး၊ ဖျက်ဆီးတတ်ဘြား၊ ဤသုံးပါးကို၊ ရှောင်ရှားကြဉ်ဖဲ၊ ဆက်တိုင်းလွှဲ၍၊ စွန့်ရှဲပစ်ခွာနိုင်စေသောဝ်။

၂။ ကုသိုလ်ဆယ်ပါး၊ တရားသုစရိတ၊ သတ္တအကျော် ခုနစ်ဖော်နှင့်၊ သူတော်ဥစ္စာ၊ မှန်စွာတရား၊ ရှစ်ပါးမဂ္ဂင်၊ မြဲပင်စွဲနေ၊ မသွေဥပါယ်၊ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို၊ မကွာကိုယ်၌ မြဲစေသောဝ်။

၃။ အပါယ်လေးပါး မလားငရဲ၊ ဆင်းရဲတစ်စိ၊ မရှိရောဂါ၊ ရှင်းရှင်းကွာ၍၊ အဋ္ဌာရသ၊ သိပ္ပမလွတ်၊ ကြွင်းမဲ့တတ်သား၊ ပိဋကတ်ဖေဒင်၊ သင်သင်ရာရာ၊ မြင်ကာ ကြားကာ၊ အရာရာကို မကြာခဏ၊ တတ်စေသောဝ်။

၄။ အမျိုးကောင်းသား၊ ကျော်ထင်ရှားလျက်၊ ယောကျ်ားစစ်စစ်၊ ဆက်တိုင်းဖြစ်၍၊ အပြစ်များစွာ၊ ငါးဖြာရန်သူ၊ မပြုဝံ့ရှောင်း၊ သူတော်ကောင်းနှင့် အလောင်းတကာ၊ တောင်းကုန်ရာသား၊ ပတ္ထနာဟု အာယုဝဏ္ဏ သုခဗလ ပဋိဘာန၊ ဘဝမခြား၊ စက်လေးပါးနှင့် ဘြားစေသောဝ်။

၅။ ဘုန်းသမ္ဘာနှင့်၊ ပညာပြည့်စုံ၊ ကုံလုံဥစ္စာ၊ လျှာဒါန်းဝေငှ၊ ဒသပါရမီ၊ အညီဖြည့်စွမ်း၊ နိဗ္ဗာန်လမ်းကို၊ တန်းတန်းမတ်မတ်၊ မချွတ်လျင်ဆော ရောက်စေသောဝ်။

http://www.dhammadownload.com



# မေတ္တာပို့က ရှင်လန်းရ

လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
မိဘနှစ်ဖြာ၊ မြတ်ဆရာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဆွေမျိုးသူငါ၊ မိတ်သဟာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
တို့အိမ်တွင်းမှာ၊ နတ်များစွာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ၊
မြို့ရွာတွင်းမှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
တို့ပြည်တွင်းမှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
တစ်ကမ္ဘာလုံးမှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ထက်ကောင်းကင်မှာ၊ နတ်ဗြဟ္မာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
အပါယ်လေးရပ်မှာ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
မေတ္တာနှလုံး၊ ကိုယ်စီသုံး ရှင်ပြုံးအေးမြကြပါစေ။
မေတ္တာရေချမ်း၊ ဆွတ်ကာဖျန်း၊ ရှင်လန်းအေးမြကြပါစေ။
တို့မေတ္တာစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းသာယာရှိပါစေ။

*(ဒေါက်တာ မင်းတင်မွန်)*

## အမျှဝေ

ဤသို့ပြုရ မြတ်ပုညကို ကြီးထမြင့်ခေါင် မြင်းမိုရ်တောင်ဦး မကကြူးသား ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အား ရငြားပါစေ အမျှဝေ၏။

မသွေနိစ္စ ဤကာယကို စောင့်ထပေတတ် ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေငှ၏။

မိတ္တဆွေညာ ဆရာသမား ဘိုးဘွားကစ ယမရာဇာ ဒေဝယက္ခ ဣန္ဒဘုမ္မာ အာကာသနတ် အထူးမှတ်၍ မပြတ်ပုည ကုသလကို ရကြပါစေ အမျှဝေ၏။

သဗ္ဗေသတ္တာ သတ္တဝါဟု နာနာလောက အနန္တတွင် မပြတ်စဉ်ကာ သတ္တဝါသ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ တည်ရှိခုနစ်ပါး များစွာလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျအား အမျှကုသိုလ် ပေးဝေလို၏။

ထိုကုသလ ဤပုညကို အမျှရသည် ဖြစ်စေသောဝ်၊ ဝသုန္ဒရေ ဤမြေပ်သု သီလာထုလည်း သက်သေအမှု တည်စေသောဝ်။

http://www.dhammadownload.com



*❋ ဗုဒ္ဓရှင်တော် မြတ်ဘုရားနဲ့*
*မြတ်တရားတဲ့ မြတ်သံဃာ။*
*ဂုဏ်တော်အနန္တ၁ စိတ်ရည်မှန်းလို့*
*ဆွမ်း, ရေချမ်းနဲ့, ပန်း, နံ့သာ။*
*ဆီမီးတစ်ဖြာ ပူဇော်ကပ်လို့*
*အမြတ်ရည်စူး နိဗ္ဗူတာ၊*
*မေတ္တာပို့ကာ အမျှပေးတော့*
*စိတ်မှာငြိမ်းအေး ပီတိဖြာ။*
*ကျန်းမာ – ချမ်းသာ။*

*အရှင်ခေမာစာရ (မန်းရေတံခွန်)*

## အနန္တငါးဖြာ ပူဇော်ကန်တော့ရန်

၁။ **ဗုဒ္ဓံ** – မြတ်စွာဘုရားကို၊ **ပူဇေမိ** – ပူဇော်ပါ၏ ဘုရား။
၂။ **ဓမ္မံ** – တရားတော်မြတ်ကို၊ **ပူဇေမိ** – ပူဇော်ပါ၏ ဘုရား။
၃။ **သံဃံ** – သံဃာတော်မြတ်ကို၊ **ပူဇေမိ** – ပူဇော်ပါ၏ ဘုရား။
၄။ **မာတာပိတုနံ** – မိဘနှစ်ပါးတို့အား၊ **ပူဇေမိ** – ပူဇော်ပါ၏ ဘုရား။
၅။ **အာစရိယာနံ** – ဆရာသမားတို့အား၊ **ပူဇေမိ** – ပူဇော်ပါ၏ ဘုရား။

## ယဉ်ကျေးလိမ္မာ ဆုံးမစာ သံပေါက်ကဗျာများ

၁။ အနန္တငါး၊ ဦးထိပ်ထား၊ ညွတ်တွားပါကွဲ့၊ မမေ့နဲ့။
၂။ ဆရာမိဘ၊ ဆိုဆုံးမ၊ လိုက်နာကြကွဲ့၊ မမေ့နဲ့။
၃။ မိဦးဖဦး၊ ဆရာဦး၊ ချူး၍နော်ကွဲ့၊ မစားနဲ့။
၄။ ကိုယ့်ထက်ကြီးသူ၊ ပြောဆိုမူ၊ နင်ငါဟူ၍၊ မပြောနဲ့။
၅။ သူများကိုသာ၊ ရန်မရှာ၊ မခံချင်တာ၊ မပြောနဲ့။
၆။ ယဉ်ကျေးအောင်သွား၊ ယဉ်အောင်စား၊ စကားပြောလည်း ယဉ်စေကွဲ့။
၇။ ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ခါကွဲ့၊ မစားနဲ့။
(မသွားနဲ့၊ မပြောနဲ့၊ မရပ်နဲ့၊ မထိုင်နဲ့၊ မအိပ်နဲ့။)
၈။ ထမင်းစားရာ၊ အစားစာ၊ များစွာစကား၊ မပြောနဲ့။

http://www.dhammadownload.com



၉။ ငြိမ်သက်သားနား၊ သတိထား၊ ကောင်းကောင်းစားကွဲ့ ဖိတ်စေနဲ့။
၁၀။ စားပြီးသောခါ၊ စင်ကြယ်စွာ၊ ဆေးကြောပါကွဲ့၊ ကောင်းကောင်းတဲ့။
၁၁။ လက်ကိုလျက်ကာ၊ မစားရာ၊ ရှောင်ရှားပါကွဲ့၊ ကောင်းကောင်းတဲ့။
၁၂။ နှုတ်ခမ်းပါးနား၊ လျက်ခါစား၊ ရှောင်ရှားပါကွဲ့၊ ကောင်းကောင်းတဲ့။
၁၃။ လျှာကိုထုတ်ခါ၊ မစားရာ၊ ရှောင်ရှားပါကွဲ့၊ ကောင်းကောင်းတဲ့။
၁၄။ ဟင်းရည်သောက်ပြန်၊ ရှူးရှူးသံ၊ ဧကန်မပြုနဲ့။
၁၅။ ထမင်းဟင်းပေလျက်၊ သောက်ရေခွက်၊ လက်နှင့်မကိုင်နဲ့။
၁၆။ အိမ်ပေါ်ကျောင်းပေါ်၊ ဇရပ်ပေါ်၊ သွားသော်ခြေနင်း၊ မပြင်းနဲ့။
၁၇။ ရဟန်းသံဃာ၊ ရှေ့မှောက်မှာ၊ ရိုသေစွာတဲ့၊ သွားပါကွဲ့။
၁၈။ လူကြီးသူမ၊ ရှေ့သို့ကျ၊ ကုန်းကွ၍တဲ့၊ သွားပါကွဲ့။
၁၉။ ဒူးထောင်ပေါင်ကား၊ ဆရာနား၊ (မိဘနား)၊ အလျားမှောက်၍၊ မနေနဲ့။
၂၀။ အိပ်ရာနေရာ၊ အိပ်ပြီးခါ၊ သိမ်းကြပါကွဲ့၊ ကောင်းကောင်းတဲ့။
၂၁။ သောက်ရေ သုံးရေ၊ မရှိချေ၊ ရေကိုခပ်ကွဲ့၊ မပျင်းနဲ့။
၂၂။ ကျောင်းတွင်း အိမ်တွင်း၊ ရှုပ်နေလျှင်း၊ သန့်ရှင်းအောင်တဲ့၊ ပြုပါကွဲ့။
၂၃။ မိန်းကလေးမှာ၊ အရာရာ၊ ပျာတီးပျာတာ၊ မရှုပ်နဲ့။
၂၄။ မိန်းမ, မင်း, ဆင်၊ ရဟန်းပင်၊ ဣန္ဒြေရှင်ကွဲ့၊ လေးဦးတဲ့။
၂၅။ မိန်းမဣန္ဒြေ၊ သိရှိသရေ၊ စိန်ကုဋေတန်သကွဲ့၊ မှတ်လေတဲ့။
၂၆။ ကျောင်းပစ္စည်းကို၊ မယူလို၊ မြွေဆိပ်လိုတဲ့၊ ကြောက်ပါကွဲ့။
၂၇။ မျက်မှောက်တစ်သွယ်၊ မျက်ကွယ်တခြား၊ အကျင့်မှား၊ ရှောင်ရှားပါကွဲ့၊ ကောင်းကောင်းတဲ့။
၂၈။ အများပိုင်ကို၊ ကိုယ့်ဟာလို၊ ရိုသေကြကွဲ့၊ ကောင်းကောင်းတဲ့။
၂၉။ ဝေယျာဝစ္စာ၊ ကျောင်းအိမ်မှာ၊ လျော်စွာလုပ်ကွဲ့၊ မခိုနဲ့။
၃၀။ ဧည့်သည်အာဂန္တု၊ ရောက်လာမူ၊ ဆူ၍ညံကာ၊ မနေနဲ့။
၃၁။ လူရှုပ်လူပွေ၊ လူယုတ်တွေ၊ ရှောင်လေရှားကွဲ့၊ ဝေးဝေးတဲ့။
၃၂။ ဘိန်းအရက်ကို၊ မရှုလို၊ မစင်လိုတဲ့၊ ရွံပါကွဲ့။
၃၃။ ကုန်းချောကြမ်းကြုတ်၊ အကျင့်ယုတ်၊ မဟုတ်စကား၊ မပြောနဲ့။
၃၄။ ဘုရားပုထိုး၊ ဦးညွတ်ကျိုး၊ ရှိခိုးအိပ်ကွဲ့၊ မမေ့နဲ့။
၃၅။ မိ ့ င်ဖခင်၊ ဆရာရှင်၊ နေ့စဉ်မမေ့နဲ့။ ရှိခိုးကွဲ့။
၃၆။ သူကပြုဖူး၊ သူ့ကျေးဇူး၊ အထူးမမေ့နဲ့၊ ပြန်ဆပ်ကွဲ့။

(မဂ္ဂဇီ သာစည် - ၁၃၉)

http://www.dhammadownload.com



## သင့်ရာနေတတ်၊ ရှိခိုးတတ်

၁။ ဘုန်းဘုန်းရှေ့မှာ ဘယ်နေရာ
နေသင့်သလဲ ရွေးချယ်ပါ။
ဝေးလွန်းနေရာ မနေနဲ့
နီးလွန်းရာလည်း နေလေနဲ့။
မြင့်မောက်ရာနှင့် လေညာလေဆန်
နေမိရင်လည်း နေရာမမှန်။
ရှေ့တည့်တည့်ထံ မနေရ
နောက်ကွယ်ရာလည်း ဟန်မကျ။
ဒီပြစ်ခြောက်ဝ လွတ်ရာနေ
ဆရာကောင်းတပည့် ပီသစေ။
တည်ခြင်းငါးထွေ ညီစွာပ
သုံးကြိမ်ဦးချ ရှိခိုးကြ။ *(၃ ခေါက်ဆို)*

## ထူးတတ်, လျှောက်တတ်, နေတတ်

၂။ ဘုန်းဘုန်းခေါ် ဘယ်လိုထူး
အရှင်ဘုရားလို့ သာယာထူး။
လျှောက်ထားပါဦး ဘုရားတပည့်တော်
သုံးနှုန်းတတ်စေနော်။
မေးသော်မြန်းသော် "ဘူး, တယ်" များ
မပြောမိအောင် သတိထား။
"ပါ, အရှင်ဘုရား" လျှောက်တတ်စေ
ငြိမ်ငြိမ်တိတ်တိတ် နေတတ်လေ၊
လက်ချိုးဆော့တွေ ပြုမထား
ဆရာရှေ့နား နေတတ်သား။
ဆရာရှေ့နား နေတတ်သား။

http://www.dhammadownload.com



## သွားတတ်, ကပ်တတ်, ယူတတ်

၃။ ဘုန်းဘုန်းထံ ဘယ်လိုသွား
လက်အုပ်ချီထား ဦးညွတ်သွား။
ဘုန်းဘုရားနား ရောက်တဲ့အခါ
ရိုသေလေးစား ဝပ်တွားပါ၊
ကပ်စရာပါ လက်နှစ်ဘက်
ကောင်းစွာသပ်ရပ် ကပ်တတ်လျက်
ဆရာ့လက်က ပေးပြန်မူ
လက်နှစ်ဘက်နဲ့ ကောင်းစွာယူ၊
ဆရာ့ရှေ့တူ ရပ်ပါလတ်
ခြေစုံမတ်မတ် ရိုသေရပ်၊
ဆရာမြွတ်က လွတ်မှလေ၊
ဝပ်တွားထရပေ၊
လက်အုပ်ချီစေ နောက်ဆုတ်သွား
မေ့၍မထား တပည့်များ။

## ပရိသတ်အကြား နေတတ်

၄။ ကြီးသူရှေ့မှာ ဘယ်လိုသွား
ရိုသေလေးစား ကုန်း၍သွား၊
ပရိသတ်အလယ်ကြား သွားတဲ့အခါ
ရိုသေလေးစား ကုန်းသွားပါ၊
ခရီးဆုံရာ ကြီးသူတွေ့
လေသာရပ်က ရှောင်တတ်စေ့။
မမေ့လေနဲ့ ကြီးသူအရိပ်ကို
မနင်းမိအောင် သတိပို၊
နှုတ်ပြောချိုချို မပမလွှား
ကြီးသူရှေ့နား မဆောင့်ကြွား၊

http://www.dhammadownload.com



စကားမများ အာမကျယ်
တဟားဟားလည်း အော်မရယ်၊
ပရိသတ်ဝယ် အလယ်ကြား
နေတတ်စေသား နေတတ်သား။

## ကိုယ်ရိုင်း, လူရိုင်း မဖြစ်စေနဲ့

၅။ ဟေ့အကောင်လို့ မခေါ်နဲ့
ဟဲ့ကောင်လို့လည်း ခေါ်လေနဲ့
ခနဲ့တဲ့တဲ့ လှောင်လှောင်ပြောင်
မခေါ်မိအောင် သတိဆောင်
မင်းလိုကောင်ကွာ ငါကကွ
နင်က ဟ–လို့ မပြောရ၊
မင်းက ငါက နင်ကဆိုတာ
ယဉ်ကျေးသူတိုင်း မပြောပါ။
ကိုရင်ဆိုတာ ယဉ်ယဉ်ကျေးကျေး
ကျောင်းသားမှာလည်း ယဉ်ယဉ်ကျေးကျေး
ကိုရိုင်းဖြစ်နဲ့လေး လူရိုင်းဖြစ်နဲ့လေး။

## ကျောင်းပေါ်တက်ရင်

၆။ ဘုန်းဘုန်းကျောင်းပေါ် ဘယ်လိုတက်
သာသာညက်ညက် ရိုသေတက်၊
ခြေစိုနေလျက် မြေညက်ဖုန်ပေ
ပြောင်စေပြီးမှ တက်ပါစေ၊
ကြမ်းပြင်ပေါ်ခြေ သာသာနင်း
ဆောင့်၍မနင်း အောင့်မနင်း၊
ပြေးခုန်လွှားခြင်း ပြုနဲ့ကွာ
ခြေသံကြားအောင် မသွားရာ
သန့်ရှင်းနေရာ ချွေးပေနဲ့

http://www.dhammadownload.com



ထိုင်ခဲ့လေနဲ့ အိပ်လေ်နဲ့၊
ပေပွနေတဲ့ လက်နဲ့ဆို
နံရံတံခါး မကိုင်လို
ကျောင်းကြီးပေါ်ကို ရှုပ်ပွေသေး
ရှင်းခဲ့ပါလေး ရှင်းခဲ့လေး။

## ညီညာစွာပြု

၇။ စာတက်ဖို့ရန် ဘယ်လိုသွား
ကြီးငယ်စဉ်ထား စီတန်းသွား၊
ဆရာထံပါး ရောက်တဲ့ခါ
နေရာထိုင်ခင်း ညီရပါ၊
စီတန်းညီညာ ထိုင်ပါကြ
ဦးချ ဒူးချ ညီမှလှ၊
စာဆိုပါက ညီညီဆို
စာဖတ်ကြလည်း ပီစေလို၊
စာတက်ပြီးကို ပြန်ခါကြွ
စဉ်တိုင်းထလို့ စဉ်တိုင်းကြွ၊
ဆွမ်းခံသွားက စီတန်းညီညီ
ဆွမ်းစားတန်းညီညီ၊
ဆောင်ရွက်ညီညီ စိတ်ညီထား
တာဝန်ဝတ္တရား ကျေစို့လား
ကုသိုလ်ရဖို့ တို့ကြိုးစား။

## သန့်ရှင်းရေးနေ့

၈။ ဘယ်ရပ်မှာပဲနေနေ
ဘယ်ရပ်သို့လေ သွားသွား
သန့်ရှင်းသပ်ရပ် သတိထား။
သန့်ရှင်းသပ်ရပ် ရှိမှသာ

http://www.dhammadownload.com


စိတ်ရွှင်လန်းလို့ ကိုယ်ကျန်းမာ။
ဝတ်စားအိပ်ရာ နေရာအခင်း
ကျောင်းပြင်ကျောင်းတွင်း လွန်သန့်ရှင်း။
ကျောင်းပေါက်ကျောင်းဝင်း တလင်းမကျန်
လူသွားလမ်းမချန်။
ဖုန်ထနေပြန် ရေဖျန်းလှဲ
ပုတ်ကာသုတ်မြဲ ကြမ်းတိုက်မနည်း။
နေလှန်းသင့်လည်း နေလှန်းရာ
ခမ်းနားသပ်ရပ် ပြင်ဆင်ကာ။
သုံးဆောင်ဖြာဖြာ ပြောင်စင်ဖွေး၊
အဖိတ်နေ့တိုင်းမှာ သန့်ရှင်းရေး
ရှေးဆရာမြတ်တို့ မိန့်ပါသလေး။

## ဆောင်ရွက် ပြန်ရောက် ပန်လျှောက်

၉။ မိဘတွေက စေစေ၊ ဆရာတွေက ခိုင်းခိုင်း
ဆောင်ရွက်ပါလေ ဘယ်မဆိုင်း၊
ခိုင်းလိုက်တဲ့တိုင်း ဆောင်ရွက်ကာ
ပြန်ရောက်လာတော့ ပန်လျှောက်ပါ၊
ပေါ့မလာကြာ မျှော်ကာတွေး
ကြီးသူဆိုတာ ပူတတ်သလေး၊
ကြီးကြီးသေးသေး ကိစ္စသွယ်သွယ်
စိတ်ချရအောင် ဆောင်ရွက်ကွယ်။
ကြီးတဲ့သူမယ် ချမ်းသာမှ
ငယ်သူတွေလည်း ချမ်းသာရ
အားလုံးကုန်ပဲ ဝမ်းသာကြ။

http://www.dhammadownload.com



# စည်းကမ်း ၁၀ ချက်

၁၀။ ဘယ်ကျောင်းတိုက်မှာနေနေ
ဘယ်ကျောင်းသို့လေသွားသွား
စိတ်ကောင်းရှိဖို့ သတိထား။
ဝိနည်းတရား လေးစားကာ
ကျန်းမာသန့်ရှင်း ဖြစ်စေပါ။
ဝတ်စားတတ်ကာ နေထိုင်တတ်
ပြောဆိုတတ်လို့ သွားလာတတ်။
ချမှတ်ထားတဲ့စည်းကမ်းရှိသေ
စာတတ်ဖို့လည်း ကြိုးစားလေ။
ဒီဆယ်ချက်တွေ ဂရုစိုက်
နေဆဲကျောင်းတိုက် လွန်ပျော်ပိုက်
သူ့ထံနေခိုက် သူ့ကြိုက်လိုက်။

*(ဗုဒ္ဓဘာသာ ကလေးကဗျာ ရွှေသုဝဏ်ဏ ၉၃ မှ ၁၀၇)*

# မာဃလုလင်ဝတ္ထု

ဗုဒ္ဓမြတ်စွာ ပွင့်တော်မမူမီ ရှေးအခါတုန်းက မဂဓတိုင်း မစလရွာ၌ မာဃမည်သော အရွယ်ကောင်း လုလင်တစ်ယောက်ရှိ၏။ ထိုလုလင်သည် ပင်ကိုယ်ကပင် အများအကျိုးကို သည်ပိုးရွက်ဆောင်လိုသော ဝါသနာအထုံပါလာသူဖြစ်၏။ ထို့ကြောင့် သူသည် တစ်နေ့သ၌ ရွာသူရွာသား လူအများတို့ အလုပ်လုပ်ရာ ရွာ၏အလယ်ခေါင်သို့ သွား၏။ မိမိရပ်နေမည့်နေရာကို ခြေဖျားဖြင့် ဖုန်နှင့်အမှိုက်တို့ကို ဖယ်၍ သန့်ရှင်း အောင် လုပ်၏။ ထိုအခါ အခြားသူတစ်ယောက်က ထိုနေရာသို့ လာ၍ ရပ်နေလေသည်။

**အကြံရခြင်း** ။ ။ ထိုသို့ မိမိပြုပြင်ထားသော နေရာ၌ အခြားသူတစ်ယောက် လာရောက်သောအခါ ပင်ကိုယ်က စိတ်ကောင်းမရှိပါလျှင် ဒေါသထွက်စရာကောင်းလှသော်လည်း မာဃ လုလင်မှာ ဒေါသမထွက်ဘဲ "ယခု ငါသန့်ရှင်းထားသောနေရာကို ဤသူက နှစ်သက်သောကြောင့် လာ၍နေသည်။ ဤသို့ သန့်ရှင်းသောနေရာမျိုးကို လူအများပင် သဘောကျကြ၏။ ငါသည် လူအများ ချမ်းသာအောင် ပြုတော့မည်" ဤသို့ အကြံသစ် ဉာဏ်သစ် ပေါ်လာလေသည်။

**အလုပ်စခြင်း** ။ ။ ထိုသို့ကြံပြီးလျှင် ရွာ၏အလယ် အတော်ကျယ်ဝန်းသော (ကျေးရွာတို့၌ ကောက်စပါးနယ်ရာ အဝိုင်းလောက်ရှိသော) အရပ်ကို သန့်ရှင်းပြီးလျှင် ထင်းတို့ကိုယူ၍ အေးသောအခါ မီးဖိုပေး၏။ ရွာထဲ၌ရှိသော ကလေးများနှင့် အဘိုးကြီးများ လာ၍ ဝမ်းသာအားရ မီးလှုံကြလေသည်။ ထိုအခါ မာဃလုလင်သည် သာ၍ သဘောကျလာသောကြောင့် နံနက်စောစောထ၍ ယာဂုသောက်ပြီးလျှင် ဓား ပုဆိန် စသော လက်နက်ကိရိယာများကိုယူကာ လူအများတို့သွားလာရာ လမ်းမ၌ ခိုးလိုးခုလုဖြစ်နေသော ကျောက်ခဲများကို ထုတ်ဖော်၍ မညီသောလမ်းကို ညီအောင်ပြု၏။ သွားလာသော လှည်းတို့နှင့် တိုက်မိတတ်သော သစ်ပင်သစ်ကိုင်းများကို ဖယ်၏။ တံတားကလေးများကို ခင်းပေး၏။ ရွာ၏ပြင်ဘက် လမ်းလေးခွဆုံရာ၌ ရေတွင်း သို့မဟုတ် ရေကန်တူး၏။ တည်းခိုဖို့ရာ ဇရပ်ဆောက်၏။ ဤသို့လျှင် တစ်ယောက်တည်းပြီးနိုင်သမျှပြီးအောင် တစ်နေ့လုံးလုပ်ပြီးမှ အိမ်သို့ပြန်ကာ နောက်ရက်၌လည်း ဆက်၍ဆက်၍ လုပ်လေသည်။

**အဖော်များပါဝင်လာခြင်း** ။ ။ ထိုကဲ့သို့ အလုပ်လုပ်၍ နေဝင်မှပြန်လာသော ကိုမာဃကို အခြားသူတစ်ယောက်က "ဘယ်သွား၍ ဘာလုပ်ပါသလဲ" ဟု မေးသောအခါ "ကောင်းမှုပြုလုပ်ပါသည်ဟု" ဟု ပြော၍ ကောင်းမှုအကြောင်းကို ရှင်းလင်းပြောပြပါသည်။ ဒီလိုဆိုလျှင် နက်ဖြန် သွားခါနီး၌ ကျုပ်ကိုလည်း ခေါ်ပါ" ဟု ပြော၏။ နောက်တစ်ရက်၌ နှစ်ယောက်အတူသွား၍ လမ်းပြင်မှု စသည်ကို ပြု၏။ ဤနည်းအားဖြင့် နောက်တစ်ယောက် နောက်တစ်ယောက်တိုးလာလေရာ နောက်ဆုံး၌ သုံးကျိပ်သုံးယောက်ဖြစ်လာလေသည်။ ထိုသူအားလုံးပင် အိမ်ထောင်နှင့်နေကြသော်လည်း အသက်အရွယ်ကား မကြီးကြသေးပေ၊ ထို့ကြောင့် "လုလင်=လူငယ်" များဟု ခေါ်ရသည်။

**အလုပ်တွင်ကျယ်လာပုံ** ။ ။ ထိုသုံးကျိပ်သုံးယောက်သော မာဃအသင်းသားတို့သည် လမ်းကို ညှိဖို့ ကိစ္စရှိလျှင် အားလုံးဝိုင်း၍ ညှိကြ၏။ ရေတွင်းရေကန် တူးစရာရှိလျှင် အားလုံးဝိုင်း၍ တူးကြ၏။ တံတားခင်းစရာရှိလျှင် တစ်နေ့တည်း ဖြင့် အပြီးခင်းနိုင်ကြ၏။ အသင်းသားအားလုံးပင် ကောင်းမှုကိုပြုမှုတွင် စိတ်ဝင်စား၍ ပျော်ပျော်ပါးပါးရှိရကား ရှေးတုန်းက အသောက်အစား အပျော်အပါး မကင်းသူတို့သော်မှ ထိုမကောင်းမှုကို မပြုကြတော့ချေ။ (မကောင်းမှုကို နေ့စဉ်ပြုခြင်းသည် မိမိမှာ အလုပ်ကောင်းမရှိသောကြောင့် ဖြစ်၏။ ယခုမှာ အလုပ်ကောင်းရှိနေသောကြောင့် ပြုနေကျ သောက်စားမှုကိုလည်း မပြုလိုကြတော့ချေ။)

**မာဃအသင်းသားတို့ကိုယ်ကျင့်** ။ ။ မာဃအသင်းသားတို့သည် ရပ်ရွာပတ်ဝန်းကျင် သာယာရေးသာမက ၁။ မိဘကို ပြုစုခြင်း၊ ၂။ အမျိုးထဲ၌ လူကြီးများကို ရိုသေလေးစားခြင်း၊ ၃။ ချိုချိုသာသာ သိမ်မွေ့စွာ ပြောဆိုလေ့ရှိခြင်း၊ ၄။ သူတစ်ပါးအချင်းချင်း မတည့်အောင် ကုန်းတိုက်မှုကို အလွန်ရွံမုန်းခြင်း၊ ၅။ နှမြောဝန်တိုမှုမရှိခြင်း၊ ၆။ အပြော အလုပ်တို့၌ သစ္စာရှိခြင်း၊ ၇။ ဒေါသကို ချုပ်တည်း၍ ဒေါသမဖြစ်အောင် စောင့်စည်းခြင်း၊ ဤကိုယ်ကျင့်တရားနှင့်လည်း ပြည့်စုံအောင် စောင့်ရှောက်ကြပေသည်။

http://www.dhammadownload.com



**ဘုရင်သိ၍ ကူညီပုံ** ။ ။ ထိုသူတို့တွင် တချို့သည် ရှေးရှေးမကောင်းမှုပြုကြစဉ်တုန်းက အပြစ်ရှိသောကြောင့် ဒဏ်ငွေလေးရနေကျဖြစ်သော ရွာသူကြီးသည် ယခုအခါ ဒဏ်ငွေမရတော့၍ ကောင်းမှုလုပ်သူကိုပင် မကျေနပ်ရကား ရှင်ဘုရင်ထံ လီဆယ်၍ ကုန်းတိုက်လေသည်။ ပထမသော် ရှင်ဘုရင်က ဖမ်းစေပါသော်လည်း စစ်ဆေးသောအခါ ရပ်ရွာအကျိုးကို မိမိစေတနာဖြင့် ထမ်းဆောင်ကြသော "စေတနာဝန်ထမ်းများ" ဖြစ်ကြောင်းကို သိရ၍ သူတို့နေရာ ရွာကိုလည်းကောင်း၊ ဆင်တစ်စီးနှင့် ဥစ္စာများစွာကိုလည်းကောင်း အပိုင်ပေးပြီးလျှင် "ငါ၏အတွက်ပါ ကောင်းမှုပြုကြပါ" ဟု မှာလိုက်လေသည်။ ထိုအချိန်မှစ၍ မာဃအသင်းသားတို့သည် ရပ်ရွာနှင့်တကွ ပတ်ဝန်းကျင်သာယာရေးကို ကြိုးစားကြ၏။ သက်တမ်းစေ့၍ ထိုသူတို့ စုတေကြသောအခါ အသင်းသားအားလုံးပင် သိကြားနှင့် နတ်မင်းကြီးများ ဖြစ်ကြလေသည်။

*(သက္ကပဉ္စသုတ် အဋ္ဌကထာ)*

*ဗုဒ္ဓဘာသာသင်ခန်းစာ (၁၉၀ – ၁၉၂)*

## ဆောင်ကြရှောင်ကြ, ယဉ်ကျေးလှ ကဗျာများ

၁။ ပြောင်ရှင်းလှတဲ့ ကွင်းသာဝယ်
လှသွားလမ်းအလယ်။
ညစ်ကြေးကျင်ငယ် စွန့်မထား
ထွေးနဲ့ တံတွေးများ။

၂။ မြက်ပင်မှိုက်များ ချုံကြားရယ်
သစ်ပင်ရင်းနားဝယ်။
တံတွေးထွေးဖွယ်နေရာများ
သိတတ်ပါစေသား။

၃။ စားသောက်ကြတဲ့အနားမှာ
ဝေါ့ဝါးထွီထွမ်ထွာ။
နှပ်ညှစ်ချေတာ သတိချင့်
လေတက်တာမျှ မပြုနှင့်။

၄။ ရေအိုးစင်သွား ရေသောက်လျှင်
သန့်ရှင်းခဲ့ပါရှင်။
ဖြူဖွေးစင်စင် ရေသောက်ဖလား
မှောက်ခဲ့ပါတော့လား။

http://www.dhammadownload.com



၅။ ပါးစပ်ပွပေ လက်ပွပေ
ရေမသောက်နဲ့လေ။
ပါးစပ်စင်စေ လက်စင်ဆေး
ပြီးမှ သောက်ပါလေး။

၆။ ကိုယ်ထိုင်ထားတဲ့ တန်းလျားခုံ
စားပွဲ စသည်စုံ။
ကမြင်းဆော့ခုန်နဲ့ ကန်ကစား
မပြုအပ်လေငြား။

၇။ အများသုံးတဲ့ ရေတွင်းရေကန်
တုတ် ခဲ မချရန်။
ဖုန်မှိုက်ချရန် ဝေးစွာရှား
ထွေးနဲ့တံတွေးများ။

၈။ ရေတွင်းဘေးနား ကန်နားတွင်
ရှုပ်ထွေးပေပွမြင်။
ရှင်းခဲ့ဖို့ပင် လက်မနှေး
ကုသိုလ်ယူခဲ့လေး။

၉။ တန်ဆောင်းပြာသာဒ် ဇရပ်ရေကန်
ဘုရား ကျောင်းမကျန်။
ညစ်ကြေးပေရန် ပြုမထား
ဆွဲနဲ့ မှင်ခဲများ။

၁၀။ တုတ် ခဲများနဲ့ မပေါက်ရာ
မဖျက်ဆီးနဲ့ကွာ။
သောက်ဦးဆိုတာ ဖြစ်ဖို့အရေး
အလွန်ခက်လှသလေး။

၁၁။ ရှုပ်ထွေးမှိုက်များ ဖုန်များပေ
ရှင်းခဲ့ပါတော့လေ။
ထက်ရပ်နတ်ပြည် ဝတ်ိနန်း
စောင်းတန်းသွယ်လို့တန်း။

၁၂။ အများနေတဲ့ ဇရပ် သစ်ပင်
ရှုပ်ထွေးမှိုက်များမြင်။
သန့်ရှင်းဖို့ပင် ဝန်မလေး
နတ်ပြည်ရောက်တဲ့ဆေး။

၁၃။ မာဃဝတ္ထု ရှုကြလေ
အမှိုက်ရှင်းလို့ပေ။
တာဝတိံသ ပြည် မြို့တော်နန်း
သူတို့တည်ကြဆန်း။

၁၄။ ခရီးလမ်းက ရေချမ်းစင်
ရေသောက်မလို့ဝင်။
မသန့်ရှင်းရင် ပြုပြင်ထား
သာဓုခေါ်လို့ မေတ္တာပွား။

၁၅။ အများသွားတဲ့ လမ်းလယ်ခေါင်
ချိုင့် ကျင်း ကြောင့် ဆူးတောင်။
ညစ်ကြေးဖုံးထောင် နွယ်ထောင်ထား
ပြုနဲ့မောင်မယ်များ။

၁၆။ ဒီမကောင်းမှု ပြုသူတွေ
ရောက်ရ ငရဲပြည်။
လူဖြစ်ပြန်လေ ရောဂါများ
ကျိုးတတ် ပဲ့တတ်သား။

၁၇။ လူသွားများတဲ့ လမ်းလယ်တွင်
တုတ်များ ခဲများမြင်။
ကန့်လန့်နေရင် ဆူးခက်များ
ကောက်ပစ်ခဲ့ပါလား။

၁၈။ မီးရထားစီး ကားစီးကာ
ခရီးသွားကြရာ။
တုတ် ခဲနှင့်သာ ပေါက်ပါက
စည်းကမ်းမဲ့တဲ့ လူဗာလ။

http://www.dhammadownload.com



၁၉။ တံတားပေါ်များ လျှောက်သွားရင်
ကျေးရွာကြဲလို့တင်။
ဖျက်ဆီးဖို့ပင် ဝေးစွာရှား
ခဲငယ်လေးမျှ ပေါက်နဲ့ဗျား။
၂၀။ ကိုယ်ဝင်နားတဲ့ သစ်ပင်ရိပ်သာ
သစ်ခက်မချိုးရာ။
အရိပ်နေကာ အခက်ချိုး
ဆိုးတဲ့ ထိုလူမျိုး။
၂၁။ သန့်ရှင်းလှတဲ့ လမ်းမဝယ်
ခြံ ဝင်း ကွင်းအလယ်။
အိတ်ခွံ ဘူးခွံ ပစ်မသွား
ထွေးနဲ့ ကွမ်းသွေးများ။
၂၂။ မြို့ရော နယ်ရော ရွာငယ်မကျန်
သန့်ရှင်းစည်းကမ်းကျစေရန်။
ဝိုင်းဝန်းညီညာ ဆောင်ရွက်ကြ
ဒါမှ တိုင်းပြည်လှ။
၂၃။ မကောင်းမှုမျိုး ရှောင်ကာသွေ
ကောင်းမျိုးစိုက်ကြလေ။
ကောင်းမှုထွေထွေ ပြုဖို့အရေး
မမေ့ကြနဲ့လေး။
ဒါမှ လူယဉ်ကျေး။

**ရွှေသုဝဏ္ဏ**
*ဗုဒ္ဓဘာသာကလေးကဗျာ (၁၀၈ မှ ၁၁၆)*

## နေ့စဉ်ကျင့်ရန် တို့အမိဋ္ဌာန်

၁။ ကံကောင်းထောက်မ၊ လူ့ဘဝ၊ ခဏကျင်လည် ရခိုက်ဝယ်။
၂။ မပေါ့မဆ၊ ခွဲလုံ့လ၊ ဗုဒ္ဓလမ်းစဉ် လိုက်ပါမယ်။
၃။ အတတ်ပညာ၊ နည်းဗျူဟာ၊ စုံစွာထူးအောင် ဆည်းပူးမယ်။
၄။ လိမ္မာယဉ်ကျေး၊ ပြည့်ရင်သွေး၊ ဂုဏ်မွေးကြိုင်အောင် နေထိုင်မယ်။

http://www.dhammadownload.com



၅။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကို ထားပါ့မယ်။
၆။ အများအကျိုးဆောင်၊ ပြည်ကျိုးဆောင်၊ ခေါင်းဆောင်နိုင်အောင် ကြိုးစားမယ်။
၇။ မြန်မာ့ဓလေ့၊ တို့မမေ့၊ တို့ဓလေ့ကို မြတ်နိုးမယ်။
၈။ အမျိုးဘာသာ၊ သာသနာ၊ ရှည်စွာတည်အောင် ထိန်းသိမ်းမယ်။
၉။ သမိုင်းပေးလာ၊ တို့ဝန်တာ၊ သေချာထမ်းရွက် ထက်စေမယ်။
၁၀။ ယဉ်ကျေးမှုသုဉ်း၊ လူမျိုးသုဉ်း၊ အသုံးမခံ တော်လှန်မယ်။
၁၁။ ရေခြား မြေခြား၊ ဘာသာခြား၊ ကပြားဓလေ့ မနှစ်မြို့ဖွယ်။
၁၂။ ကမ္ဘာ့အလယ်၊ တို့မျိုးနွယ်၊ တင့်တယ်လှပ ဂုဏ်ယူမယ်။
၁၃။ တို့ယဉ်ကျေးမှု၊ ဂုဏ်ပေါင်းစု၊ ယှဉ်တုလာလျှင် ရှုံးလိမ့်မယ်။
၁၄။ စောစောအိပ်ကြ၊ စောစောထ၊ ထွန်းပခန္ဓာ လန်းဆန်းတယ်။
၁၅။ အိပ်ရာနိုးထ၊ မေတ္တာဖြန့်၊ ကမ္ဘာ့ငြိမ်းချမ်း သာယာမယ်။
၁၆။ အနန္တငါးဖြာ၊ ဦးညွှတ်ပါ၊ ရွှတ်ခါစိတ်မှာ ကြည်နူးတယ်။
၁၇။ မျက်နှာသစ်လျှင်၊ ရေအေးမြင်၊ မြင်စဉ်မေတ္တာ ပွားပါ့မယ်။
၁၈။ သစ်ရင်း သစ်ရင်း၊ လျော့ယိုယွင်း၊ ရုပ်ဆင်းသတိ ထားပါ့မယ်။
၁၉။ မြတ်စိန္တေဝယ်၊ ကန်တော့ကွယ်၊ ငါးသွယ်သီလ တည်ကြမယ်။
၂၀။ ကြည့်ဖွယ်မှတ်ရာ၊ သင်ခန်းစာ၊ သေချာအံ့ရွတ် မှတ်စေမယ်။
၂၁။ မှန်မှန်ကျောင်းတက်၊ ပညာထက်၊ အားတက်ရွှင်လန်း ကြိုးပမ်းမယ်။
၂၂။ ပညာတံခွန်၊ လူရည်ချွန်၊ မိုးစွန်တမွတ် အထွတ်တင်မယ်။
၂၃။ ကျောင်းသားဘဝ၊ ခိုင်မာမှ၊ ကြီးကထိပ်တန်း လှမ်းနိုင်မယ်။
၂၄။ မင်္ဂလာလမ်းကောင်း၊ ကြီးပွားကြောင်း၊ နှစ်ထောင်းအားရ လိုက်ကြမယ်။
၂၅။ ဗြဟ္မစိုရ်တရား၊ လက်ကိုင်ထား၊ မှသားရှောင်ခါ ဆက်ဆံမယ်။

*(ဒေါက်တာ မင်းတင်မွန်)*

## ဗြဟ္မစိုရ်တရားနှင့်အညီ ဆက်ဆံရေး

၁။ တန်းတူတွေ့ရင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။
ပြိုင်မည့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
၂။ နိမ့်သူတွေ့ရင်၊ ကရုဏာဝင်၊ မဝင်နိုင်က နိုင်တတ်တယ်။
နိုင်မည့်အစား၊ ကရုဏာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

http://www.dhammadownload.com



၃။ မြင့်သူတွေ့ရင်၊ မုဒိတာဝင်၊ မဝင်ဣဿာ၊ ယှိုင်တတ်တယ်။
ယှိုင်မည့်အစား၊ မုဒိတာပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။
၄။ မိုက်သူတွေ့ရင်၊ ဥပေက္ခာဝင်၊ မဝင်နိုင်က မဲ့တတ်ကယ်။
မဲ့မည့်အစား၊ ဥပေက္ခာပွား၊ စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
၅။ စိတ်ကိုလည်းပြင်၊ ရုပ်လည်းပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ၊ သုခ နိဗ္ဗာန် တိုင်လိမ့်မယ်။

*(ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓ)*

❊ *ဗုဒ္ဓရှင်တော် ဟောညွှန်ကြားတဲ့၊*
*တရားတော်အတိုင်း ကျင့်ရင်ကွယ်။*
*စာရိတ္တတွေ ကောင်းမွန်ကြလို့*
*ချမ်းသာအေးမြ ခုဘဝဝယ်။*
*နောင်သံသရာ ဆက်ဆက်ကောင်းလို့*
*နိဗ္ဗာန်ရောက်ကြောင်း အမှန်တကယ်*
*မောင်ရေ–မရေ တို့တွေ မမှားဖို့*
*ဒီတရားကို ကျင့်ကြမယ်။*
*ကျင့်မယ် ...ကျင့်မယ်။*

***အရှင်ခေမာစာရ (မန်းရေတံခွန်)***

*စာရိတ္တကောင်းမွန်ရေးကဏ္ဍ ပြီး၏။*

http://www.dhammadownload.com



# အပိုင်း (၃)

# ကြီးပွားချမ်းသာရေးကဏ္ဍ

## မင်္ဂလာနိဒါန်း

**တရားတော်အမည်**

မင်္ဂလသုတ္တန် (မင်္ဂလာတရားတော်)

**ဟောကြားသော ပုဂ္ဂိုလ်**

မြတ်စွာဘုရား

**ဟောကြားသောနေရာ**

သာဝတ္ထိပြည် (ဇေတဝန်ကျောင်းတော်)

**ဟောကြားသော အချိန်**

ညသန်းခေါင်ယံ

**ကျောင်းဒါယကာ**

ငယ်နာမည်၊ သုဒတ္တ၊ ထင်ရှားသော အမည်၊ အနာထပိဏ်သူဌေး။

**(ခိုကိုးရာမဲ့ သူများကို ကျွေးမွေးတတ်သောကြောင့်၊ အနာထပိဏ္ဍိက၊ အနာထပိဏ်သူဌေး ခေါ်၏)**

**တောင်းပန်သော ပုဂ္ဂိုလ်**

နတ်သားတစ်ပါး (အညတရ ဒေဝတာ)

## မင်္ဂလာ ပြဿနာ

အမြင်စွဲမင်္ဂလာ (ဒိဋ္ဌမင်္ဂလာ)၊ အကြားစွဲမင်္ဂလာ (သုတမင်္ဂလာ)၊ အနံ့၊ အရသာ၊ အတွေ့အထိစွဲမင်္ဂလာ (မုတမင်္ဂလာ) စသော မင်္ဂလာ အယူအဆ အမျိုးမျိုးတို့ကို လူနှင့်နတ်တို့ တစ်ဆယ့်နှစ်နှစ်လုံး ငြင်းခုံ၍ ပြဿနာဖြစ်ကြသည်။

## မင်္ဂလာ အဖြေမှန်

သိကြားမင်းက မင်္ဂလာ အဖြေမှန်ကို ဟောကြားပါရန်၊ မြတ်စွာဘုရားအား နတ်သားတစ်ပါးကို တောင်းပန်ခိုင်း၍ မင်္ဂလာအဖြေမှန်ကို မင်္ဂလသုတ္တန်ဖြင့် ညွှန်ပြတော်မူ၏။

http://www.dhammadownload.com



# မင်္ဂလာအဓိပ္ပာယ်

မကောင်းမှုကို ပယ်ဖျောက်တတ်သောကြောင့် မင်္ဂလာ ခေါ်သည်။
(တစ်နည်း) – ကြီးပွားချမ်းသာ တိုးတက်မှုကို ဖြစ်စေတတ်သောကြောင့် မင်္ဂလာ ခေါ်သည်။
(ကြီးပွားတိုးတက်ရေး လမ်းညွှန်တရား)

# ပြန့်ပွားခဲ့ပုံ

နတ်သားကို ဟောကြားပြီး နောက်တစ်နေ့တွင် အရှင်အာနန္ဒာကို မြတ်စွာဘုရားက ဟောကြားပြီး ရဟန်းတော်များကို တစ်ဆင့်ပွားစေသည်။ ထိုမှအဆင့်ဆင့် သင်ယူမှတ်သားခဲ့ရာ ယခုတိုင်အောင် ပြန့်ပွားခဲ့သည်။

# မင်္ဂလာ နှင့် မြန်မာ

မြန်မာ့ယဉ်ကျေးမှုသည် မင်္ဂလာတရားကို အခြေခံ၍ ရှေးအခါက မြန်မာတို့သည် မင်္ဂလာကို လေးလေးစားစား သင်ယူ၍ မြတ်နိုးစွာ ကျင့်သုံးခဲ့ကြသည်။

# မင်္ဂလာနှုတ်ခွန်းဆက်

တစ်ဦးနှင့်တစ်ဦး တွေ့ဆုံလျှင် (ကြီး–ငယ် မရွေး) လက်အုပ်ချီ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ (မင်္ဂလာပါ) ဟု နှုတ်ခွန်းဆက်ကြသည်။

| | | |
|---|---|---|
| လက်အုပ်ချီခြင်းက | – | ကာယမင်္ဂလာ |
| မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေဟု ဆိုခြင်းက | – | ဝစီမင်္ဂလာ |
| စိတ်ထားကောင်းတာက | – | မနောမင်္ဂလာ တို့ ဖြစ်သည်။ |

# အစကောင်းမှ အနှောင်းသေချာမည်

ကလေးရွယ် လိမ္မာပါမှ၊ ကြီးရင့်က လိမ္မာမည်။
မလိမ္မာ ပြည်ထောင်စုကြလျှင်၊ ကောင်းမှုမတည်။
ကလေးတို့ နေပြည်၊ တည်စေဖို့ စိတ်စော။
နံနက်မင်္ဂလာနှင့်၊ နေ့မကွာ ညဉ့်ပါသုံးလို့ရယ်၊ ပြုံးကြစေသော။

http://www.dhammadownload.com



## မင်္ဂလာသဘောဆောင်ပုဒ်

ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား၊
အဲဒါဟာ မင်္ဂလာတရား။
ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်တာလုပ်၊ ဟုတ်တာပြော၊
အဲဒါဟာ မင်္ဂလာသဘော။

## မင်္ဂလာခေါ်ပုံ ဆောင်ပုဒ်

မကောင်း ပယ်ဖြတ်၊ အကျင့်မြတ်၊ မှတ်အပ် မင်္ဂလာ၊
တိုးတက်ကြီးပွား၊ အကျင့်များ မှတ်သားမင်္ဂလာ။

### ဟသ္သာတခရိုင် တုတ်ရိုက်ဆရာတော်
### ဦးကောဝိဒ ၏
## မင်္ဂလာကဗျာနိဒါန်း

(က) သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာတရားကို
နတ်လူအများ၊ ကြံစည်ပေ။
ဘယ်သင်း, ဘယ်ဟာ၊ မင်္ဂလာအစစ်ဟု
သေချာဇစ်မြစ်၊ မသိလေ။
တစ်ဆယ့်နှစ်နှစ်တိုင်တိုင်၊ နှုတ်ပြိုင်ငြင်းလို့
မင်္ဂလာအခင်း၊ မပြီးပေ။
မင်္ဂလာတရား, ဝါဒများ၊ ကွဲပြားနတ်လူတွေ။
အဲဒါကြောင့် ကြံကြ, စည်ကြ, ကမ္ဘာ့မင်္ဂလာတွေ။
(ခ) သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းဝယ်
ကိန်းအောင်းပျော်မွေ့၊ မြတ်စိန္တေ။
သန်းခေါင်ယံခါ၊ နတ်သိကြားများက
မြတ်ဘုရားသို့၊ ဆည်းကပ်လေ။
ဆည်းကပ်ပြီးသော်၊ မင်္ဂလာသဘောကို
ထင်ရှားဟောဖို့၊ လျှောက်ပန်ခွေ။
အသေဝနတရား, အစထား ဟောကြားမိန့်ခဲ့ပေ
အဲဒါကြောင့် နာရ ကြားရ ကမ္ဘာ့မင်္ဂလာတွေ။

http://www.dhammadownload.com



## ဒဂုန် ဦးထွန်းမြင့် ၏
## ပေါင်းသင်းဆက်ဆံရေးမင်္ဂလာသုံးပါး

၁။ လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊
မမှီဝဲနဲ့ ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁။ လူမိုက်ကို မပေါင်းသင်းရ။
၂။ ပညာရှိကို ပေါင်းသင်းရမည်။
၃။ ပူဇော်ထိုက်သူကို ပူဇော်ရမည်။

## နေထိုင်ရေးမင်္ဂလာ သုံးပါး

၂။ ကုသိုလ်ပညာ ဥစ္စာရဖို့၊
သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး
မျှော်တွေးသုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁။ သင့်တင့်လျောက်ပတ် ကောင်းမြတ်သောအရပ်၌ နေရခြင်း။
၂။ ရှေးဘဝက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိခြင်း။
၃။ အကျင့်သီလ မပျက်ရအောင် ကိုယ်စိတ်နှစ်ပါး ကောင်းစွာထားခြင်း။

http://www.dhammadownload.com



## ပညာရေး မင်္ဂလာ သုံးပါး

၃။ တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဖို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး၊
ဆိုရေးတတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁။ အကြားအမြင် ဗဟုသုတများခြင်း။
၂။ အပြစ်ကင်းသော လက်မှုပညာတတ်ခြင်း။
၃။ ကျင့်ဝတ်ဝိနည်း သင်ခြင်း။
၄။ ချစ်ဖွယ်သာယာ ချိုသာစကား ပြောကြားခြင်း။

## ပြုစုလုပ်ကျွေးရေး မင်္ဂလာ လေးပါး

၄။ မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချကာ သားနှင့်မယားကို၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး ပြုစုရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁။ အမိကို လုပ်ကျွေးပြုစုခြင်း။
၂။ အဖကို လုပ်ကျွေးပြုစုခြင်း။
၃။ သားသမီးနှင့် ဇနီးမယားကို ချီးမြှင့်ထောက်ပံ့ခြင်း။
၄။ ရှုပ်ထွေးခြင်းကင်းသော အလုပ်တို့ကို လုပ်ခြင်း။

http://www.dhammadownload.com



## ကျညီဆောင်ရွက်ရေးမင်္ဂလာ လေးပါး

၅။ သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ် နှုတ် စိတ်ကြံ မမိုက်မှားနဲ့
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့
သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုအကျိုး
သည်ပိုးရွက်ဆောင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။
၂။ မိမိသန္တာန်၌ သုစရိုက်ဖြစ်အောင် ကျင့်ဆောင်ခြင်း။
၃။ ဆွေမျိုးများကို ပေးကမ်းချီးမြှင့် ထောက်ပံ့ခြင်း။
၄။ အပြစ်မရှိသော အလုပ်တို့ကို ပြုလုပ်ခြင်း။

## ရှောင်ကြဉ်လိုက်နာရေး မင်္ဂလာသုံးပါး

၆။ မကောင်းမှုတွေ ဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊
တရားမမေ့စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁။ သက်သတ်ခိုးမှု ကာမေသုနှင့် မုသားပြောကြား လေးပါးသော မကောင်းမှုမှ ကိုယ် နှုတ် နှလုံး သုံးပါးလုံးဖြင့် ရှောင်ကြဉ်ခြင်း။
၂။ မူးယစ်ဆေးဝါး မသောက်စားခြင်း။
၃။ သုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့ကို မမေ့လျော့ မပေါ့ဆခြင်း။

http://www.dhammadownload.com


## ရိုသေခြင်း စသော မင်္ဂလာငါးပါး

၇။ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား ရိုသေလေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုနှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ်ပေါ်ပြုဖူး သူ့ကျေးဇူး၊
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား
နာကြားမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁။ အသက်သိက္ခာ ဂုဏ်ဝါကြီးမား ပုဂ္ဂိုလ်များကို ရိုသေလေးစားခြင်း။
၂။ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား ဒွန်းစဏ္ဍားပမာ မာန်မာန နှိမ်ချခြင်း။
၃။ ရသမျှနှင့်သာ ရောင့်ရဲလွယ်ခြင်း။
၄။ ရှေးကပြုဖူး သူ့ကျေးဇူးကို အထူးဆင်ခြင် သိမြင်ခြင်း။
၅။ စိတ်ပျံ့လွင့်သော် သင့်လျော်အခါ၌ တရားနာခြင်း။

## သည်းခံခြင်း စသော မင်္ဂလာလေးပါး

၈။ ဝတ်စားနေထိုင်၊ ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်ဝ ဆုံးမစကားကို၊
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊
မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊
ဆွေးနွေးမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

http://www.dhammadownload.com



၁။ မြေကြီးပမာ အရာရာ၌ သည်းခံခြင်း။
၂။ ဆုံးမခံယူ နာလွယ်သောသူဖြစ်ခြင်း။
၃။ ရဟန်းတော်တို့ကို ဖူးမြင်ရခြင်း။
၄။ သင့်လျော်ရာအခါ၌ ပညာရှိတို့နှင့် တရားဓမ္မ ဆွေးနွေးတိုင်ပင်ခြင်း။

## ငြိုးခြံခြင်း စသော မင်္ဂလာ လေးပါး

၉။ လောကီအာရုံ ဇိမ်ယစ်မူးလို့၊
အပျော်မကြူးနှင့် ငြိုးခြံလေ။
မေတ္တာ ဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ပွင်းမသေ့။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊
အလင်းပေါက်နိုင်ဆေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

၁။ ကိလေသာအပူခပ်သိမ်းကို ငြိမ်းအေးစေတတ်သော အကျင့်မြတ်ကို ကျင့်ရခြင်း။
၂။ မေထုန်မှုကို ရှောင်ကြဉ်ပြုလျက် ကောင်းမြတ်သောအကျင့်ကို ကျင့်ခြင်း။
၃။ သစ္စာလေးပါးတရားကို သိမြင်ခြင်း။
၄။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း။

## မတုန်လှုပ်ခြင်း စသော မင်္ဂလာလေးပါး

၁၀။ ဆင်းရဲချမ်းသာ သဘာဝ၊
တွေ့ကြုံနေကြ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တစ်လဲစီလှည့် အမြဲနေ။
လောကဓံကြုံ မဖြုန်ကမ်းပေါ့။
မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း ရမ္မက်သိမ်း၊
အေးငြိမ်းချမ်းသာနေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

http://www.dhammadownload.com



၁။ လာဘာလာဘ စသည့်ရှစ်တန် လောကဓံနှင့် တွေ့ကြုံသောသူ၏ စိတ်သည် ထိတ်ထိတ်မခုန် မတုန်မလှုပ်ခြင်း။
၂။ စိုးရိမ်ပူဆွေး ငိုကြွေးမှု မရှိခြင်း။
၃။ ရာဂ ဒေါသ မောဟမြူမြေး ညစ်ကြေးမရှိခြင်း။
၄။ ကြောက်လန့်ဖွယ်ရေး ဘေးမရှိခြင်း။

## မင်္ဂလာအကျိုးပြကဗျာ

၁၁။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို
လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကျက်သရေတိုးလို့
ကောင်းကျိုးစည်ပွင့် တဝေဝေ။
ဘေးကင်းရန်ကွာ ချစ်သူပေါလို့
စိတ်ရောကိုယ်ရော ချမ်းသာမလေ။
ပြောဆိုကြံဆ ဆောင်သမျှ
အောင်ရမည်ကိန်းသေ။
အဲဒါကြောင့် ပန်ကြ ဆင်ကြ
မင်္ဂလာ့ပန်းခိုင်ဇွေ။

## မင်္ဂလာနိဂုံးကဗျာ

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့၊
ပျက်ပြားနေကြ ကမ္ဘာမြေ။
ဟိုတိုင်းဒီပြည် ရန်စစ်ခင်းလို့၊
လူနှင့်လူချင်း သတ်ကာနေ။
ငြိမ်းချမ်းပါစေ အာသီသနဲ့၊
စွမ်းနိုင်ရာက ကူညီသလေ။
သုံးဆယ့်ရှစ်ပါး မင်္ဂလာတရား
ရေးသားဖြန့်ကာဝေ။
အဖိုးတန်တဲ့ ဗုဒ္ဓဝါဒ ကမ္ဘာကသိပါစေ။

(ဒဂုန် ဦးထွန်းမြင့်)

http://www.dhammadownload.com



## သူဌေးကလေး

၁။ မေမေပေးတဲ့ တစ်ကျပ်ငွေ
တစ်မတ်ကိုပဲ သုံးမယ်လေ။
ငါးမူးကိုရွှေ တံဆိပ်ခေါင်းကပ်
စာတိုက်ဘဏ်သို့ ပြေးလို့အပ်။
ကျန်တဲ့တစ်မတ် စုဘူးမှာ
လိုရာသုံးဖို့ စုမယ်ကွာ။
ဒါမှသာ တို့ကလေး
ကြီးလေ ကြီးလေ ငွေသူဌေး
ကြီးလေ ကြီးလေ ရွှေသူဌေး။

၁။ ငွေတစ်ကျပ် ၄ ပုံပုံ၊ တစ်မတ်ကိုသုံး။

၂။ ငါးမူး (၂ ပုံ) ကို စာတိုက်ဘဏ်အပ်ထား။

၃။ ကျန်တဲ့ တစ်မတ်ကို လိုတဲ့အခါသုံးဖို့ စုဘူးထဲထည့်ထား။ အဲဒီလိုရထားတဲ့ ပစ္စည်းတိုင်း ၄ ပုံပုံပြီးတော့ ခွဲဝေသုံးတတ်ရင် ကလေးတို့ ကြီးကြီးလာတိုင်း ငွေသူဌေး ရွှေသူဌေးကြီးများ ဖြစ်လာနိုင်တယ်။

## ချမ်းသာဖို့ဆေး

၂။ အစာတုံး အခဲ တွင်းထဲဆွဲ
ပုရွက်ဆိတ်ကလေးတွေ ဇွဲ။
စားရေးအတွက် မဆင်းရဲ။
ဝတ်ရည်သယ်ဆောင် ပို့ပြည့်အောင်
ပျားကောင်တို့ရဲ့ဇွဲ။
အစားအတွက် မဆင်းရဲ။
တောင်ပို့တည်ထောင် နန်းမြို့ယောင်
ခြကောင်တို့ရဲ့ဇွဲ။
နေရေးအတွက် မဆင်းရဲ။
မိုးလေလုံအောင် သိုက်လုပ်ဆောင်

http://www.dhammadownload.com



စာကောင်ကလေးတို့ဖွဲ့။
နေရေးအတွက် မဆင်းရဲ။
ဒီသတ္တဝါတွေ တုယူလေ
ပစ္စည်းရှာဖွေ စုမနည်း
စားနေ ဝတ်ရေး မဆင်းရဲ။

## လွန်ကြီးပွား

၃။ ထကြွပြုပါ ရဥစ္စာ
လုံ့စွာသိမ်းထား မျှသုံးစား။
မိတ်ဆွေကောင်းနှင့် ပေါင်းမိပြား။
ခုလောကပင် လွန်ကြီးပွား။
ယုံကြည်သဒ္ဓါ ကျင့်သီလာ
ပေးလှူစာဂါ ဉာဏ်ရှိပြား၊
နောင်လောကလည်း လွန်ကြီးပွား။
ဗျဂ္ဃပဇ္ဇာ ရှာသားအား
ငါတို့မြတ်စွာ ဟောမိန့်ကြား၊
ကြီးပွားချမ်းသာ ကြောင်းတရား။

၁။ ထကြွလုံ့လ ပြုပြီး စီးပွားဥစ္စာရအောင်ရှာ။
၂။ ရရှိပြီးပစ္စည်းဥစ္စာများကိုလည်း လုံခြုံအောင် စောင့်ထိန်း။
၃။ အရှုံးအမြတ်၊ အဝင်အထွက်ကြည့်ပြီး မျှတစွာ စားသုံး။
၄။ သူတော်ကောင်းမိတ်ဆွေနဲ့ ပေါင်း။

ဒီ ၄ ပါးဟာ ဒီလောက လူ့ရွာမှာပဲ ကြီးပွားစေနိုင်တယ်။

(၁) ယုံကြည်တဲ့ သဒ္ဓါ၊ (၂) ကျင့်သုံးတဲ့ သီလ၊ (၃) ပေးလှူတဲ့ စာဂ၊ (၄) သိတဲ့ ဉာဏ်ပညာ။ ဒီလေးပါးရှိထားသူမှာ နောင်လောကမှာလည်း ကြီးပွားချမ်းသာကြောင်းပါပဲ။ တို့ဘုရားက ဗျဂ္ဃပဇ္ဇ အမျိုးသားများကို ခုနောင်လောကအတွက် ကြီးပွားချမ်းသာကြောင်းများ ဟောပြထားတယ်။ ကလေးတို့ မှတ်ထားကြ။

# ၄ လနှင့် သူဌေးဖြစ်ရသူ

၄။ ကြွက်သေကို ရင်းတည်ထား
ငွေတစ်ပြား ရပါတယ်။
ဉာဏ်နဲ့သာ နှိုင်းချိန်လုံး
သုံးချသူမယ်။
လေးလမျှ အတွင်းဝယ်
နှစ်သိန်းကွယ် ကြွယ်သား။
ထိုသူကို တုယူထားပါလို့
ဥစ္စာမှန် ကံစောင့်သွားရအောင်
ကြိုးစားပါ့လား။

ရှင်ဘုရင်ထံ သွားတဲ့ သူဌေးကလေးက ကြွက်သေတစ်ကောင်ကို မြင်ပြီး နက္ခတ်ဖတ်ကာ ဒီကြွက်သေကို အရင်းပြုပြီး စီးပွားလုပ်ရင် ကြွယ်ဝနိုင်တယ်လို့ ပါးစပ်က ပြောလိုက်တယ်။

အမျိုးသားတစ်ယောက်က "သူဌေးဆိုတာ မမှန်တာ ပြောမှာမဟုတ်ဘူး" ဆိုတဲ့စိတ်နဲ့ ကြွက်သေကို ယူပြီး ကြောင်ရှိတဲ့သူရောင်းတော့ ငွေတစ်ပြားရ။ ထန်းလျက်ခဲဝယ်၊ ရေတစ်အိုးနဲ့ ပန်းခူးလာသူတွေကို တိုက်ကျွေး။ ထန်းလျက်စား၊ ရေသောက်ရလို့ ပန်းတစ်ဆုပ်စီ ပေးခဲ့ကြ။ ပန်းပြန်ရောင်းပြီး နောက်တစ်နေ့ ပန်းသည်တွေကို ထပ်တိုက်ကျွေး။ တစ်ဝက်စီခူးပြီးဖြစ်တဲ့ ပန်းဥယျာဉ်က ပန်းတွေပါ ပေးကြ။ အသပြာ ရှစ်ကျပ်ရတယ်။

လေကြီးတိုက်လို့ မင်းဥယျာဉ်တစ်ခုလုံး ထင်းအမှိုက်တွေ ရှုပ်နေတာကို ထန်းလျက်ပေး၊ ရေတိုက် ကျွေးကာ ရှင်းလို့မို့ အသပြာ ၁၆ ကျပ်ရတယ်။

ပေါင်း ၂၄ ကျပ်နဲ့ အိုးကြီးငါးလုံး၊ ထန်းလျက်တွေပါ ဝယ်ပြီး မြက်ရိတ်တဲ့လူတွေကို တိုက်ကျွေး။ တစ်နေ့မှာ မြက် အစီး (၅၀၀) စီ အရိတ်ခိုင်းပြီး မြင်းကုန်သည်တွေကို ရောင်း။ အသပြာတစ်ထောင်ရ။ ရေလမ်းကုန်သည်နဲ့ပေါင်းပြီး နိုင်ငံခြားရွက်သင်္ဘောကြီးများမှ ကုန်တွေကို တာဝန်ခံပြုလို့ အသပြာ ၂ သိန်းရတဲ့ သူဌေးကလေးဖြစ်သွားတယ်။ ကလေးတို့ အဲဒီပုံစံကိုကြည့်ပြီး အနည်းငယ်မှ အများကြီးဖြစ်အောင် ပြုလုပ်တတ်ကြ။ "အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ပြုလုပ်ခြင်းဆိုတဲ့ ကံစောင့်" တဲ့။

http://www.dhammadownload.com



## ကြီးပွားကြောင်း ၆ ပါး

၅။ ခုနှစ်နှစ်အရွယ် ကလေးကလေး
ကြီးပွားရေးအကြောင်း အဖကို မေး။
ဖြေမပေးတတ် အဖခများ
ဗုဒ္ဓထံပါးခေါ်သွားပါ။
ကျန်းမာစေကွာ သီလရှိ
ဆုံးမလေတိုင်း နာယူဘိ။
ကြားမြင်သုတ ရှိရမှာ
သိတိုင်း ကျင့်ဦးကွာ။
ထိုင်းမှိုင်းဖျင်းတာ ရှောင်ပါသေး။
ကြီးပွားကြောင်းခြောက် မှတ်တော့လေး။
ဗုဒ္ဓမိန့်သေး မိန့်ခဲ့သေး။

(၁) ကျန်းမာ၊ (၂) သီလရှိ၊ (၃) လူကြီးသူမဆုံးမတိုင်းနာယူ၊ (၄) ဗဟုသုတရှိ၊ (၅) တရားအတိုင်း သိတိုင်းကျင့်၊ (၆) မပျင်းစေရ။ ဒီ ၆ ပါးနဲ့ ပြည့်စုံရင် ကြီးပွားမယ်၊ ကြွယ်ဝမယ်။ ဒါ့ကြောင့် ကြီးပွားတိုးတက် အောင်မြင်လိုရင် ဒီ ၆ ပါးနဲ့ ပြည့်စုံအောင် နေကြကွယ်။

*ရွှေသုဝဏ်*
*ဗုဒ္ဓဘာသာ ကလေးကဗျာ (၈၇-၉၂)*

*အပိုင်း (၃)*
*ကြီးပွားချမ်းသာရေးကဏ္ဍပြီး၏။*

■



မာရ်နတ် အောင်ပွဲ

http://www.dhammadownload.com



# အပိုင်း ( ၄ )
# အောင်မြင်ရေးဂါထာ

## မာရ်နတ်အောင်ပွဲ

လက်ရုံးတစ်ထောင် အသွင်ဆန်းနဲ့၊ ဆင်ကြမ်းကိုတဲ့ စီးလို့ပါ။
မာရ်နတ်ဘုရင် ပလ္လင်လုဖို့၊ သေနင်ထုနဲ့ တိုက်ခိုက်တာ။
ပါရမီတွေ သက်သေပြုလို့၊ ဝသုန်မြေထု ညွှန်ပြရာ။
မာရ်စစ်တွေဟာ ကျေကာပျက်လို့၊ ဟိုထွက် သည်ထွက် ပြေးရရှာ။
နဘံလွှမ်းမိုး ဖြန်းဖြန်းကျိုး၊ ပန်းမိုးချလို့ရှာ၊
အဲဒါက ဘဂဝါအရှံဟာ၊ ပထမအောင်စဉ်ပါ။

■

http://www.dhammadownload.com



အာဠာဝက အောင်ပွဲ

http://www.dhammadownload.com



# အာဠဝက အောင်ပွဲ

*ဒေါသပြင်းစွာ တင်းမာလှ၊ မင်းမှာရထက် ကြမ်းတမ်းစွာ။*
*လက်နက်ကိုးဖြာ မိုးရွာလစ်၊ ဘွဲ့ဖြူပစ်လို့ စစ်ထိုးတာ။*
*ဗုဒ္ဓမြတ်စွာ မေတ္တာပွားလို့၊ သစ္စာတရားနဲ့ ချေပရာ။*
*လက်နက်တွေဟာ ခြေတော်အနီး၊ ပန်းစီးပန်းဆုပ် ခြေသုတ်ပမာ။*
*အာဠဝက မာန်စွယ်ကျ၊ ဦးချဝပ်တွားလာ။*
*အဲဒါက ဘဂဝါသုဂတ၊ ဒုတိယအောင်စဉ်ပါ။*

ရှေး ...တုန်းက အာဠဝီပြည်မှာ ဘုရင်တစ်ပါးဟာ နောက်လိုက်နောက်ပါတွေနဲ့အတူ တောကစားသွားချင်တယ်တဲ့။ နောက် သမင်တစ်ကောင်ကို ဝိုင်းမိတော့ ရှင်ဘုရင်က "ကိုယ့်ဘက်က သမင်ထွက်ပြေးလျှင် ကိုယ့်တာဝန်ပဲ" လို့ ပြောပြီး ဖမ်းကြတဲ့အခါ သမင်ဟာ ရှင်ဘုရင်နားက ဖြတ်ပြီး ထွက်ပြေးသွားတယ်။ အဲဒီတော့ အမတ်တွေက "ရွှေသမင် ဘယ်ကထွက် မင်းကြီးတာကထွက်" လို့ ဝိုင်းလှောင်ကြတော့ ရှက်ရှက်နဲ့ လက်နက်လေးမြား ထမ်းပြီး သမင်ဖမ်းဖို့ အတင်းပြေးလိုက်သွားတယ်။ ခရီး တော်တော်ဝေးတော့မှ သမင်ကိုမိပြီး နှစ်ပိုင်းဖြတ်ပြီး ထမ်းလာခဲ့တယ်။ တော်တော်ကြာတော့ မောတာနဲ့ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးတစ်ပင်အောက်ကိုဝင် သမင်ကို ဘေးမှာချပြီး ဝအောင်အိပ်ပစ်လိုက်တယ်။ အိပ်ရေးဝလို့ ထ,မယ်လည်းလုပ်ရော ဘီလူးကြီးပေါ်လာပြီး "သင် မသွားနဲ့ ငါ၏အစာဖြစ်ပြီ" လို့ ပြောတယ်။ ဒီတော့ ရှင်ဘုရင်က "အရှင်ဘီလူး ကျွန်တော့်ကို မစားပါနဲ့၊ ဒီသမင်ကို စားပါ၊ ကျွန်တော့်ကို လွှတ်ပါ" လို့ တောင်းပန်တယ်။ ဘီလူးကြီးက "ဒီအပင်အောက်ဝင်သမျှ ငါအကုန်ပိုင်တယ်။ သမင်ကိုလည်း စားမယ်၊ သင့်ကိုလည်း စားရမယ်၊ မလွှတ်နိုင်ဘူး" လို့ ပြောတော့ ရှင်ဘုရင်က "အရှင်ဘီလူးမင်း ကျွန်ုပ်ဟာ ရှင်ဘုရင်ဖြစ်ပါတယ်။ ကျွန်ုပ်ကိုလွှတ်လျှင် နေ့စဉ်နေ့တိုင်း ထမင်းတစ်အိုးနဲ့ လူတစ်ယောက် ပေးပါမယ်" လို့ ပြောတယ်။ "ဒီလိုဆိုလျှင် သွားပါ၊ သင့်ကတိအတိုင်း ထမင်းတစ်အိုးနဲ့ လူတစ်ယောက် မပေးတဲ့နေ့မှာ သင့်ကို လာပြီးစားမယ်" လို့ ပြောပြီး လွှတ်လိုက်တယ်။ ရှင်ဘုရင်ဟာ စိတ်ပျက်ပျက်နဲ့ ပြန်လာပြီးတော့ မှူးကြီးမတ်ကြီးတွေကို ပြောတော့ အမတ်ကြီးတွေက "အရှင်မင်းကြီး မပူပါနဲ့၊ ထောင်ထဲကလူတွေကို ကျွေးတာပေါ့" လို့ ဆိုပြီး "ထောင်က လွှတ်ချင်လျှင် တောထဲက ညောင်ပင်ကြီးကို ထမင်းအိုးသွားပို့ရမယ်" ဆိုတော့ "သူသွားမယ်၊ ငါသွားမယ်" လို့ အလုအယက်ပြောကြတယ်။ ဒါနဲ့ လူတစ်ယောက်ကို ထမင်းအိုးပို့ခိုင်းလိုက်လို့ အဲဒီလူဟာ ညောင်ပင်အောက်ရောက်တာနဲ့ ဘီလူးကြီးက လူရော ထမင်းရော ယူပြီး စားပစ်လိုက်တာပဲ။ ဘယ်တော့မှ ပြန်မလာတော့ဘူး။ ဒါနဲ့ပဲ ထောင်ထဲမှာ လူကုန်တော့ လမ်းပေါ်မှာ ရွှေထုပ် ငွေထုပ်တွေ ပစ်ထားပြီး ကောက်တဲ့လူကို သူခိုးဆိုပြီး

http://www.dhammadownload.com



ဖမ်း၊ ထမင်းအိုး ပို့ခိုင်းလိုက်တာပဲ။ ဒါနဲ့ ရွှေထုပ် ငွေထုပ်တွေ ဘယ်သူမှ မကောက်ရဲကြတော့ဘူး။ ရှင်ဘုရင်နဲ့ အမတ်ကြီးတွေက တိုင်ပင်ကြတယ် "အဘိုးအို အဘွားအိုကြီးတွေဟာ ဘာမှလည်း အသုံးမကျဘူး၊ အလုပ်လည်း မလုပ်နိုင်ဘူး။ သေလည်းသေခါနီးပြီ၊ သူတို့ကို ထမင်းပို့ခိုင်းရင် မကောင်းဘူးလားလို့ ပြောတော့ "ဒီလိုလုပ်လျှင် သူတို့သားသမီးတွေ ပြေးတွေက ခံမှာမဟုတ်ဘူး။ တိုင်းပြည်ဆူလိမ့်မယ်။ ဒီတော့ လူမှန်းမသိသေးတဲ့ မွေးစကလေးငယ်ကလေးတွေကို ပို့ခိုင်းလျှင် ကောင်းမယ်" လို့ တိုင်ပင်ကြတယ်။ အဲဒါကိုကြားတော့ ကလေးမိခင်တွေဟာ ကလေးတွေကိုယူပြီး ထွက်ပြေးကုန်ကြရော။ နောက်တစ်နေ့မှာ ဘီလူးစာကျွေးဖို့ ကလေးရှာကော့ ဘယ်မှာမှ မတွေ့တော့ဘူး။ ဒီတော့ နန်းတော်ကိုသွားပြီး "အရှင်မင်းကြီး သားတော်ကစ်ယောက်ပဲ ကျန်တော့တယ်" လို့ ပြောကြတယ်။ ဒီတော့ ရှင်ဘုရင်က တို့ စိတ်တူသဘောတူ တိုင်ပင်ပြီးသားကို ငါ့သားကြောင့်တော့ မပျက်စေနဲ့ ငါ့သားကိုပဲ ပို့ကြတော့လို့ ပြောတာနဲ့ မိဖုရားကြီး ရင်ခွင်ထဲမှာ နို့စို့နေတဲ့ သားတော်ကလေးကို အတင်းဆွဲယူသွားကြတယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားက သားတော်ကလေး ဘေးကင်းပြီး ဘီလူးကြီး တရားရမှာကိုမြင်တော့ ညဦးထဲက အဲဒီညောင်ပင်ကြီးဆီ ကြွသွားတယ်။ အာဠာဝက ဘီလူးကြီးကတော့ မရှိဘူး အစည်းအဝေး သွားနေတယ်။ တံခါးစောင့်ဘီလူးကြီး ဂဒြဘက ဗိမာန်ကို စောင့်နေတယ်။ မြတ်စွာဘုရားက "အချင်းဂဒြဘ ဒီတစ်ည ငါ ဒီမှာဘည်းခိုမယ်" လို့ မိန့်တော်မူတယ်။ ဂဒြဘက မြတ်စွာဘုရားမှန်းသိတော့ "အရှင်ဘုရား တပည့်တော်က ဝန်မလေးပါဘူး။ ဒီဗိမာန်ရှင် အာဠာဝကဟာ အင်မတန် ကြမ်းတမ်းပါတယ်။ သူက အန္တရာယ်ပြုပါလိမ့်မယ်ဘုရား" လို့ လျှောက်တယ်။ "အချင်း ဂဒြဘ၊ သင့်သခင် အာဠာဝကဟာ ငါ့ကို အန္တရာယ်မပြုနိုင်ပါဘူး။ သင်ကသာ နေဖို့ခွင့်ပြုပါ" လို့ မိန့်တော်မူတယ်။ "ဒီလိုဆိုလျှင် အရှင်ဘုရား နေတော်မူပါ။ တပည့်တော်ကတော့ တာဝန်အရ သွားပြီး အကြောင်းကြားရပါမယ်ဘုရား" လို့ ဆိုပြီး နတ်သဘင်အစည်းအဝေးကိုသွားပြီးတော့ "အရှင်ဘီလူးမင်းရဲ့ဗိမာန်မှာ ဂေါတမဘုရား ကြွရောက်ပြီး ဝင်နေပါတယ်" လို့ ပြောတယ်။ သူ့သူငယ်ချင်း နတ်ဘီလူးကြီးတွေကလည်း "မိတ်ဆွေ အာဠာဝက သိပ်ကံကောင်းတာပဲ၊ ဘုရားရှင်ကိုယ်တော်တိုင် သင့်ဗိမာန်မှာ ကြွပြီး သီတင်းသုံးနေတယ်။ သင်သွားပြီး ပူဇော်ကာ တရားနာပေတော့" လို့ ဝိုင်းပြောကြတယ်။ ဒီတော့ အာဠာဝကဟာ ဒေါသအမျက် ချောင်းချောင်းထွက်ပြီး "ဘယ်က ဂေါတမလဲ၊ ဂေါတမသော ဘုရားသော နားမလည်ဘူး။ ငါ့အခွင့်မရှိဘဲ ငါ့ဗိမာန်ကိုဝင်လျှင် ငါဖမ်းပြီး စားပစ်လိုက်မှာပဲ" လို့ ပြန်ပြောလိုက်တယ်။ ပြီးတော့ တစ်ညလုံး လေ မိုး အစရှိတဲ့ လက်နက်ကိုးပါးနဲ့ မြတ်စွာဘုရားကို တိုက်တယ်။

*(လေ မိုး ကျောက် သဲ၊ ပြာ မီး ခဲ၊ မှောင်မည်း ရွှံ့လက်နက်။*
*ဘွဲ့ပြုပါသုံး၊ တစ်ညလုံး၊ အုန်းအုန်းညံတိုက်ဖျက်) [လက်နက်ကိုးပါး]*

http://www.dhammadownload.com



တိုက်သမျှ လက်နက်ကြီးကိုးပါးဟာ မြတ်စွာဘုရားကို မထိခိုက်ဘဲ ပန်းခိုင် ပန်းကုံးတွေဖြစ်ပြီးတော့ ခြေတော်ရင်းမှာ ကျလာကြတယ်။ ဒီတော့ ဘီလူးကြီးဟာ သူ့အားအကိုးဆုံးဖြစ်တဲ့ ဘွဲ့ဖြူပုဆိန်နဲ့ ပစ်လိုက်တယ်။ ဘွဲ့ဖြူလက်နက်ကြီးဟာ ကြောက်စရာအသံကြီးနဲ့ ထွက်သွားပြီးတော့ ဘုရားခြေတော်ရင်းမှာ ခြေသုတ်ပုဆိုး သွားဖြစ်နေတယ်။ ဒါနဲ့ ဘီလူးကြီးဟာ "ငါ့လက်နက်တွေ ဘာဖြစ်လို့ မစူးရှပါလိမ့်မလဲ" လို့ ကြည့်လိုက်တော့ မြတ်စွာဘုရားဟာ မေတ္တာတရား ပွားနေတာကို တွေ့တယ်။ ဒီတော့ "မေတ္တာပျက်သွားအောင် ငါလုပ်မှပဲ" လို့ ကြံပြီးတော့ "ရဟန်းကြီး ထွက်လိုက်စမ်း" လို့ အော်လိုက်တယ်။ မြတ်စွာဘုရားက "ဒီဘီလူးဟာ အင်မတန် ဒေါသကြီးနေပါကလား၊ ငါ တရားဟောလို့ရမှာမဟုတ်သေးဘူး။ ဒေါသနည်းသွားအောင် လုပ်ဦးမှပဲ" လို့ စဉ်းစားပြီးတော့ "အေး အေး ငါထွက်မယ်" ဆိုပြီး ထွက်တော်မူတယ်။ ဘီလူးက "ဝင်ဦး" ဟု ဆိုတော့လည်း ဝင်တော်မူပြန်တယ်။ အဲဒီလို ၃ ကြိမ် ၃ ခါတိုင်အောင် ထွက်ခိုင်း ဝင်ခိုင်းပြီးတော "ဒီတစ်ခါ ထွက်လာရင် ခြေ ၂ ချောင်းကိုင်ပြီး ဂင်္ဂါမြစ် တစ်ဘက်ကမ်းကို လွှင့်ပစ်လိုက်မယ်" လို့ ကြံပြီးတော့ "ရဟန်းကြီး ထွက်ဦး" လို့ ပြောပြန်တယ်။ မြတ်စွာဘုရားက "ငါမထွက်ဘူး။ မင်းလုပ်ချင်တာလုပ်တော့" လို့ မိန့်တော်မူတယ်။ ဒါဖြင့် ပြဿနာမေးမယ် မဖြေနိုင်လို့ရှိလျှင် သင့်အသည်းနှလုံးကိုသော်လည်း ချေပစ်မယ်။ ဒါမှမဟုတ် ခြေထောက်နှစ်ချောင်းကိုင်ပြီး ဂင်္ဂါမြစ်တစ်ဘက်ကမ်းကို လွှင့်ပစ်မယ်" လို့ ပြောတယ်။ မြတ်စွာဘုရားက "သင် ငါ့ကို ဘာမှ မလုပ်နိုင်ဘူး။ ဒါပေမဲ့ သင်မေးချင်တာကို မေးပါ" လို့ ခွင့်ပြုတော်မူလိုက်တော့၊ ဘီလူးက ဒီလိုမေးလို့ မြတ်စွာဘုရားက ဖြေတော်မူလိုက်တယ်။

ဤလောကမှာ လူ့ဥစ္စာ ဘယ်ဟာ အမြတ်ဆုံးပါနည်း?

*ဤလောကမှာ လူ့ဥစ္စာ သဒ္ဓါ အမြတ်ဆုံးပေတည်း။*

ဘယ်အရာမှာ ကျင့်သူဟာ ချမ်းသာရနိုင်ပါသနည်း?

*တရားမှန်စွာ ကျင့်သူဟာ ချမ်းသာရနိုင်ပေသတည်း။*

အကောင်းဆုံးဖြစ် ရသာနှစ် စင်စစ်အဘယ်တရားနည်း?

*အကောင်းဆုံးဖြစ် ရသာနှစ် စင်စစ်သစ္စာတရားတည်း။*

အသက်မွေးမှုမှာ အဖြာဖြာ ဘယ်ဟာအမြတ်ဆုံးပါနည်း?

*ပညာယှဉ်ကာ သက်မွေးတာ သည်ဟာ အမြတ်ဆုံးပေတည်း။*

အဲဒီလို ဘီလူးကြီးဟာ ပြဿနာမေးရင်း မေးရင်းနဲ့ တရားနာလိုက်တာ မိုးလည်းလင်း တရားလည်းဆုံး ဘီလူးကြီးလည်း သောတာပန် ဖြစ်သွားရော။ အဲဒီအချိန်မှာပဲ ဘီလူးစာ ကလေးပို့တဲ့ အမတ်ကြီးတွေရောက်လာတော့ မြတ်စွာဘုရားနားမှာ ဘီလူးကြီး ဒူးတုပ်ပြီး တရားနာနေတာမြင်ကြလို့ ရဲရဲတင်းတင်းဝင်ပြီး ကလေးလေးကို ပေးကြတယ်။ "အရှင်ဘီလူးမင်းစားဖို့ လာပို့ပါတယ်။ စားတော်မူပါ" လို့ ပြောတော့


http://www.dhammadownload.com



ဘိလူးကြီးဟာ ရှက်ရှက်နဲ့ ကလေးကိုယူပြီးတော့ ဘုရားကို လှူလိုက်တယ်။ မြတ်စွာဘုရားက အမတ်ကြီးတွေကို "မင်းတို့ပဲ ကြီးအောင်မွေးကြဦး" လို့ မိန့်တော်မူပြီးတော့ ကလေးကို ပြန်အပ်လိုက်တယ်။ အမတ်ကြီး တွေ ပြန်သွားတော့ လူတွေက "ဘယ်လိုလဲ ကလေးက ငယ်လွန်းလို့ မစားလောက်ဘူးလို့ ဘီလူးက ပြောသလား" လို့ ဝိုင်းမေးကြတော့ ဘီလူးကြီးကို မြတ်စွာဘုရားချွတ်လို့ အကျွတ်တရားရသွားပြီ၊ အားလုံး ဘေးအန္တရာယ်ကင်းသွားပါပြီလို့ ပြောတော့မှ သာဓု ခေါ်လိုက်ကြတာ တစ်မြို့လုံးကို ဆူသွားတာပဲတဲ့။

■

http://www.dhammadownload.com




နာဠာဂီရိဆင် အောင်ပွဲ

http://www.dhammadownload.com



# နာဠာဂီရိဆင် အောင်ပွဲ

*နာဠာဂီရိ ဆင်ပြောင်မိုက်ကို၊ သေရည်တိုက်လို့ ခိုင်းတဲ့ခါ။*
*လောင်းမီးစံပုံ မာန်ဟုန်ပြင်းလို့၊ နင်းဖို့ သတ်ဖို့ အတင်းလာ။*
*ဓာတ်ဗြဟ္မစိုရ် လှစ်ခါနှိုး၊ မေတ္တာမိုးနဲ့ သွန်းလိုက်တာ။*
*နွာမောင်းလေးကို ကွေးကာကုပ်လို့၊ ဒူးတုပ်ဝပ်တွား ညွတ်သွားရှာ။*
*တိုက်ဆင်ပြောင်ကြီး လိမ္မာပြီး၊ ငြိမ်ကြီးငြိမ်သက်လာ။*
*အဲ...ဒါက ဘဂဝါဇိန၊ တတိယအောင်စဉ်ပါ။*

ဘုရားရှင်လက်ထက်တော်အခါတုန်းက ဒေဝဒတ်ဟာ မြတ်စွာဘုရားကို အမျိုးမျိုးကြံပြီး သတ်လို့မရတော့ အဇာတသတ်မင်းဆီမှာ ခွင့်တောင်းပြီးတော့ နာဠာဂီရိ ဆိုတဲ့ ဆင်ကြီးနဲ့ တိုက်သတ်ဖို့ ကြိုးစားသတဲ့။ သူဟာ ဆင်ထိန်းဆီကိုသွားပြီး "ငါဟာ ရှင်ဘုရင်ရဲ့ဆရာဖြစ်တယ်။ ငါပြောသလိုလုပ်လျှင် မင်းကို ရာထူးတက်အောင် လုပ်ပေးမယ်။ နာဠာဂီရိဆင်ကို ခါတိုင်းတိုက်နေကျထက် နှစ်ဆတိုးပြီး အရက်တိုက်ပါ။ ပြီးတော့ ရဟန်းကြီး ဂေါတမ ဆွမ်းခံလာတဲ့အချိန်မှာ ဆင်ကြီးကို စိတ်ဆိုးအောင်လုပ်ပြီး လွှတ်ပါ" လို့ ပြောတော့ ဆင်ထိန်းကလည်း "ကောင်းပါပြီ" လို့ ဝန်ခံလိုက်တယ်။ ပြီးတော့ကာ လူမှားပြီး ထိုးသတ်မှာစိုးလို့ "နက်ဖြန်ခါ နံနက်ခင်းမှာ လမ်းမထွက်ကြပါနဲ့၊ နာဠာဂီရိဆင်ကြီး လွှတ်မယ် လို့ပါ" ဆိုပြီး မြို့ထဲမှာ လှည့်အော်ခိုင်းထားတယ်။ လူတွေက မြတ်စွာဘုရားဆီသွားပြီး "ဆွမ်းခံမကြွပါနဲ့ ဘုရား၊ တပည့်တော်တို့ ဆွမ်းချက်ပို့ပါမယ် မြတ်စွာဘုရား" လို့ လျှောက်ထားကြတယ်။ မြတ်စွာဘုရားက "ကိစ္စမရှိဘူး ဒါယကာတို့၊ ငါဘုရား ဒီဆင်ကို ဆုံးမတော်မူမယ်" လို့ မိန့်တော်မူပြီးတော့ သံဃာတော် အများနဲ့ ဆွမ်းခံကြွတော်မူတယ်။ အဲဒီအချိန်မှာ ဆင်ထိန်းက ဆင်ကြီးကို မူးနေအောင် အရက်တိုက်၊ စိတ်ဆိုးနေအောင် ချွန်းတွေ မှိန်းတွေနဲ့ထိုးပြီး ဘုရားကြွတော်မူတဲ့ လမ်းထဲကို လွှတ်လိုက်တယ်။ ရဟန္တာ အရှင်မြတ်တွေက "တပည့်တော် ဒီဆင်ကြီးကို ဆုံးမပါမယ်ဘုရား" လို့ အသီးသီး တောင်းပန်ကြပေမယ့်လို့ ခွင့်ပြုတော်မမူဘူး။ ဆင်ကြီးဟာ မူးလည်းမူး စိတ်ကလည်းဆိုးနေတော့ တွေ့ရာတဲအိမ်တွေ တိုးဝှေ့နင်းချိုးပြီး မည်းမည်းမြင်သမျှ အကုန်လိုက်တော့တာပဲ။ အဲဒီအချိန်မှာ မိန်းမတစ်ယောက်ဟာ ဆင်ကြီးကိုမြင်တော့ ချီထားတဲ့ ကလေးကိုချပြီး ထွက်ပြေးတော့ ကလေးက တအားအော်ပြီး ငိုနေတယ်။ ဆင်ကြီးက ငိုနေတဲ့ ကလေးကို နင်းမယ်လို့ ပြေးအသွားမှာ မြတ်စွာဘုရားက "ချစ်သား နာဠာဂီရိ သင့်ကို လွှတ်ထာဟာ တခြားလူတွေအတွက်မဟုတ်၊ ငါဘုရားအတွက် လွှတ်တာဖြစ်တယ်။ ဒါကြောင့် ငါ့ဆီကိုသာ လာခဲ့" လို့ပြီးတော့ ဆင်ကြီးဆီစိုက်ပြီး မေတ္တာဓာတ်တွေ လွှတ်လိုက်တာ ဆင်ကြီးဟာ နွာမောင်းကလေးကို

http://www.dhammadownload.com



ခွေပြီးတော့ ဖြည်းဖြည်းကလေး မြတ်စွာဘုရားဆီကို လာပြီးတော့ ဦးတိုက်နေလိုက်တယ်။ မြတ်စွာဘုရားက "ချစ်သား နာဋ္ဌာဂီရိ ငါဘုရားကို မပြစ်မှားနဲ့၊ မူးယစ်မိုက်မဲခြင်းလည်း မရှိနဲ့။ ဒီလိုဆိုလျှင် သင်ဟာ ကောင်းတဲ့ဘဝကို ရောက်လိမ့်မယ်" လို့ ဟောလိုက်တော့ ဆင်ကြီးဟာ မြတ်စွာဘုရားစကားတော်ကို နားလည်ပြီးတော့ သဘောကျ ဝမ်းသာနေတဲ့ အမူအရာကို ပြသတဲ့။ လူတွေကလည်း ယဉ်ကျေးသွားတဲ့ ဆင်ကြီးကိုကြည့်ပြီး ဝမ်းသာကြလို့ ရွှေတွေ ငွေတွေ ကြဲလိုက်တာ အများကြီးပဲတဲ့။ ဒါနဲ့ ဆင်ကြီးဟာ မြတ်စွာဘုရား ခြေတော်အောက်က မြူမှုန်ကိုယူပြီး သူ့ခေါင်းမှာကြဲပြီး နောက်ဆုတ် နောက်ဆုတ်နဲ့ သူ့နေရာသူ ပြန်သွားတယ်။ အဲဒီနေ့ကစပြီးတော့ ဆင်ကြီးဟာ သိပ်သဘောကောင်းလာပြီး ဘယ်သူ့ကိုမှ ရန်မရှာတော့ဘူးတဲ့။

■

http://www.dhammadownload.com




အင်္ဂုလိမာလ အောင်ပွဲ

http://www.dhammadownload.com



# အင်္ဂုလိမာလ အောင်ပွဲ

*သန်လျက်ကို ရမ်းကာဝှေ့လို့၊ လမ်းလာသရွေ့ သတ်ဖြတ်ကာ။*
*လက်ချောင်းတွေကို သီကာတွဲလို့၊ လည်မှာဆွဲတဲ့ လူကြမ်းဟာ။*
*ဘုရားရှင်ကို လမ်းဝယ်တွေ့တော့၊ ဖမ်းမယ်ဟော့လို့ ပြေးလိုက်ရာ။*
*တန်ခိုးတော်ဘိညာဉ် ထင်စွာပြုမှ၊ အင်္ဂုလိမာလ ညွတ်တွားလာ။*
*တရားရေအေး အမြိုက်ဆေး၊ တိုက်ကျွေးကျွတ်စေတာ။*
*အဲ... ဒါက ဘဂဝါနုတ္တရ၊ စတုတ္ထအောင်စဉ်ပါ။*

ရှေး ...တုန်းက သာဝတ္ထိပြည်က ပုရောဟိတ်ပုဏ္ဏားကြီးမှာ သားကလေးတစ်ယောက် ဖွားလာတယ်။ ဖွားလျှင်ဖွားချင်း အိမ်တွေမှာရှိတဲ့ လက်နက်တွေဟာ အရောင်တလက်လက် တောက်လာတယ်။ ပုဏ္ဏားကြီးက နက္ခတ်ကိုကြည့်ပြီးတော့ ဒီကလေးဟာ ကြီးလျှင် လူဆိုးကြီးဖြစ်မှာပဲလို့ မြင်တာနဲ့ နန်းတော်ကို သွားပြီး ရှင်ဘုရင်ကို လျှောက်တယ်။ "အရှင်မင်းကြီး ညက ကျွန်တော်မျိုးအိမ်မှာ သားတစ်ယောက် ဖွားပါတယ်။ သူဟာ ကြီးလျှင် လူဆိုးဖြစ်ပါလိမ့်မယ်။ ကျွန်တော်မျိုး ဒီကလေးကို ဖျောက်ဖျက်လိုက်ရမလား" တဲ့။ အဲဒီလိုလျှောက်တော့ ရှင်ဘုရင်က "သူဟာ တစ်ယောက်တည်းဆိုးမလား၊ အပေါင်းအသင်းတွေနဲ့ လူစုပြီး ဆိုးမလား" လို့ မေးတော့ "တစ်ယောက်တည်း ဆိုးပါလိမ့်မယ်ဘုရား" လို့ ပုဏ္ဏားကြီးက ပြောတယ်။ "ဒါဖြင့် သူ့ကို ကြီးအောင်မွေးပါ မဖျောက်ဖျက်ပါနဲ့" လို့ ရှင်ဘုရင်က ပြောတာနဲ့ သူ့ကို မွေးထားလို့ တော်တော်ကြီးလာတော့ တက္ကသိုလ်ပြည်ကို ပညာသင်ဖို့ လွှတ်လိုက်တယ်။ သူဟာ ပညာကို လည်း ကြိုးစားပြီး သင်တယ်။ ဆရာကြီးရဲ့ ဝတ္တရားကိုလည်း ကျေပွန်အောင်လုပ်တတ်လို့ ဆရာကြီးက သူ့ကို သိပ်ချစ်တယ်။ ဒါနဲ့ ဒိပြင်ကျောင်းသားတွေက မနာလိုလို့ ဆရာကြီးကို ကုန်းတိုက်ကြဖန်များတော့ ဆရာကြီးက သူ့ကိုသတ်ဖို့ စဉ်းစားတယ်။ "ငါကိုယ်တိုင်သတ်လို့ရှိလျှင် လူကဲ့ရဲ့လိမ့်မယ်။ သူ့ကို တစ်ယောက်ယောက်က သတ်အောင်လုပ်မှပဲ" လို့ စဉ်းစားပြီး "အမောင် **အဟိံသက** အမောင်ဟာ ပညာတတ်ပြီ။ ဒါကြောင့် ဆရာကို ပူဇော်ဖို့ လက်ချောင်းတစ်ထောင် ရှာခဲ့ပါ" လို့ ပြောတယ်။ သူဟာ ဆရာ့စကားကို နားထောင်နေကျဖြစ်တဲ့အတိုင်း တောထဲကိုသွားပြီး လူတွေကို ဖမ်း၊ လက်ချောင်းတွေကို ဖြတ်ယူပြီးတော့ ကြိုးနဲ့သီပြီး လည်ပင်းမှာ ဆွဲထားတယ်။ သူက အားကလည်း ကောင်း၊ အပြေးကလည်း သန်တော့ ဘယ်သူမှ သူ့ကို မနိုင်ဘူး။ ဒါကြောင့် ကုန်သည်တွေကလည်း မသွားဝံ့၊ တောထဲမှာလည်း အလုပ်မလုပ်ဝံ့နဲ့ ရွာတွေပျက်ပြီး ထွက်ပြေးနေကြရတယ်။ ဒါနဲ့ လူတွေစုပြီး ဘုရင့်နန်းတော်မှာ သွားအော်ကြတယ်။ "အရှင်မင်းကြီး တောထဲမှာ အင်္ဂုလိမာလ ဆိုတဲ့ ခိုးသူဟာ အလွန်သောင်းကျန်းနေပါတယ်။

http://www.dhammadownload.com



ဒီလူဆိုးကို အရှင်မင်းကြီး ရအောင်ဖမ်းမှ ဖြစ်ပါလိမ့်မယ်" အဲဒီလို အော်ကြဲတော့ ကောသလမင်းကြီးဟာ စစ်တပ်ကြီးနဲ့ ထွက်လာတယ်။ အင်္ဂုလိမာလရဲ့အမေ ပုဏ္ဏားမကြီးက "ရှင်ဘုရင်ကိုယ်တိုင် ထွက်ဖမ်းလျှင် ငါ့သားတော့ သေတော့မှာပဲ" လို့ စိုးရိမ်ပြီးတော့ တောထဲကိုသွားတယ်။ ပြီးတော့ "သားရေ ရှင်ဘုရင်ကိုယ်တိုင် ထွက်လာပြီ၊ ငါ့သား လွတ်အောင်ပြေးပေတော့" လို့ အော်ရှာတယ်။ အင်္ဂုလိမာလလည်း "လက်ချောင်းတွေဟာ တစ်ထောင်ပြည့်ဖို့ တစ်ချောင်းပဲလိုတော့တယ်။ ဒီနေ့တော့ ဘယ်သူလာလာ သတ်မှာပဲ" လို့ စိတ်က ပိုင်းဖြတ်ထားတော့ အမေကိုဖမ်းဖို့ လိုက်တယ်။ အဲဒီအချိန်မှာ မြတ်စွာဘုရားက မြင်တော်မူလို့ တန်ခိုးတော်နဲ့ ကြွလာပြီးတော့ အင်္ဂုလိမာလနဲ့ သူ့အမေကြားမှာ ရပ်တော်မူလိုက်တယ်။ အင်္ဂုလိမာလဟာ ဘုရားကိုမြင်တော့ အမေကိုမလိုက်တော့ဘဲ ဘုရားကိုဖမ်းဖို့ ပြေးလိုက်တယ်။ မြတ်စွာဘုရားက တန်ခိုးတော်နဲ့ လုပ်ထားတော့ သူ ဘယ်လောက်ပြေးပြေး ဘုရားအနားကိုမရောက်ဘူး။ ဒါနဲ့ သူက "ရဟန်းကြီး၊ ရပ်ဦး ရပ်ဦး" လို့ အော်တော့ "အင်္ဂုလိမာလ၊ ငါရပ်နေတယ်၊ သင်သာမရပ်ဘဲ ပြေးနေတာ" လို့ မိန့်တော်မူလိုက်တယ်။ ဒီတော့ အင်္ဂုလိမာလက "ရဟန်းဆိုတာ လိမ်မပြောကောင်းဘူး၊ သင်ဟာ သွားနေလျက်သားနဲ့ ဘာဖြစ်လို့ ရပ်တယ်လို့ လိမ်ပြောရသလဲ" လို့ မေးတယ်။ မြတ်စွာဘုရားက "ငါ့မှာ သံသရာလမ်းခရီး သွားစရာမရှိတော့ဘူး။ ဒါကြောင့် ငါဟာ ရပ်ဆိုင်းနေပြီ။ မင်းဟာ ဒီလိုသာ ဆိုးသွမ်းနေဦးမယ်ဆိုလျှင် သံသရာမှာ ဆက်ပြီးနေရဦးမှာပဲ" လို့ ဆိုတော့မှ သတိရပြီး ဓားကိုချ တရားနာတယ်။ နောက် အကျွတ်တရားရတာနဲ့ သင်္ကန်းဝတ်ပြီး ဘုရားနောက်တော်က လိုက်သွားတယ်။ ကောသလမင်းကြီးဟာ ထွက်လာရပေမယ့် ခပ်ကြောက်ကြောက်ပဲ။ အင်္ဂုလိမာလက သိပ်အစွမ်းကောင်းတာကိုး။ ဒါနဲ့ ဇေတဝန်ကျောင်းတော်အနားရောက်တော့ "ငါ ဘုရားဝင်ပြီး ရှိခိုးမှပဲ၊ မသွားသင့်လျှင်လည်း ဘုရားက တားလိမ့်မယ်" လို့ စိတ်ကူးပြီး ကျောင်းတော်ထဲ ဝင်သွားတော့ မြတ်စွာဘုရားက "ဒကာတော်မင်းကြီး၊ ဘယ်သွားမလို့လဲ" လို့ မေးတော်မူတယ်။

"တပည့်တော် တောထဲမှာ အင်္ဂုလိမာလ သွားဖမ်းမလို့ပါဘုရား"

"အင်္ဂုလိမာလ သင်္ကန်းဝတ်နေလျှင် ဒကာတော် ဘာလုပ်မလဲ"

"သူဟာ သိပ်ဆိုးတဲ့လူပဲ၊ ဘယ်မှာ သင်္ကန်းဝတ်ပါ့မလဲဘုရား"

"ငါဘုရားချွတ်လို့ ကျွတ်သွားပြီ၊ သင်္ကန်းဝတ်သွားပြီဆိုလျှင် ဒကာတော်မင်းကြီး ဘယ်လိုသဘောထားမလဲ"

"ဒီလိုဆိုလျှင်တော့ တပည့်တော် ဝမ်းသာပါတယ်။ ဆွမ်းတို့ သင်္ကန်းတို့လည်း လှူရမှာပေါ့ဘုရား"

"အဲဟိုမှာ ထိုင်နေတာ အင်္ဂုလိမာလပဲ" လို့ ဆိုပြီး မြတ်စွာဘုရားက လက်ညှိုးညွှန်ပြလိုက်တယ် ဆိုလျှင်ပဲ ကောသလမင်းကြီးဟာ ကြောက်ပြီးတော့ တုန်နေတယ်။ "ဒကာတော်မင်းကြီး မကြောက်နဲ့

http://www.dhammadownload.com



သူဟာ အခု သူတော်ကောင်းဖြစ်သွားပြီ၊ ဘယ်သူ့ကိုမှ အန္တရာယ်မပြုတော့ဘူး” လို့ ဆိုတော့မှ အနားကို သွားပြီးတော့ မေးတယ်။

“အရှင်ဘုရား အင်္ဂုလိမာလပဲလား”

“ဟုတ်ပါတယ် ဒကာတော်မင်းကြီး”

“ကောင်းပါတယ် ကောင်းပါတယ်အရှင်ဘုရား။ သာသနာတော်မှာ ပျော်ပျော်နေပါ၊ တပည့်တော် ပစ္စည်းလေးပါး လှူပါ့မယ်ဘုရား”

အဲဒီလိုလျှောက်ပြီးတော့ ကောသလမင်းကြီးလည်း စိတ်အေးလက်အေးနဲ့ နန်းတော်ကို ပြန်သွားသတဲ့။

■

http://www.dhammadownload.com




စိဉ္စမာန အောင်ပွဲ

http://www.dhammadownload.com


# စိဉ္စမာန အောင်ပွဲ

*ပျဉ်ချပ်တွေကို ခံခွေပြုလို့၊ သန္ဓေတုနဲ့ စိဉ္စမာ။*
*အရှက်ကွဲရုံ ဂုဏ်တော်ဖြုတ်ဖို့၊ သမုတ်စွပ်စွဲ လူထဲမှာ။*
*ငြိမ်းအေးမေတ္တာ ဓာတ်တရားကြောင့်၊ နတ်သိကြားတို့ မနေသာ။*
*ပျဉ်ကြိုးဖြေကာ ခြေကိုဖြတ်လို့၊ မြေမျိုဟပ်တော့ ငရဲမှာ။*
*ဂုဏ်တော်တန်ခိုး ဆထမ်းပိုး၊ တိုးလို့ တက်လို့လာ။*
*အဲ...ဒါက ဘဂဝါယှဉ်မရ၊ ပဉ္စမအောင်စဉ်ပါ။*

မြတ်စွာဘုရား ပွင့်လာတော်မူတဲ့အချိန်မှာ တိတ္ထိတွေကို လှူမယ့်လူ ဆွမ်းလောင်းမယ့်လူ သိပ်မရှိတော့၊ သူတို့မှာ လာဘ်လာဘ နည်းပါးလာကြတယ်။ ဒါနဲ့ သူတို့ဟာ တစ်နေရာမှာ စည်းဝေးပြီးတော့ မြတ်စွာဘုရား ဂုဏ်ပျက် အရှက်ကွဲအောင် ဘယ်လိုလုပ်ကြမလဲလို့ တိုင်ပင်ကြတယ်။ တိုင်ပင်ပြီးတော့ စိဉ္စမာနဝိကာ ဆိုတဲ့ ပရိဗိုဇ်မကလေးကို တာဝန်ပေးလိုက်တယ်။ အဲဒီပရိဗိုဇ်မကလေးဟာ ငယ်လည်းငယ် ချောလည်းချောတယ်တဲ့။ ချောသလောက် ကောက်ကျစ်ပြီး ဉာဏ်လည်းများတယ်။ သူဟာ ညနေမိုးချုပ်လျှင် ဇေတဝန်ကျောင်းတော်ဘက်ကိုသွား၊ ကျောင်းတော်အနားက တိတ္ထိတွေဆီမှာ အိပ်တယ်။ နံနက်မိုးလင်းတော့ ထပြီး မြို့ထဲကို ပြန်လာတယ်။ လူတွေက ဘယ်ကလာသလဲလို့ မေးလျှင် "ဇေတဝန်ကျောင်းမှာ ရဟန်းကြီး ဂေါတမနဲ့ အတူသွားအိပ်ပြီး ပြန်လာတယ်" လို့ ပြောတယ်။ လပေါင်းတော်တော်ကြာတော့ ဗိုက်ကို ပျဉ်ချပ်တွေနဲ့ကပ် အပေါ်က အဝတ်တွေနဲ့ပတ်ပြီး ပဋိသန္ဓေအရင့်အမာရှိတဲ့အယောင်ဆောင်ပြီးတော့ မြတ်စွာဘုရား တရားဟောနေတုန်း ပရိသတ်ထဲဝင်ပြီးတော့ "ရှင်ဂေါတမ သင်ကတော့ လူတွေတရုန်းရုန်းနဲ့ ပျော်နေတော့တာပဲ၊ ကျုပ်မှာတော့ ရှင်နဲ့ရတဲ့ကလေးကို ဘယ်မှာမွေးရမှန်းမသိဘူး မွေးဖို့ဖွားဖို့ နေရာကလေးများ ကြည့်လုပ်ပေးပါဦး" လို့ အော်ပြောလိုက်တယ်။ လူတချို့က သူ့ပြောတာယုံပြီး သူ့ကို သနားကြတယ်။ မြတ်စွာဘုရားကိုလည်း ထင်ယောင်ထင်မှား ဖြစ်နေကြတယ်။ မြတ်စွာဘုရားကတော့ ထူးထူးထွေထွေ သိပ်မပြောတော့ဘဲ မေတ္တာကရုဏာပွားပြီးတော့ နေလိုက်တယ်။ အဲဒီတော့ သိကြားမင်းက နတ်သား တွေကို ဖြေရှင်းဖို့ လွှတ်လိုက်တယ်။ နတ်သားတွေက ကြွက်ယောင်ဖန်ဆင်းပြီးတော့ ပျဉ်ချပ်ချည်တဲ့ ကြိုးတွေကို တစ်ပြိုင်တည်း ကိုက်ဖြတ်လိုက်တော့ ပျဉ်ချပ်ပြုတ်ကျပြီး ခြေချောင်းကလေးတွေ ပြတ်ကုန်တာပေါ့။ ဒီတော့မှ သူ့အလိမ်တွေပေါ်ပြီး လူတွေက သူ့ကို မောင်းထုတ်လိုက်ကြတယ်။ အပြင်လည်းရောက်ရော အဝီစိငရဲကြီးက မီးတောက်ကြီးတက်လာပြီး သူ့ကို ရစ်ပတ်ယူသွားလို့ မြေမျိုပြီး ငရဲမှာ ခံနေရရှာတယ်။ မြတ်စွာဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကတော့ အရင်ကထက် ပိုပြီးတောင် တိုးတက်ပွားများလာသတဲ့။

http://www.dhammadownload.com




သစ္စက ပရိုဗ် အောင်ပွဲ

http://www.dhammadownload.com



# သစ္စကပရိဗိုဇ် အောင်ပွဲ

*ဝါဒချင်းပြိုင် နိုင်မလားလို့၊ ဘုရားကိုတဲ့ အန်တုလာ။*
*အယူတစ်ထောင် ဆောင်ကာမိုက်တဲ့၊ ပရိဗိုဇ်ကွဲ့ သစ္စကာ။*
*မိမိကိုယ်ဟာ 'အတ္တ' လားလို့၊ မြတ်စွာဘုရားက မေးတဲ့အခါ။*
*မသိတွေမှိုင် ဖြေနိုင်ဘဲမို့၊ ခွေယိုင်လဲလို့ ရှုံးရတာ။*
*တိတ္ထိအမျိုး မာန်စွယ်ကျိုး၊ ငုံ့လျှိုးနေရရှာ။*
*အဲ...ဒါက ဘဂဝါမြတ်လှ၊ ဆဋ္ဌအောင်စဉ်ပါ။*

ရှေး...တုန်းက ဝေသာလီပြည်မှာ အယူဝါဒ ၅၀၀ စီတတ်တဲ့ ပရိဗိုဇ် တစ်ယောက်နဲ့ ပရိဗိုဇ်မ တစ်ယောက် အယူဝါဒပြိုင်ကြတယ်။ အစွမ်းချင်းတူနေကြတော့ ဘယ်သူကမှ အနိုင်မရဘူး။ ဒါနဲ့ ဝေသာလီမင်းတွေက သူတို့နှစ်ယောက်ကို ပေးစားပြီးတော့ ထောက်ပင့်ထားကြတယ်။ သူတို့မှာ သမီးလေးယောက်နဲ့ သားတစ်ယောက် ဖွားမြင်တယ်။ သူတို့ဟာ အမိဘက်ကရော အဖဘက်ကရော ဝါဒ တစ်ထောင်စီ တတ်ကြတယ်။ အယူဝါဒတွေတတ်တဲ့အခါကျမှ သမီးလေးယောက်ကို "သမီးတို့ ဇမ္ဗူဒီပါ ကျွန်းမှာ လှည့်လျှောက်ပြီး ဝါဒပြိုင်ကြ၊ သမီးတို့ကိုနိုင်အောင်ပြောနိုင်တဲ့သူဟာ လူဖြစ်လျှင် သူ့ကို အလုပ်အကျွေးပြုကြ။ ရဟန်းဖြစ်လျှင် သူ့လက်အောက်မှာပဲ ရဟန်းပြုပြီး တရားအားထုတ်ကြ" လို့ မှာပြီး လွှတ်လိုက်တယ်။ သူတို့ လျှောက်ပြိုင်လိုက်ကြတာ သူတို့ကချည်း နိုင်တာပဲ။ နောက်ဆုံး အရှင်သာရိပုတြာနဲ့ ပြိုင်တော့မှ ရှုံးပြီး ရဟန်းပြု တရားအားထုတ်ကြတာနဲ့ ရဟန္တာဖြစ်ကုန်ရော။ အငယ်ဆုံးသားဖြစ်တဲ့ သစ္စက ကတော့ ဘယ်မှမသွားဘဲ လိစ္ဆဝီမင်းသားတွေကို ပညာသင်ပေးနေရတယ်။ တစ်နေ့တော့ လမ်းမှာ ရဟန်းတစ်ပါးကို တွေ့လို့ "ကိုယ်တော်တို့ဆရာ ဂေါတမဘုရားက ဘယ်လိုတရားများ ဟောသတုံး" လို့ မေးတယ်။ "ရုပ်နာမ်တရားတွေဟာ ဘယ်သူ့မှမပိုင်တဲ့ အနတ္တတရားဖြစ်တယ်လို့ ဟောပါတယ်" လို့ ပြန်ပြောတော့ "ဟာ ဘယ်ဟုတ်မလဲ ဂေါတမတော့ အယူအဆလွဲနေပြီ၊ ငါနဲ့သာ ဆိုင်ပြောရလျှင်တော့ ဂေါတမဟာ ချာချာလည် သွားမှာပဲ" ဆိုပြီး သူ့တပည့် မင်းသားတွေကို "လာကြဟေ့၊ ငါ ဂေါတမဘုရားနဲ့ ဝါဒ သွားပြိုင်မယ်" လို့ ပြောပြီး ဘုရားဆီကို သွားကြတယ်။ ဟိုကျတော့ သစ္စက က မေးတယ် –

"ဂေါတမဘုရား ဘယ်လိုတရားများ ဟောပါသလဲ"

"အို သစ္စက – ရုပ်နာမ်တရားတွေဟာ မစိုးမပိုင်တဲ့တရား အနတ္တတရားပဲလို့ ငါဟောတယ်"

"ဒါဟာ မဖြစ်နိုင်ဘူး။ လူတွေဟာ မြေကြီးပေါ်မှာ ရပ်တည်ပြီး အလုပ်လုပ်ကြသလို၊ ကိုယ်ပိုင်ဆိုင်တဲ့ အတ္တာပေါ်မှာ မှီပြီး ကောင်းမှု မကောင်းမှုကို လုပ်ကြရတာပဲ။ ပိုင်ဆိုင်တဲ့ အတ္တခန္ဓာကိုယ်မရှိလျှင် ဒီလိုလုပ်လို့ ဘယ်ရမလဲ"

http://www.dhammadownload.com



"ဒါဖြင့် သင်က သင့်ရဲ့ အတ္တခန္ဓာကိုယ်ကို ပိုင်တယ် အစိုးရတယ်လို့ ဆိုတာပေါ့"

"ဟုတ်တယ် ကျုပ် ဒီလိုပဲ ယူဆပါတယ်"

"ဒီလို သင့်ခန္ဓာကိုယ်ကို သင်ပိုင်တယ်ဆိုလျှင် မအိုအောင် မနာအောင် မသေအောင်လုပ်လို့ ရပါ့မလား"

အဲဒီလို ပြန်မေးလိုက်တော့ သစ္စက ပရဗိုဇ်ကြီးဟာ ကိုယ့်စကားနဲ့ကိုယ် မိနေပြီး မဖြေနိုင်ဘဲ ငေးမှိုင်နေတယ်။ မြတ်စွာဘုရားက ထပ်ပြီးမေးတော့လည်း မဖြေဘူး။ အဲဒီတော့မှ သိကြားမင်းက ဘီလူးကြီးယောင်ဆောင်ပြီး "ဖြေပါ မဖြေလျှင် သံတင်းပုတ်ကြီးနဲ့ ခေါင်းကို ရိုက်ခွဲလိုက်မယ်" လို့ ဆိုတော့မှ "ဟုတ်ပါတယ် ဟုတ်ပါတယ်၊ အတ္တမဟုတ်ပါဘူး၊ အနတ္တပါပဲ" လို့ ဝန်ခံရရှာတယ်။ အဲဒီတော့မှ ဒုမ္မုခ ဆိုတဲ့ မင်းသားတစ်ယောက်က ထပြီးပြောတယ် "လက်မအားကိုးတဲ့ ကဏန်းကြီးလို ဘုရားကို ပြိုင်ဖို့ လက်မထောင်ပြီးလာလိုက်တာ အခုတော့ လက်မအချိုးခံရတဲ့ ကဏန်းကြီးလို ကုပ်နေပြီ" တဲ့။ ဒီတော့ ပရဗိုဇ်ကြီးက "ဟေ့ ဒုမ္မုခ ငါမြတ်စွာဘုရားနဲ့ စကားပြောနေတာ မင်းဝင်မရှုပ်ပါနဲ့" ဆိုပြီး မြတ်စွာဘုရားနဲ့တကွ သံဃာတော်တွေကို ဆွမ်းစားပင့်တယ်။ သူ့တပည့်တွေကိုလည်း "တပည့်တို့ နက်ဖြန်ခါကျရင် မြတ်စွာဘုရားနဲ့တကွ သံဃာတော်တွေကို ဆွမ်းလုပ်ကျွေးရအောင် ဆွမ်းတစ်အုပ်စီ ယူခဲ့ကြပါ" လို့ ပြောပြီး ပြန်သွားရော။

http://www.dhammadownload.com



နန္ဒောပနန္ဒ နဂါးမင်း အောင်ပွဲ

http://www.dhammadownload.com



# နန္ဒောပနန္ဒ နဂါးမင်း အောင်ပွဲ

*နန္ဒောပနန် မျက်မာန်ကြွ၊ ခက်ထန်လှတဲ့ နဂါးဟာ။*
*မြင်းမိုရ်တောင်ကို ခွေပတ်ပြီးတော့၊ ကတ်သီးကတ်သတ်ရန်ပြုတာ။*
*ဘုရားသခင် မယှဉ်လောက်တော့၊ ရှင်မောဂ္ဂလာန်နဲ့ ပြိုင်စေရာ။*
*လက်ဝဲတော်ရဲ့ စျာန်ဂုဏ်တန်ခိုးနဲ့၊ မာန်ဟုန်ချိုးလို့ ဆုံးမတာ။*
*နတ်နဂါးမင်း ခြေတော်ရင်း၊ ဝပ်စင်းခယလာ။*
*အဲ...ဒါက ဘဂဝါမြတ်လှ၊ သတ္တမအောင်စဉ်ပါ။*

ရှေးတုန်းက နန္ဒောပနန္ဒ လို့ဆိုတဲ့ နဂါးကြီးဟာ အကြီးအကျယ် ပျော်ပွဲစားဖို့ စီမံနေတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက သူ့ကို ချွတ်ရအောင် နောက်ပါရဟန်း ၅၀၀ နဲ့အတူ သူတို့ရဲ့ ခေါင်းပေါ်က ဖြတ်ပြီးတော့ တာဝတိံသာနတ်ပြည်ဘက်ကို ကြွတော်မူတယ်။ အဲဒါကို မြင်တော့ နဂါးကြီးက ဒေါသ ထွက်ပြီး "ဒီရဟန်းတွေဟာ တို့ခေါင်းပေါ်က ဖြတ်ဖြတ်ပြီး တာဝတိံသာကို ဝင်လိုက် ထွက်လိုက် လုပ်နေကြတယ်၊ တာဝတိံသာကို မမြင်ရအောင် ငါလုပ်ထားမယ်" လို့ ဆိုပြီး ကိုယ်ကို အကြီးကြီး ဖန်ဆင်းပြီးတော့ မြင်းမိုရ်တောင်ကို ၇ ပတ် ပတ်ကာ တောင်ထိပ်ကို ပါးပျဉ်းကြီးနဲ့ အုပ်ထားလိုက်တယ်။ အဲဒီတော့ ရဟန်းတွေက "မြတ်စွာဘုရား– တပည့်တော်တို့ဟာ ခါတိုင်း ဒီနေရာကိုရောက်လျှင် မြင်းမိုရ် တောင်ကို မြင်ကြရပါတယ်၊ အခု ဘာဖြစ်လို့ မမြင်ပါသလဲဘုရား" လို့ လျှောက်ကြတယ်။ မြတ်စွာဘုရားက "ချစ်သားတို့ နန္ဒောပနန္ဒ နဂါးကြီးဟာ တို့ကို စိတ်ဆိုးပြီး မြင်းမိုရ်တောင်ကို ရစ်ပတ် ဖုံးကွယ်ထားတယ်။ ဒါကြောင့် မမြင်ရတာ" လို့ မိန့်တော်မူတယ်။ ရဟန္တာတွေက "နဂါးကြီးကို တပည့်တော်တို့ ဆုံးမပါ့မယ် ဘုရား" လို့ လျှောက်ထားပေမယ့် ခွင့်ပြုတော်မမူဘူး။ လက်ဝဲတော်ရံဖြစ်တဲ့ အရှင်မဟာမောဂ္ဂလာန်ကိုသာ ခွင့်ပြုတော်မူတယ်။ အရှင်မောဂ္ဂလာန်က နဂါးကြီးထက် ကြီးတဲ့ကိုယ် ဖန်ဆင်းပြီးတော့ နဂါးကြီးအပေါ်က ထပ်ပြီး ၁၄ ပတ် ပတ်ပြီး ညှစ်ထားလိုက်တယ်။ နဂါးကြီးက အခိုးတွေ အလျှံတွေ လွှတ်ပေမယ့် ရှင်မောဂ္ဂလာန်ကို မထိဘူး။ ရှင်မောဂ္ဂလာန်က လွှတ်တဲ့ အခိုးအလျှံတွေက နဂါးကြီးကို ထိတယ်။ ဒီတော့မှ နဂါးကြီးက "ဟေ့ အပြင်ကပတ်ထားတာ ဘယ်သူလဲ" လို့ မေးတော့ "ငါဟာ ရဟန်းတော် မောဂ္ဂလာန်ပဲ" လို့ ပြောတယ်။ "ဒါဖြင့်ရင် ရဟန်းပုံစံ ဖန်ဆင်းပြပါ" လို့ ဆိုတော့ ရဟန်းယောင် ပြန်ဖန်ဆင်းပြီး နဂါးကြီးရဲ့ ဒီဘက်နားကဝင် ဟိုဘက်နားကထွက်၊ ဒီဘက် နှာခေါင်းကဝင် ဟိုဘက် နှာခေါင်းကထွက်နဲ့ လုပ်နေလိုက်တယ်။ နဂါးကြီး ပါးစပ်ဟာတော့ ပါးစပ်ကဝင်ပြီး ဗိုက်ထဲမှာ လမ်းလျှောက် နေလိုက်တယ်။ နဂါးကြီးက "ဝင်တုန်းက မသိလိုက်ဘူး၊ ထွက်လာလျှင်တော့ ဝါးပစ်လိုက်မယ်" လို့

http://www.dhammadownload.com


ကြဲပြီး "ထွက်ပါဦး" လို့ ပြောသတဲ့။ ရှင်မောဂ္ဂလာန်လည်း ထွက်လာရော "ရှူးရှူး" ဆို အဆိပ်တွေ မှုတ်လိုက်တာ သာမညပုဂ္ဂိုလ်ဆိုလျှင် ပြာဖြစ်သွားမှာပဲ။ ရှင်မောဂ္ဂလာန်က စျာန်ဝင်စားပြီး နေလိုက်တော့ ဘာမှမဖြစ်ဘူး။ နောက် ရှင်မောဂ္ဂလာန်က ဂဠုန်ကြီးယောင် ဖန်ဆင်းပြီး နဂါးကြီးကိုလိုက်တော့မှ နဂါးကြီးက ကြောက်ပြီး "တပည့်တော် ကြောက်ပါပြီ၊ အရှင်ဘုရားကို ကိုးကွယ်ပါ့မယ်" လို့ ပြောတယ်။ ဒီတော့မှ "လာခဲ့ ငါ့ဆရာ မြတ်စွာဘုရားဆီကို သွားမယ်" လို့ ဆိုပြီး မြတ်စွာဘုရားဆီ ခေါ်သွားတော့မှ မြတ်စွာဘုရားကို ရှိခိုးပူဇော်တယ်။ မြတ်စွာဘုရားက "နဂါးမင်း ချမ်းသာပါစေ" လို့ ဆုပေးပြီး ပြန်ကြွလာကြရော။

■

http://www.dhammadownload.com



ဗကဗြဟ္မာ အောင်ပွဲ

http://www.dhammadownload.com


# ဗကပြဟ္မာ အောင်ပွဲ

*ဗကဆိုသူ မှုတစ်မျိုးနဲ့၊ အယူဆိုးတဲ့ မိုးဗြဟ္မာ။*
*အနိစ္စကို နိစ္စပဲလို့၊ စိတ်ကစွဲလို့ လွဲခဲ့တာ။*
*တို့ဘုရားရှင် လျင်စွာကြွလို့၊ ထင်စွာပြတော့ မြတ်ဓမ္မာ။*
*တန်ခိုးချင်းတောင် တူသလားလို့၊ လူဘုရားက ပြတဲ့ခါ။*
*မိုးဗြဟ္မာကြီး မာန်ကွာပြီး၊ ရှုံးကြီးရှုံးရရှာ။*
*အဲ...ဒါက ဘဂဝါမြတ်လှ၊ အဋ္ဌမအောင်စဉ်ပါ။*

တစ်ခါတုန်းက မြတ်စွာဘုရားဟာ ဥက္ကဋ္ဌမြို့မှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီအချိန်မှာ ဗက ဗြဟ္မာကြီးမှာ "ငါတို့ရဲ့ ဘုံဘဝဟာ မြဲတယ်၊ အိုခြင်း နာခြင်း သေခြင်း မရှိဘူး။ အကောင်းဆုံးပဲ" လို့ ဆိုတဲ့ အယူမှား ဖေါ်ပေါက်နေတယ်။ မြတ်စွာဘုရားက အယူမှားပြီး အထင်ကြီးနေတဲ့ ဗြဟ္မာကြီးရဲ့စိတ်ကို သိတော့ ဥက္ကဋ္ဌမြို့မှာ ကိုယ်ရောင်ဖျောက်ပြီး ဘွားခနဲ ဗြဟ္မာ့ပြည်မှာ သွားပေါ်တယ်။ ဗကဗြဟ္မာကြီးက မြင်တော့ "အဆွေတော် ဂေါတမ လာပါ၊ အဆွေလာတာ အင်မတန်ကောင်းပါတယ်။ ကျွန်ုပ်တို့ရဲ့ ဗြဟ္မာ့ဘုံဘဝဟာ မြဲတယ်၊ အိုခြင်း နာခြင်း သေခြင်းလည်း မရှိဘူး။ အကောင်းဆုံးပဲ" လို့ ဆီးပြောလိုက်တယ်။ ဒီတော့ မြတ်စွာဘုရားက "အချင်း ဗကဗြဟ္မာ သင်ဟာ အင်မတန် မိုက်မဲတာပဲ။ မမြဲဘဲနဲ့လည်း မြဲတယ်လို့ ပြောနေတယ်။ ဒီဗြဟ္မာဘုံဘဝထက် ကောင်းတာတွေရှိရက်သားနဲ့ ဒီဘုံဘဝကို အကောင်းဆုံးလို့ ပြောနေပါကလား" လို့ မိန့်တော်မူတယ်။ ဒီတော့ မာရ်နတ်က ဗြဟ္မာတစ်ယောက်ကို ဝင်ပူးပြီးတော့ "အို ရဟန်း၊ ဗြဟ္မာမင်းကြီးကို မကဲ့ရဲ့ မထိခိုက်ပါနဲ့၊ ကဲ့ရဲ့ထိခိုက်တဲ့သူဟာ နောင်ဘဝမှာ ယုတ်ညံ့တဲ့ ဘုံဘဝကို ရောက်ပါလိမ့်မယ်" လို့ ပြောတယ်။ မြတ်စွာဘုရားက မာရ်နတ်ကို "ဟယ် မာရ်နတ် သင့်ကို ငါမသိဘူးလို့ မထင်ပါနဲ့၊ သင့်နယ်ပယ်က မလွတ်သေးတဲ့လူတွေကိုသာ သင်ပြောလို့ရမယ်။ ငါဘုရားမှုကား သင့်နယ်ပယ်က လွတ်ပြီးပြီ" လို့ ပြန်ပြောလိုက်တယ်။ ပြီးတော့ "ငါသည် ဒီဗြဟ္မာကိုလည်း သိတယ်၊ သူ့ရဲ့တန်ခိုးသတ္တိကိုလည်း သိတယ်၊ သူ့ထက်သာတဲ့ ဗြဟ္မာတွေကိုလည်း ငါသိမြင်တယ်။ ဒါကြောင့် ငါက ပိုမြတ်တယ်" လို့ ဆက်ပြီး မိန့်တော်မူလိုက်တော့ ဗကဗြဟ္မာကြီးက "အဆွေဂေါတမ ကျွန်ုပ်ရဲ့တန်ခိုးကို သိချင်လျှင် ကြည့်နေပါ သင်မမြင်အောင် ကိုယ်ရောင်ဖျောက်လိုက်မယ်" လို့ ဆိုတယ်။ မြတ်စွာဘုရားက "ကဲ ဖျောက်နိုင်လျှင် ဖျောက်ကြည့်စမ်း" လို့ ပြောတော့ "ကိုယ်ရောင်ဖျောက်လိုက်မယ် ဖျောက်လိုက်မယ်" ပြောနေပေမယ့် ကိုယ်ရောင်ဖျောက်မရဘူး။ ဒီတော့ မြတ်စွာဘုရားက "ကဲ ဗကဗြဟ္မာကြီး ဒီမှာကြည့် ငါဘုရား ကိုယ်ရောင်ဖျောက်လိုက်မယ်" လို့ ပြောပြီး ဖျောက်လိုက်တာ ပျောက်သွားရော။

http://www.dhammadownload.com



ဗြဟ္မာကြီးတွေ မမြင်ကြရတော့ဘူး။ အဲဒီတော့မှ မြတ်စွာဘုရားက "ငါ့အသံကိုသာ ကြားစေ" လို့ အဓိဋ္ဌာန်ပြုပြီးတော့ –

**"ဘုံဘဝ ဆိုတာ ဘေးရန်ပဲ၊ ဘယ်ဘဝမှ ငါမစွဲ"** လို့ ဟောလိုက်တယ်။ အဲဒီတော့မှ ဗြဟ္မာကြီးတွေက "တော်တော် တန်ခိုးကြီးတဲ့ ဂေါတမ မြတ်စွာဘုရားပါကလား" လို့ အံ့သြချီးမွမ်းကြသတဲ့။

*ဗုဒ္ဓဘာသာယဉ်ကျေးမှု ရှုဖွယ် (၃၀ – ၄၈)*

# အောင်ပွဲရအချိန်များ

၁။ ဘုရားဖြစ်မည့်နေ့ နေမဝင်မီတွင် မာရ်နတ်ကို အောင်တော်မူသည်။

၂။ ပဥ္စမဝါတွင် ဝေသာလီပြည်၌ သစ္စကပရိဗိုဇ်ကို အောင်တော်မူသည်။

၃ – ၄။ ကောဒသမဝါတွင် နန္ဒောပနန္ဒနဂါးမင်းနှင့် ဗကဗြဟ္မာကို အောင်တော်မူသည်။

၅ – ၆။ စုဒ္ဒသမဝါတွင် အင်္ဂုလိမာလနှင့် စိဥ္စမာဏကို အောင်တော်မူသည်။

၇။ သောဠသမဝါတွင် အာဠဝီပြည်၌ အာဠာဝကဘီလူးကြီးကို အောင်တော်မူသည်။

၈။ ဝီသတိမဝါတွင် ရာဇဂြိုဟ်ပြည်၌ နာဠာဂီရိဆင်ကြီးကို အောင်တော်မူသည်။

*အပိုင်း (၄) အောင်မြင်ရေးကဏ္ဍ ပြီး၏။*
*ယဉ်ကျေးလိမ္မာ ပထမဆင့် ပြီးပြီ။*

■

http://www.dhammadownload.com



# အောင်စေကဗျာ

❁ လူ့နတ်ပြဟ္မာ တစ်စုံတစ်ယောက်မှ
မထောက်ကူဘဲ မြတ်ဗိုဒ်နေ။
ပါရမီမေတ္တာ စွမ်းအင်အားနှ
အောင်ခြင်းရှစ်ပါး ကျော်ကြားပေ။
အောင်ကြပါစေ အောင်နိမိတ်နဲ့
အောင်ဟိတ်အောင်နည်း အထွေထွေ။
အောင်ဆုပိုင်ရှင် တို့ဘုရားက
တို့ကိုသနား ပေးခဲ့သလေ။
မောင်မယ်တို့တွေ နည်းယူသုံးလို့
အောင်ပန်း ပြုံးပန်း တဝေဝေ။
အောင်ကြပါစေ အောင်ကြစေ
အောင်စေ ... အောင်စေ။ (၃ ခေါက်ဆို)

အရှင်ခေမာစာရ
(မန်းရေတံခွန်)